# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃ ရက်၊ အင်္ဂါနေ့ အတွဲ (၆၄)၊ အမှတ် (၀၆၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ အုပ်စုပွဲစဉ်များ စတင်ယှဉ်ပြိုင် ဘော်လီဘော၊ ဖူဆယ်နှင့် ဘောလုံးပြိုင်ပွဲများ အကြိတ်အနယ် ယှဉ်ပြိုင်ကစား

နေပြည်တော် ဒီဇင်ဘာ ၂

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် အားကစားပြိုင်ပွဲ အုပ်စုပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်ထားသော အားကစားကွင်း/ရုံများ၌ ယှဉ်ပြိုင်ကစားကြသည်။

ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် အားကစားပြိုင်ပွဲများဖြစ်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၀) နှစ်အောက် ဘော်လီဘောပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(B)ရုံ၌ ကျင်းပရာ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ကယားပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက


*စာမျက်နှာ ၅ ကော်လံ ၁* ◆





၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၂၀) နှစ်အောက် ဘော်လီဘောပြိုင်ပွဲ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားစဉ်။

**ယနေ့** *ဖတ်စရာ*



**တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးမှသည် နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေးနှင့် လူငယ်လူရွယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အလေးထားဖော်ဆောင်ရေးသို့**


ဆောင်းပါး စာ ၁၀





**MSME လုပ်ငန်းများ ဖွံ့ဖြိုးဖို့ တရားမဝင် တင်သွင်းမှုများ စုပေါင်းကာကွယ်စို့**


ဆောင်းပါး စာ ၁၆

မြန်မာ့အလင်း

# အောင်ပွဲခံမည့် အားမာန်အပြည့်ဖြင့် အရှုံးမပေးစတမ်း ကြိုးပမ်းယှဉ်ပြိုင်

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားနည်းများအလိုက် ပြိုင်ပွဲများ ဒီဇင်ဘာ ၂ ရက်တွင် စတင်ယှဉ်ပြိုင်ကြပြီဖြစ်သည်။ အဖွင့်ပွဲစဉ်များသည် မြန်မာလူမျိုးတို့ အနှစ်သက်ဆုံး အားကစားနည်းများဖြစ်သည့် ဘောလုံး၊ ဘော်လီဘော၊ ဖူဆယ် ပြိုင်ပွဲများဖြစ်ပြီး မြိုင်မြိုင်ဆိုင်ဆိုင် အကြိတ်အနယ် ယှဉ်ပြိုင်သည့် ပွဲများလည်းဖြစ်သည်။ ဘောလုံးနှင့် ဘော်လီဘောတို့သည် တစ်ခေတ်တစ်ခါက မြန်မာအသင်းများ အောင်မြင်မှုမြင့်မြင့်မားမားရရှိခဲ့ဖူးသည့် အားကစားနည်းများဖြစ်ရာ အမျိုးသားအားကစားပွဲတော်မှ မျိုးဆက်သစ်များ ပေါ်ထွက်လာရန် မျှော်လင့်ကြရမည်ဖြစ်သည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်၊ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်အောင်မြင်မှု ရရှိစေရန်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အဆင့်မီအားကစားသမားများနှင့် အလားအလာရှိသော လူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ဝန်ကြီးဌာနများအကြား အချင်းချင်းချစ်ကြည်ရင်းနှီးမှုရရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်စေရန်၊ ပြည်သူတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ပါဝင်စားလာပြီး အားကစားလှုပ်ရှားမှုများတွင် ပါဝင်လာစေရန်ဟူသော ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ရာ အဆိုပါရည်ရွယ်ချက်များ ပြည့်မြောက်အောင်မြင်နိုင်မှသာ ငွေကြေးမြောက်မြားစွာ ကုန်ကျခံ ကျင်းပရကျိုးနပ်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနအဆင့်၌ အားကစားသမား ၅၂၀၀ ကျော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်တွင် အားကစားသမား ၆၆၀၀ ကျော်၊ မသန်စွမ်းအားကစားသမား ၁၄၀ ကျော် စုစုပေါင်း အားကစားသမား ၁၂၀၀၀ ခန့် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၉ ရက်တွင် လည်းကောင်း၊ ပိတ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက်တွင်လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းမီဒီယာများတွင် တွေ့မြင်သိရှိကြရပြီးဖြစ်သည်။ ပြောင်းလဲတိုးတက်လာသည့် ခေတ်အလျောက် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်၏ ဖွင့်ပွဲပိတ်ပွဲ အခမ်းအနားများမှာ ပိုမို၍ ခေတ်မီခမ်းနားထည်ဝါလှပပြီး ရှင်လန်းတက်ကြွသည့် အားမာန်ကို ပိုမို၍ ဖော်ကျူးနိုင်မည်ဖြစ်သည်။

ထို့အပြင် ယခုနှစ်ဆန်းပိုင်းက ကျင်းပခဲ့သော “၂၀၂၃ ခုနှစ်အတွင်း အာရှအဆင့်နှင့် ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်သည့်အခမ်းအနား” တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဝန်ကြီးဌာနအသီးသီးနှင့် ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များအနေဖြင့် ဝန်ကြီးဌာနများနှင့် ပြည်နယ်၊ တိုင်းဒေသကြီးကိုယ်စားပြုအသင်းများကို ၂၀၂၄ ခုနှစ် အမျိုးသားအားကစားပွဲတော်ကြီးတွင် အဆင့်မီမီ အင်ပြည့်အားပြည့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး ၂၀၂၅ ခုနှစ် ထိုင်းနိုင်ငံတွင် ကျင်းပမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် ၂၀၂၆ ခုနှစ် ဂျပန်နိုင်ငံတွင်ကျင်းပမည့် အကြိမ် (၂၀) မြောက် အာရှအားကစားပြိုင်ပွဲများတွင် မြန်မာနိုင်ငံက ယှဉ်ပြိုင်နိုင်မည့် အားကစားနည်း အရေအတွက်သာမက အားကစားသမား အရေအတွက်ပါ အဆင့်မီမီ တိုးမြှင့်ယှဉ်ပြိုင်နိုင်ရန်နှင့် ပိုမိုအောင်မြင်မှုရရှိစေရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်များနှင့်ပူးပေါင်းပြီး လူရွေးချယ်ရေးစီမံချက်၊ လေ့ကျင့်ရေးစီမံချက်၊ အောင်နိုင်ရေးစီမံချက်များကို စနစ်တကျရေးဆွဲ၊ ကြိုတင်ပြင်ဆင်၊ စီမံဆောင်ရွက်သွားကြရန်လည်း တိုက်တွန်းမှာကြားခဲ့သည်။

သို့ဖြစ်ရာ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သည် လာမည့်နှစ်များတွင် ထိုင်းနိုင်ငံနှင့် ဂျပန်နိုင်ငံတို့တွင် ကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အာရှအားကစားပြိုင်ပွဲတို့အတွက် ကြိုတင်ပြင်ဆင်သည့်ပွဲပင်ဖြစ်ပြီး စံချိန်ရလဒ်ကောင်းများဖြင့် အောင်ပွဲကို ဆွတ်ခူးနိုင်မည့် အားကစားသမားများမှာ နိုင်ငံတကာပြိုင်ပွဲများဆီသို့ ဆက်လက်တက်လှမ်းသွားနိုင်မည့် အခွင့်အလမ်းများရှိနေသည်။ တစ်နည်းအားဖြင့် အမျိုးသားအားကစားပွဲတော်သည် အရှေ့တောင်အာရှ၊ အာရှနှင့် ကမ္ဘာ့ပြိုင်ပွဲများဆီသို့ ရွှေရောင်လမ်းခရီး၏ အစပင်ဖြစ်ရာ အားကစားသမားတိုင်း၊ အားကစားအသင်းအဖွဲ့တိုင်းက အောင်ပွဲခံမည့် အားမာန်အပြည့်ဖြင့် အရှုံးမပေးစတမ်း ကြိုးပမ်းယှဉ်ပြိုင်ကြရပါမည့်အကြောင်း။ ။

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် ဒီဇင်ဘာ ၂

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

မိုး/ဇလ

## ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ [ Unity and Development Party (UADP) ] ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၈ / ၂၀၂၄ )
၁၃၈၆ ခုနှစ် ၊ နတ်တော်လဆန်း ၂ ရက်
( ၂၀၂၄ ခုနှစ် ၊ ဒီဇင်ဘာလ ၂ ရက် )

**ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ [ Unity and Development Party (UADP) ] ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ACE အိမ်ရာ၊ စိန်ပန်းလမ်း၊ ခြံအမှတ်(၂၆) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ [ Unity and Development Party (UADP) ]** ကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ [ Unity and Development Party (UADP) ]** ၏ မှတ်ပုံတင်အမှတ်မှာ ( ၅၅ ) ဖြစ်ပါသည်။

( ပုံ ) ကိုကို
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## တရားမ အထူးအယူခံမှု (၅)မှု ကို စီရင်ချက်ချမှတ်ပြီး တရားမ အထူးအယူခံမှု (၅)မှုကို ရုံးထိုင်ကြားနာ

နေပြည်တော် ဒီဇင်ဘာ ၂

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသည့် ဦးခင်မောင်ကြီး၊ ဒေါ်သင်းသင်းနွဲ့၊ ဒေါ်ပြုံးပြုံးအေး၊ ဒေါက်တာကိုကိုနိုင်တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမ အထူးအယူခံမှု အမှတ် ၁၉/၂၀၂၄ (ရန်ကုန်)၊ ၄၁/၂၀၂၄ (ဧရာဝတီ)၊ ၄၅/၂၀၂၄ (ရန်ကုန်)၊ ၄၆/၂၀၂၄ (ရန်ကုန်)၊ ၇၁/၂၀၂၄ (ဧရာဝတီ) စုစုပေါင်း တရားမ အထူးအယူခံမှု (၅)မှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမ အထူးအယူခံမှုအမှတ် ၅၉/၂၀၂၄ (ရန်ကုန်)၊ ၆၀/၂၀၂၄ (ရန်ကုန်)၊ ၆၁/၂၀၂၄ (ရန်ကုန်)၊ ၆၈/၂၀၂၄ (ရန်ကုန်)၊ ၇၂/၂၀၂၄(မွန်) စုစုပေါင်း တရားမ အထူးအယူခံမှု (၅)မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်း ကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## “Kaiser” လိပ်ပြာပုံ (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုး ရောင်းချပေးမည်

နေပြည်တော် ဒီဇင်ဘာ ၂

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ၌ တွေ့ရှိရသော လိပ်ပြာမျိုးစိတ်အဖြစ် မှတ်တမ်းတင်သဘောထားမှတ်ချက်ပြုထားသည့် “Kaiser”** လိပ်ပြာပုံ (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုးအား **၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၆ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက် (သောကြာနေ့) နံနက် ၉ နာရီ** ခွဲမှစတင်၍ နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး / ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် **၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၆ ရက်(သောကြာနေ့)**တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသား တံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်သည်။

သတင်းစဉ်




မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | စိုးစိုးနိုင် | သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းမှူး | - | မြင့်စိုး | အကြီးတန်း | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - | ဝင်းကျော်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | | |
| စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဝမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဝမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း(အမျိုးသား)ဘောလုံးပြိုင်ပွဲ ကြည့်ရှုအားပေးပြီး အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ/ပိတ်ပွဲအခမ်းအနားအစီအစဉ်အလိုက် အကြိုပြင်ဆင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂**

ယနေ့တွင် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် အားကစားနည်းများ အလိုက် ပြိုင်ပွဲများကို သက်ဆိုင်ရာ အားကစားရုံနှင့် အားကစားကွင်းများ၌ စတင်ယှဉ်ပြိုင်လျက်ရှိရာ ဝန်ကြီးဌာနအဆင့် အလွတ်တန်း ဘောလုံးပြိုင်ပွဲကို ပျဉ်းမနား မြို့နယ်ရှိ ပြည်သူ့ပေါင်းလောင်း အားကစားကွင်း၌လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့်U –21 အမျိုးသားဘောလုံး ပြိုင်ပွဲကို လေ့ကျင့်ရေးကွင်းအမှတ် (၃)၊ (၄) တို့တွင်လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့် U–25 အမျိုးသမီးဘောလုံး ပြိုင်ပွဲကို ဘောဂဝတီကွင်းနှင့် လယ်ဝေးမြို့နယ် ကွင်းတို့တွင် လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် (အမျိုးသား/အမျိုးသမီး) ဖူဆယ်ပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိဖူဆယ်ရုံ၌လည်းကောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား/အမျိုးသမီး ဘော်လီဘော ပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B)ရုံ၌လည်းကောင်း အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အဖွဲ့ဝင်များ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း (အမျိုးသား) ဘောလုံးပြိုင်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း (အမျိုးသား) ဘောလုံးပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ ပြည်သူ့ ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီး ဌာနအသင်းနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

**လာရောက်အားပေးကြည့်ရှု**

အဆိုပါပြိုင်ပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်း၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ၊ ဝန်ကြီး ဌာနများမှ ဝန်ထမ်းမိသားစုများ၊ အားကစားဝါသနာရှင်များ လာရောက်အားပေး ကြည့်ရှုကြသည်။

ယနေ့သည် ဝန်ကြီးဌာန ပေါင်းစုံ အလွတ်တန်းဘောလုံး ပြိုင်ပွဲ၏ အဖွင့်ပွဲစဉ်ဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြပြီး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို နှစ်ဂိုး – တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

**ထောက်ပံ့ငွေများပေးအပ်**

ပြိုင်ပွဲအပြီးတွင် ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းက ဝန်ကြီးဌာန ကိုယ်စားပြုအုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများအား ရင်းရင်းနှီးနှီးအားပေး စကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

ညနေပိုင်းတွင် ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဒေါ်နုမြဖိနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ပဉ္စမအကြိမ် အမျိုးသားအားကစား ပွဲတော် ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနားများ ကျင်းပမည့် ဝဏ္ဏသိဒ္ဓိဘောလုံး အားကစားကွင်း၌ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်မှကျောင်းသား ကျောင်းသူများက ခေတ်(၆)ခေတ် ယိမ်းအကဖြင့် လေ့ကျင့်နေမှု၊ မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံးနှင့် မြန်မာနိုင်ငံသဘင် အစည်းအရုံးတို့မှ ဖျော်ဖြေရေး အဖွဲ့များက သက်ဆိုင်ရာဖျော်ဖြေရေး အစီအစဉ်များအလိုက် လေ့ကျင့်ဆောင်ရွက်နေမှု၊ Light–ing System ၊ LED ၊ အသံစနစ်နှင့် မီးစနစ်များ ကြိုတင်စမ်းသပ်နေမှု တို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**သတင်းစဉ်**



## ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်သို့ သွားရောက်ယှဉ်ပြိုင်မည့် ပြေးခုန်ပစ်အားကစားသမားများ စခန်းသွင်းလေ့ကျင့်နေမှု ကြည့်ရှုအားပေး

**ရန်ကုန် ဒီဇင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ပဉ္စမအကြိမ်မြောက် အမျိုးသား အားကစားပွဲတော်သို့ သွားရောက်ယှဉ်ပြိုင်မည့် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု ပြေးခုန်ပစ် အားကစားသမားများကို အားကစားနည်းအလိုက် နည်းပြများဖြင့် စနစ်တကျ စခန်းသွင်း လေ့ကျင့်နေမှုကို တာမွေမြို့နယ်ရှိ အမျိုးသားအားကစားနှင့် ကာယသိပ္ပံ(ရန်ကုန်)၌ သွားရောက် ကြည့်ရှုအားပေးပြီး အားကစားသမားများ အာဟာရပြည့်ဝစွာ လေ့ကျင့်နိုင်ရေးအတွက် ကြက်ဥများ ထောက်ပံ့ပေးအပ်သည်။

နေပြည်တော်၌ ကျင်းပမည့် ပဉ္စမအကြိမ်မြောက် အမျိုးသား အားကစားပွဲတော်သို့ ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု ပြေးခုန်ပစ်အားကစားသမား ၁၉ ဦးဖြင့် အားကစားနည်း ၁၉ မျိုး သွားရောက် ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများထံ အောင်နိုင်ရေးအလံ ပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၂**

ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများထံ အောင်နိုင်ရေးအလံ ပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းက ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အုပ်ချုပ်သူနည်းပြများ၊ အားကစားသမားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အားကစားနည်းအလိုက် လေ့ကျင့်မှုနှင့် စိတ်ဓာတ်ခံယူချက်မြင့်မားရေး၊ အကောင်းဆုံးသည့်ပထမ ဆောင်ပုဒ်အတိုင်း အားကစားအောင်နိုင်ရေး၊ အားကစားဖြင့် ဝန်ကြီးဌာန၏ဂုဏ် မြှင့်တင်ပေးကြရေး၊ ထိုမှတစ်ဆင့် နိုင်ငံ့ဂုဏ်မြှင့်တင်နိုင်သည်အထိ ကြိုးစားကြရန် မှာကြားသည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးက အားကစားနည်းများအလိုက် အောင်နိုင်ရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ထားရှိမှုနှင့် ကြိုတင်ပြင်ဆင်ထားမှုများကို ဖြည့်စွက်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အားကစားအသင်းများ၏ အဖွဲ့ခေါင်းဆောင်များကို အောင်နိုင်ရေးအလံပေးအပ်ရာ အားကစားနည်းအလိုက် အသင်းခေါင်းဆောင်များက လက်ခံရယူကြသည်။ **(ယာပုံ)**

ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်၊ ဂေါက်သီးရိုက် စသည့်အားကစားနည်းများတွင် အားကစားအဖွဲ့ဝင် ၁၀၀ ဖြင့် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အဆိုပါအားကစားသမားများ၏ လေ့ကျင့်နေမှုများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




# ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းအမျိုးသားဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်နေမှု ကြည့်ရှုအားပေး

**နေပြည်တော် ဒီဇင်ဘာ ၂**

၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု (က) အုပ်စုပတ်လည် ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ကိုယ်စားပြုအသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ကိုယ်စားပြုအသင်းတို့ ဇမ္ဗူသီရိမြို့နယ်ရှိ ရွှေကြာပင် အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြသည်။





အဆိုပါပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းနှင့် ဇနီး၊ ဒုတိယဝန်ကြီး ဦးအေးကျော်နှင့်ဇနီး ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာန၊ လုပ်ငန်းများမှ တာဝန်ရှိသူများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနအကြီးအကဲများ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အရာထမ်း/အမှုထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင်များ တစ်ခဲနက် တက်ရောက်ကြည့်ရှုအားပေးကြသည်။ **(အောက်ဝဲပုံ)**

အုပ်စု (က) အဖွင့်ပွဲစဉ်အဖြစ် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအသင်းနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြပြီး ကျန်အုပ်စုပွဲစဉ်များအဖြစ် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းသည် ဒီဇင်ဘာ ၄ ရက်တွင် ပြန်ကြားရေးဝန်ကြီးဌာနအသင်း၊ ဒီဇင်ဘာ ၇ ရက်တွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ဒီဇင်ဘာ ၁၀ ရက်တွင် စွမ်းအင်ဝန်ကြီးဌာနအသင်းတို့နှင့် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ဆောက်လုပ်ရေးဝန်ကြီးဌာန အားကစားအဖွဲ့ကို အောင်နိုင်ရေးအလံအပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၂**

၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ကိုယ်စားပြု အားကစားသမားများအား အောင်နိုင်ရေးအလံ အပ်နှင်းခြင်းအခမ်းအနားကို ယနေ့တွင် နေပြည်တော် ဆောက်လုပ်ရေး ဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဒုတိယဝန်ကြီး ဦးဝင်းဖေနှင့် တာဝန်ရှိသူများ၊ အားကစားနည်းအလိုက် အုပ်ချုပ်သူများ၊ နည်းပြများ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် တိုင်းဒေသကြီး၊ ပြည်နယ်များအပါအဝင် ဝန်ကြီးဌာနပေါင်းစုံမှ အားကစားသမားများစွာ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် အားကစားနည်းခြောက်မျိုး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ အားကစားသမားများအနေဖြင့်လည်း အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် ကြိုးပမ်းယှဉ်ပြိုင် စေလိုပါကြောင်း၊ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုများ ရရှိခြင်းသည် ဝန်ကြီးဌာန၏ဂုဏ်ကို မြှင့်တင်ပေးရုံသာမက နိုင်ငံ၏အားကစားကဏ္ဍ မြှင့်တင်ရာရောက်ပါကြောင်း။

အမျိုးသားအားကစားပွဲတော်သည် တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်စေရန်၊ ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်နိုင်ရန်၊ နိုင်ငံသားအားလုံး စည်းလုံးညီညွတ်မှုရှိစေရန်နှင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည့်အတွက် ကြံ့တောင့်ကြံ့ခံ အခွင့်အရေးတစ်ခုကို လက်ဆုပ်လက်ကိုင်ပြု၍ ခွဲ၊ လုံ့လ၊ ဝီရိယ အပြည့်ဖြင့် ကြိုးစားယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆောက်လုပ်ရေးဝန်ကြီးဌာနကိုယ်စားပြု အားကစားအသင်းများ အောင်ပွဲဆင်နိုင်ရေးအတွက် အောင်နိုင်ရေးအလံကို အပ်နှင်းပေးအပ်ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန အားကစားအောင်နိုင်ရေးအဖွဲ့ခေါင်းဆောင် တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချိုနှင့် အားကစားသမားများက လက်ခံရယူသည်။

ပဥ္စမအကြိမ် အမျိုးသားအားကစား ပွဲတော်တွင် ဆောက်လုပ်ရေး ဝန်ကြီးဌာနကိုယ်စားပြုအသင်းများမှ အုပ်ချုပ်သူများအပါအဝင် အားကစားသမား ၁၃၀ ဖြင့် ဘော်လီဘော၊ ဘောလုံး၊ ဖူဆယ်၊ ဂေါက်သီးရိုက် (အလွတ်တန်း)၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ် စသည့်အားကစားနည်းခြောက်မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**မြန်မာ့ပင်လယ်ပြင် အခြေအနေ**

**နေပြည်တော် ဒီဇင်ဘာ ၂**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မိုး/ဇလ



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၀) နှစ်အောက် ဘော်လီဘောပြိုင်ပွဲ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ကယားပြည်နယ်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားစဉ်။




၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၀) နှစ်အောက် ဘော်လီဘောပြိုင်ပွဲ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားစဉ်။



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားစဉ်။

◆ *ရွှေဖုံးမှ*

စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အလားတူ ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ဖူဆယ်အားကစားရုံ၌ ကျင်းပရာ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့က တစ်ဖက် ငါးဂိုးစီ သရေရလဒ်ဖြင့်လည်းကောင်း၊ အမျိုးသမီးဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့က တစ်ဖက် နှစ်ဂိုးစီဖြင့် သရေရလဒ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို လေးဂိုး–ဂိုးမရှိဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို လေးဂိုး–နှစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲကိုဆက်လက်ကျင်းပရာ ကယားပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို လေးဂိုး–နှစ်ဂိုးဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို တစ်ဂိုး – ဂိုးမရှိဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အလားတူ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၂၁) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း(၃)/(၄)တို့တွင် ယှဉ်ပြိုင်ကစားကြရာ ပဲခူးတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို ငါးဂိုး–နှစ်ဂိုးဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ထို့ပြင် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၂၅) နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို ယနေ့မွန်းလွဲပိုင်းတွင် ဘောဂဝတီအားကစားကွင်းနှင့် လယ်ဝေးမြို့နယ်အားကစားကွင်းတို့တွင် ယှဉ်ပြိုင်ကစားကြရာ ဧရာဝတီတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို လေးဂိုး – ဂိုးမရှိဖြင့်လည်းကောင်း၊ ကယားပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အလားတူ ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲများကို ပေါင်းလောင်း အားကစားကွင်း၊ ရွှေကြာပင်အားကစားကွင်းနှင့် လယ်ဝေး TC–2 အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့်လည်းကောင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့်လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနအသင်းကို လေးဂိုး–ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ယနေ့ကျင်းပသည့် အားကစားပြိုင်ပွဲများသို့ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက် အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် အားကစားဝါသနာရှင် ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်၊ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင် အောင်မြင်မှုရရှိစေရန်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အဆင့်မီအားကစားသမားများနှင့် အလားအလာရှိသော လူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ဝန်ကြီးဌာနများအကြား အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်စေရန်၊ ပြည်သူတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ပါဝင်စားလာပြီး အားကစားလှုပ်ရှားမှုများတွင် ပါဝင်လာစေရန် ရည်ရွယ်ကျင်းပခြင်းသည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနအဆင့် အားကစားနည်း (၆) နည်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အားကစားနည်း (၂၃)နည်း၊ မသန်စွမ်းအားကစားနည်း (၄) နည်းတို့ ထည့်သွင်းကျင်းပလျက်ရှိရာ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ အမျိုးသမီး ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားစဉ်။

# ၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုစာရင်းဝင် ဖြစ်လာတော့မည့် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်

ပုံချို Living Myanmar Media

- မြန်မာနိုင်ငံတွင် ဒြပ်မဲ့ယဉ်ကျေးမှုအဖြစ် အမွေအနှစ်စာရင်းဝင်ရန် ၁၂ လရာသီပွဲတော်များဖြစ်သည့် သီတင်းကျွတ်ပွဲတော်၊ တန်ဆောင်တိုင်ပွဲတော်ကဲ့သို့ ပွဲတော်များ၊ ပုန်းမကြည်ပွဲကဲ့သို့ ကျေးလက်ရိုးရာပွဲများ၊ မနောပွဲ၊ ဒုံးယိမ်းပွဲနှင့် ကောက်သစ်စားပွဲကဲ့သို့ တိုင်းရင်းသားအသီးသီး၏ ပွဲတော်များ၊ တောင်ပြုန်းနှင့် ပခန်းရှိ ရိုးရာနတ်ပွဲများအပြင် မြန်မာ့သနပ်ခါး၊ ချိတ်လုံချည်၊ ငှက်ကြီးတောင်ဓား၊ ရုပ်သေးပညာ၊ ယွန်းပညာ၊ ဆိုင်းဝိုင်း၊ မြန်မာ့လက်ဝှေ့၊ ဗန်တိုဗန်ရှည် စသဖြင့် ဒြပ်မဲ့ယဉ်ကျေးမှုအဖြစ် သတ်မှတ်နိုင်သော အမျိုးအစားပေါင်း ၂၀၀၀ ကျော် ပိုင်ဆိုင်ထားရှိ
- မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များသည် မိမိတို့အား ဘိုးဘေးတို့မှ အမွေပေးခဲ့ခြင်းဖြစ်ရာ နောင်လာနောက်သား မျိုးဆက်သစ်များအတွက် ရိုးရာအမွေအနှစ်မှသည် ကမ္ဘာ့အမွေအနှစ်အဖြစ် တင်သွင်းနိုင်သည်အထိ လက်ဆင့်ကမ်းပေးနိုင်ရန် လိုအပ်
- ယနေ့ခေတ်တွင် ကမ္ဘာ၌ Multicultural အဖြစ် ယဉ်ကျေးမှုများ ရောနှောဆက်သွယ်ရာတွင် နိုင်ငံအသီးသီးသည် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုအား နည်းလမ်းအမျိုးမျိုးဖြင့် ထိုးဖောက်လွှမ်းမိုးနိုင်ရန် ကြိုးစားလျက်ရှိ

၂၀၂၃ ခုနှစ်တွင် ထိုင်းနိုင်ငံမှ ဆောင်ခရမ်ဟုသည့် ရေကစားပွဲတော်အား ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်အဖြစ် အသိအမှတ်ပြုလိုက်သဖြင့် ၂၀၂၄ ခုနှစ် ထိုင်းနိုင်ငံ ဆောင်ခရမ်ပွဲတော်အား ဝှဲချီးကျင်းပကာ နာမည်ကျော်အနုပညာရှင်များဖြင့် promotion ဆင်းကာ ခရီးသွားလုပ်ငန်း တိုးတက်စေရေး လုပ်ဆောင်ခဲ့ကြပါသည်။ ထိုအဖြစ်အပျက်နှင့် ပတ်သက်၍ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်အား ထိုင်းတို့မှ ခိုးသွားသည်ဆိုသူဆို၊ အစိုးရ အလုပ်မလုပ်ဘူးဆိုသူဆို၊ ဒီတိုင်းကြည့်နေရမှာလားဆိုသူဆို စသဖြင့် ဝေဖန်သံများစွာ ထွက်ပေါ်လာခဲ့ပါသည်။ ထိုင်းနိုင်ငံမှ ဆောင်ခရမ်အား ICH (Intangible Cultural Heritage) ဟုသည့် ဒြပ်မဲ့ယဉ်ကျေးမှု UNESCO သို့တင်ရာတွင် ထိုင်းနိုင်ငံသားတို့ နှစ်စဉ်နှစ်တိုင်းဆင်နွှဲသည့် ပွဲတော်တစ်ခုအနေဖြင့်သာ တင်ခဲ့ပြီး မြန်မာ့ရိုးရာအတာသင်္ကြန်၏ မူရင်းပုံစံဖြင့် တင်ခွင့်မရရှိခဲ့သည်ကို သိရှိသူနည်းပါးလှသည်။ မြန်မာ့ရိုးရာအတာသင်္ကြန်ကိုလည်း ICH စာရင်းဝင်ရန်အတွက် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (Myanmar Cultural Heritage Trust) ကဲ့သို့ NGO အဖွဲ့များ၊ Living Myanmar Media Group နှင့် Ko Hein's Vlog ကဲ့သို့ မီဒီယာနှင့် ဆိုရှယ်မီဒီယာအဖွဲ့များ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအား ချစ်မြတ်နိုးသည့် ပညာရှင်များနှင့် ပြည်သူများ ပူးပေါင်းကာ ၂၀၂၄ ခုနှစ်တွင် ကြိုးစားဆောင်ရွက်ခဲ့ကြောင်း ကြားသိရပါသည်။

ICH ဟူသည့် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အား ယူနက်စကိုအဖွဲ့မှ ၂၀၀၉ ခုနှစ်တွင် စတင်သတ်မှတ်ကာ ကမ္ဘာ့နိုင်ငံများအသီးသီးရှိ လူမျိုးများ၏ ရိုးရာဓလေ့များ၊ အစဉ်အလာများ၊ ပွဲတော်များနှင့် ပစ္စည်းများအား ထိန်းသိမ်းစောင့်ရှောက်ရန် ရည်ရွယ်ထားပါသည်။ ရှေးဟောင်းမြို့တော်များ၊ သမိုင်းဝင်နေရာများအား ဒြပ်ရှိယဉ်ကျေးမှုအဖြစ် သတ်မှတ်ထားပြီးဖြစ်ရာ လူမျိုးတစ်ခုစီ၏ ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုတို့အား ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အခန်းကဏ္ဍသစ်တစ်ရပ် တိုးချဲ့ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါသည်။ တစ်နည်းဆိုရသော် Hard power နှင့် Soft power ကဲ့သို့ နိုင်ငံတစ်ခု၏ အင်အားကို ပြသရာတွင် ပုဂံ၊ သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်းနှင့် ညောင်ကန်ဒေသကဲ့သို့ အခိုင်အမာရှိပြီးဖြစ်သော မြန်မာတို့၏ သမိုင်းအမွေအနှစ်များနှင့် ၁၂ လရာသီပွဲတော်၊ ဒေသအလိုက်ပွဲတော်များ၊ ဓလေ့များသည် မြန်မာ့သမိုင်း၏ soft power များဖြစ်သည်။ ယူနက်စကိုမှ သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် ကိုက်ညီသော ဒြပ်ရှိ၊ဒြပ်မဲ့ယဉ်ကျေးမှုများအား နှစ်စဉ်ဒီဇင်ဘာလအတွင်းပြုလုပ်သော ညီလာခံတွင် မဲခွဲဆုံးဖြတ်ကာ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ထည့်သွင်းအသိအမှတ်ပြုကြပါသည်။

- ICH ဟူသည့် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အား ယူနက်စကိုအဖွဲ့မှ ၂၀၀၉ ခုနှစ်တွင် စတင်သတ်မှတ်ကာ ကမ္ဘာ့နိုင်ငံများအသီးသီးရှိ လူမျိုးများ၏ ရိုးရာဓလေ့များ၊ အစဉ်အလာများ၊ ပွဲတော်များနှင့် ပစ္စည်းများအား ထိန်းသိမ်းစောင့်ရှောက်ရန် ရည်ရွယ်ထား
- ရှေးဟောင်းမြို့တော်များ၊ သမိုင်းဝင်နေရာများအား ဒြပ်ရှိယဉ်ကျေးမှုအဖြစ် သတ်မှတ်ထားပြီးဖြစ်ရာ လူမျိုးတစ်ခုစီ၏ ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုတို့အား ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အခန်းကဏ္ဍသစ်တစ်ရပ် တိုးချဲ့ဖွဲ့စည်းခဲ့ခြင်းဖြစ်

ထိုကဲ့သို့ ယဉ်ကျေးမှုအမွေအနှစ်စာရင်းအတွက် အဆိုပြုတင်သွင်းရာတွင် ယူနက်စကိုအနေဖြင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဒေသခံများ၏ တင်ပြချက်များကိုသာ အဆုံးအဖြတ်ပေးခြင်းဖြစ်ကာ နိုင်ငံများ၏ အစိုးရများအနေဖြင့် ထိုလုပ်ငန်းစဉ်အား ကိုယ်တိုင် First person အနေဖြင့် လုပ်ဆောင်၍မရနိုင်ချေ။ အစိုးရအနေဖြင့် ထိုကဲ့သို့ လုပ်ဆောင်နေသည့် အဖွဲ့အစည်းများအား သံတမန်ရေးရာ အကူအညီနှင့် နောက်ကွယ်မှ ကူညီပံ့ပိုးပေးခြင်း၊ ရုံးလုပ်ငန်းဆိုင်ရာ တရားဝင်နည်းလမ်းများအား ကူညီဆောင်ရွက်ခြင်း စသည့် ကူညီထောက်ပံ့သည့်နေရာတွင်သာနေကာ ဆောင်ရွက်နိုင်ပါသည်။ ထိုအချက်အား မြန်မာနိုင်ငံသားအများစု သိရှိခြင်းမရှိသည်ကို လွန်ခဲ့သောနှစ်တွင် တွေ့ရှိခဲ့ရသည်။ ထိုင်းနိုင်ငံ၏ ဆောင်ခရမ်အား ICH တင်စဉ်ကပင် ထိုင်းနိုင်ငံ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တင်ပြခြင်းမဟုတ်ဘဲ ဘန်ကောက်အခြေစိုက် လူမှုအဖွဲ့အစည်းများ၊ သတင်းမီဒီယာအဖွဲ့များမှ ၂၀၂၂ ခုနှစ်တွင် တင်ပြခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် ၂၀၂၃ ခုနှစ်တွင် MCHT အဖွဲ့သည် Living Myanmar Media Group ၊ Ko Hein's Volg စသည့် မီဒီယာများနှင့် ပူးပေါင်းကာ မြန်မာနိုင်ငံအနှံ့ ဒေသအသီးသီးရှိ မြန်မာ့ယဉ်ကျေးမှုအား ထိန်းသိမ်းစောင့်ရှောက်လိုသည့် ပညာရှင်များ၊ ဒေသခံများဆီမှ ရိုးရာအတာသင်္ကြန်သည် မြန်မာနိုင်ငံသားများအားလုံး ပူးပေါင်းဆင်နွှဲလျက်ရှိသော မြန်မာတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုဖြစ်ပါသည်ဟူသည့် အချက်အလက်များဖြင့် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အသိအမှတ်ပြုနိုင်ရေး ယူနက်စကိုသို့ တင်သွင်းခဲ့ကြပါသည်။ ထိုသို့တင်ပြရာတွင် မြန်မာနိုင်ငံ၏ နေရာဒေသအသီးသီးတွင် ရိုးရာအတာသင်္ကြန်အား ဆင်နွှဲနေကြသည့်ပုံရိပ်များ၊ ပညာရှင်များမှ မြန်မာ့ရိုးရာအတာသင်္ကြန်သည် မြန်မာတို့၏မူပိုင်ရိုးရာအမွေအနှစ်ဖြစ်ကြောင်း ဟိန္ဒူအယူအဆမှ မဟုတ်ဘဲ ဗုဒ္ဓဘာသာ၏ ယဉ်ကျေးမှုအမွေအနှစ်အစစ်ဖြစ်ကြောင်း သမိုင်းဆိုင်ရာ သုတေသနပြုလုပ်ချက်များစသဖြင့် သက်သေအထောက်အထားများအား ဗီဒီယိုများပြုလုပ်ကာ Footage အဖြစ် စာတမ်းနှင့်တကွ တင်ပြခဲ့ပါသည်။ ထို့ကြောင့် ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် မြန်မာ့ရိုးရာအတာသင်္ကြန်သည် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုတစ်ခုအဖြစ် စာရင်းသွင်းရန် ဆန်ခါတင်အဆင့် သတ်မှတ်၍ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂ ရက်နေ့မှ ၇ ရက်နေ့အထိ ပါရာဂွေးနိုင်ငံတွင်ကျင်းပမည့် ယူနက်စကို၏ (၁၉)ကြိမ်မြောက် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ညီလာခံတွင် မြန်မာ့ရိုးရာအတာသင်္ကြန်အား မြန်မာတို့၏ ကိုယ်ပိုင်ဒြပ်မဲ့ယဉ်ကျေးမှုအဖြစ် အတည်ပြုမဲခွဲဆုံးဖြတ်ရန် စီစဉ်ထားပါသည်။

ဤကဲ့သို့သော အောင်မြင်မှု၏ နောက်ကွယ်တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအပါအဝင် နိုင်ငံတော်အစိုးရ၏ ထောက်ပံ့ကူညီမှုများ၊ မြန်မာနိုင်ငံသားများ၏ ဝိုင်းဝန်းကူညီအားပေးမှုရှိနေခဲ့ပါသည်။ အစိုးရမှ မည်မျှထောက်ပံ့စေကာမူ ဒေသခံပြည်သူများ၏ အားပေးမှုမရလျှင်သော်လည်းကောင်း၊ ပြည်သူတို့မှ မည်မျှအားပေးကူညီစေကာမူ သံတမန်ရေးရာနယ်ပယ်နှင့် ရုံးပိုင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများတွင် အစိုးရ၏ ကူညီထောက်ပံ့မှုမရလျှင်သော်လည်းကောင်း မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် အောင်မြင်မှုရရှိမည်မဟုတ်ပေ။ နိုင်ငံတော်အစိုးရနှင့် ပြည်သူနှစ်ဦးနှစ်ဖက် ညီညွတ်စွာဝိုင်းဝန်းလုပ်ဆောင်သည့် စည်းလုံးခြင်း၏ ရလဒ်အနေဖြင့် လာမည့် ၂၀၂၅ ခုနှစ်တွင် မြန်မာနိုင်ငံသားများသည် ရိုးရာအတာသင်္ကြန်ပွဲတော်အား ကမ္ဘာမှ အသိအမှတ်ပြုသည့် ကိုယ်ပိုင်ရိုးရာပွဲတော်အဖြစ် ဂုဏ်ယူကာ ကျင်းပနိုင်တော့မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ဒြပ်မဲ့ယဉ်ကျေးမှုအဖြစ် အမွေအနှစ်စာရင်းဝင်ရန် ၁၂ လရာသီပွဲတော်များဖြစ်သည့် သီတင်းကျွတ်ပွဲတော်၊ တန်ဆောင်တိုင်ပွဲတော်ကဲ့သို့ ပွဲတော်များ၊ ပုန်းမကြည်ပွဲကဲ့သို့ ကျေးလက်ရိုးရာပွဲများ၊ မနောပွဲ၊ ဒုံးယိမ်းပွဲနှင့် ကောက်သစ်စားပွဲကဲ့သို့ တိုင်းရင်းသားအသီးသီး၏ ပွဲတော်များ၊ တောင်ပြုန်းနှင့် ပခန်းရှိ ရိုးရာနတ်ပွဲများအပြင် မြန်မာ့သနပ်ခါး၊ ချိတ်လုံချည်၊ ငှက်ကြီးတောင်ဓား၊ ရုပ်သေးပညာ၊ ယွန်းပညာ၊ ဆိုင်းဝိုင်း၊ မြန်မာ့လက်ဝှေ့၊ ဗန်တိုဗန်ရှည် စသဖြင့် ဒြပ်မဲ့ယဉ်ကျေးမှုအဖြစ် သတ်မှတ်နိုင်သော အမျိုးအစားပေါင်း ၂၀၀၀ ကျော် ပိုင်ဆိုင်ထားရှိပါသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များသည် မိမိတို့အား ဘိုးဘေးတို့မှ အမွေပေးခဲ့ခြင်းဖြစ်ရာ နောင်လာနောက်သား မျိုးဆက်သစ်များအတွက် ရိုးရာအမွေအနှစ်မှသည် ကမ္ဘာ့အမွေအနှစ်အဖြစ် တင်သွင်းနိုင်သည်အထိ လက်ဆင့်ကမ်းပေးနိုင်ရန် လိုအပ်လှပါသည်။ ယနေ့ခေတ်တွင် ကမ္ဘာ၌ Multicultural အဖြစ် ယဉ်ကျေးမှုများ ရောနှောဆက်သွယ်ရာတွင် နိုင်ငံအသီးသီးသည် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုအား နည်းလမ်းအမျိုးမျိုးဖြင့် ထိုးဖောက်လွှမ်းမိုးနိုင်ရန် ကြိုးစားလျက်ရှိသည်။ မိမိတို့သည် နဂိုယဉ်ကျေးမှု ကိုယ်ခံအားနည်းပါးပါက အခြားသောယဉ်ကျေးမှုများ အလွယ်တကူလွှမ်းမိုးခံရကာ ကိုယ်ပိုင်ပုံရိပ်နှင့် အနှစ်သာရရှိသည့် ရိုးရာယဉ်ကျေးမှုများ ပျောက်ကွယ်သွားနိုင်မည့် အန္တရာယ်ရှိပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံသားများအနေဖြင့် ရိုးရာအတာသင်္ကြန်ပွဲတော်ကဲ့သို့ပင် အခြားသော မိမိတို့၏ ကိုယ်ပိုင်ရိုးရာဓလေ့များ၊ ပွဲတော်များနှင့် အခြားအမွေအနှစ်များအား ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုစာရင်းဝင်သည်အထိ ထိန်းသိမ်းဆောင်ရွက်နိုင်ရန် NGO အဖွဲ့အစည်းများ၊ မီဒီယာများ၊ ဒေသခံများ ပူးပေါင်းကာ ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်ရင်း ၂၀၂၅ ခုနှစ်တွင် မြန်မာတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုအဖြစ် ကမ္ဘာက အသိအမှတ်ပြုခံရတော့မည်ဖြစ်သည့် ရိုးရာအတာသင်္ကြန်ပွဲတော်အား စည်ကားပျော်ရွှင်စွာ ဆင်နွှဲကျင်းပနိုင်ရန် သတင်းစကား ပါးလိုက်ပါသည်။ ။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၏ ဖိတ်ကြားချက်အရ နေပြည်တော်သို့ရောက်ရှိနေသော ရုရှားဖက်ဒရေးရှင်း နိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara – Ool ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာကြရာ ဦးစွာ နေပြည်တော်အမျိုးသားပြတိုက်သို့ ရောက်ရှိပြီး နေပြည်တော်အမျိုးသားပြတိုက် Mini Thratre ၌ တာဝန်ရှိသူများက ပြတိုက်သမိုင်းကြောင်းကို ဗီဒီယို မှတ်တမ်းဖြင့် ရှင်းလင်းပြသပြီး သမိုင်းမတင်မီ ခေတ်ပြခန်း၊ သမိုင်းတင်ခေတ်ဦးပြခန်း၊ လက်ဆောင် ပစ္စည်းများပြခန်း၊ သီဟာသနပလ္လင်ပြခန်းနှင့် နိုင်ငံတော်သမ္မတများ အသုံးပြုခဲ့သည့် မော်တော် ယာဉ်များပြခန်းတို့ကို လေ့လာကြည့်ရှုကြသည်။



ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara – Ool ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။

**လေ့လာကြည့်ရှု**

ယင်းနောက် ကျောက်မျက်ရတနာပြတိုက်သို့ သွားရောက်လေ့လာကြရာ ပြတိုက်တာဝန်ရှိသူများ က ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်းတစ်တုံးတည်းမှ ထွင်းထုထားသော ဥပ္ပါတသန္တိပုံစံတူကျောက်စိမ်းစေတီတော်၊ မြန်မာ့ အကြီးဆုံး ပုလဲရတနာ၊ အရည်အသွေးမြင့် ကျောက်စိမ်းတုံးများ၊ ရှားပါးမြန်မာ့တွင်းထွက်ရတနာ များဖြစ်သည့် ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာများကို လိုက်လံရှင်းလင်းပြသ ကြပြီး ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌက ဧည့်သည် တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးကာ ပြခန်း အောက်ထပ်ရှိ ကျောက်မျက်ရတနာအရောင်းဆိုင် များကို လေ့လာကြည့်ရှုကြသည်။



ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara – Ool ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ကျောက်မျက်ရတနာပြတိုက်အတွင်း ကျောက်စိမ်းတစ်တုံးတည်းမှ ထွင်းထုထားသော ဥပ္ပါတသန္တိပုံစံတူကျောက်စိမ်းစေတီတော်အား လေ့လာကြည့်ရှုစဉ်။

**ဗီဒီယိုမှတ်တမ်းဖြင့် ရှင်းလင်းပြသ**

ညပိုင်းတွင် ဧည့်သည်တော်အဖွဲ့သည် နေပြည် တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓ ဥယျာဉ် ဝတ္ထုကံတော်အတွင်း တည်ထားပူဇော်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက် ဖူးမြော်ကြည်ညိုကြရာ တာဝန်ရှိသူများက မော်ကွန်း တိုက်၌ မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ် ပူဇော်ရခြင်းရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီး အား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ ကျောက်စာရုံစေတီတော် များ တည်ထားဆောင်ရွက်ခဲ့မှု၊ သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပ နိုင်ခဲ့မှုအခြေအနေများနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် လုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်ခဲ့မှုများကို ဗီဒီယို မှတ်တမ်းဖြင့် ရှင်းလင်းပြသသည်။

**စိတ်ဝင်တစား လေ့လာဖူးမြော်ကြည်ညို**

ထို့နောက် ဧည့်သည်တော်အဖွဲ့သည် ကမ္ဘာပေါ် ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များ အနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့် ဆီမီး များ ကပ်လှူဖူးမြော်ကြည်ညိုကြပြီး ဗုဒ္ဓဥယျာဉ် တော်အတွင်းခမ်းနားထည်ဝါစွာ တည်ထားပူဇော် ထားသော အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီးနှင့် အဋ္ဌကထာဋီကာကျမ်းစာများကို စကျင်ကျောက် များပေါ်၌ ခေတ်မီကိရိယာများအသုံးပြု၍ ပါဠိ အက္ခရာ၊ Romanize Language တို့ဖြင့် ထွင်းထု တည်ဆောက်ထားသည့် ကျောက်စာရုံစေတီတော် များကို စိတ်ဝင်တစား လေ့လာဖူးမြော်ကြည်ညိုခဲ့ ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြုအားကစားအသင်းများ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေး

**နေပြည်တော် ဒီဇင်ဘာ ၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းသည် ဒုတိယ ဝန်ကြီးနှင့်အတူ ယနေ့နံနက်ပိုင်း တွင် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်တွင် ဝင်ရောက် ယှဉ်ပြိုင်ကြမည့် ဝန်ကြီးဌာန ကိုယ်စားပြု အားကစားအသင်း များ၏ ဝဏ္ဏသိဒ္ဓိအားကစား လေ့ကျင့်ရေးရုံအတွင်း လေ့ကျင့် နေမှုကို သွားရောက်ကြည့်ရှု အားပေးသည်။ (ယာပုံ)

ဦးစွာ ပြည်ထောင်စုဝန်ကြီး သည် ဝန်ကြီးဌာနကိုယ်စားပြု ပိုက်ကျော်ခြင်းအသင်း၊ ဘော်လီ ဘော (အမျိုးသား၊ အမျိုးသမီး) အသင်း၊ ဖူဆယ်အသင်းနှင့် ဘောလုံးအသင်းတို့၏ လေ့ကျင့် နေမှုကို ကြည့်ရှုအားပေးပြီး ပဉ္စမ အကြိမ် အမျိုးသားအားကစား ပွဲတော်၌ ဝန်ကြီးဌာနကိုယ်စားပြု ယှဉ်ပြိုင်ကြမည့်အားကစားသမား များအနေဖြင့် ရိုးရိုးသားသား ကြိုးကြိုးစားစား အားကစား စိတ်ဓာတ်အပြည့်ဖြင့် ပါဝင်ယှဉ်ပြိုင် ကြရန်၊ သတ်မှတ်စည်းမျဉ်း စည်းကမ်းများအတိုင်း လိုက်နာ ဆောင်ရွက်ကြရန်၊ ကျန်းမာရေး ကောင်းမွန်မှုရှိစေရေး စနစ်တကျ နေထိုင်စားသောက် ရန်၊ ယခင်နှစ် က ရရှိထားသည့် အောင်မြင်မှု ကို ဆက်လက် ထိန်းထားနိုင်ရေး ကြိုးစား ဆောင်ရွက်ကြရန်၊ ဝန်ကြီးဌာနဂုဏ်၊ နိုင်ငံ့ဂုဏ် မြှင့်တင်နိုင်ရေး အကောင်းဆုံး ကြိုးစား ဆောင်ရွက်သွားကြရန် မှာကြားကာ အားကစားသမားများ အတွက် အင်အားဖြည့်အစားအစာ အတွက် ချီးမြှင့်ငွေ ပေးအပ်သည်။





ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်တွင် လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီး ဌာနအနေဖြင့် ဘောလုံး (အမျိုး သား)၊ ဖူဆယ် (အမျိုးသား)၊ ဘော်လီဘော (အမျိုးသား၊ အမျိုး သမီး)၊ပိုက်ကျော်ခြင်း (အမျိုးသား)၊ ပြေးခုန်ပစ်အားကစားနည်း ငါးမျိုး ကို အုပ်ချုပ်သူ၊ နည်းပြ၊ အားကစား သမား စုစုပေါင်း ၉၉ ဦးဖြင့် ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ် ကြောင်း သိရသည်။ **သတင်းစဉ်**

# အမျိုးသား အားကစား ပွဲတော် ဓာတ်ပုံမြင်ကွင်း






၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲတွင် ဘော်လီဘော (အမျိုးသား) ပြိုင်ပွဲ ယှဉ်ပြိုင်စဉ်။



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲတွင် ဖူဆယ် (အမျိုးသမီး) ပြိုင်ပွဲ ယှဉ်ပြိုင်စဉ်။



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ဘောလုံး (အမျိုးသား) ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်း ယှဉ်ပြိုင်စဉ်။



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲတွင် ဖူဆယ် (အမျိုးသား) ပြိုင်ပွဲ ယှဉ်ပြိုင်စဉ်။



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ဖူဆယ်ပြိုင်ပွဲအုပ်စု(က) (အမျိုးသမီး) ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်း ယှဉ်ပြိုင်စဉ်။



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ဘော်လီဘော(အမျိုးသား) ပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ကယားပြည်နယ်အသင်း ယှဉ်ပြိုင်စဉ်။

# ပုဂ္ဂလိကသစ်တောစိုက်ခင်းများနှင့် သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

## မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် ၂၀၂၅ ခုနှစ်တွင် ၄၂ ဒသမ ၁၅ ရာခိုင်နှုန်းရှိမည်ဟုခန့်မှန်း

**နေပြည်တော် ဒီဇင်ဘာ ၂**

ပုဂ္ဂလိကသစ်တောစိုက်ခင်းများနှင့် သစ်အခြေခံ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်း အတွင်းဝန်နှင့် တာဝန်ရှိသူများ၊ ဆက်စပ်ဌာနများမှ တာဝန်ရှိသူများ၊ သစ်အခြေခံအသင်းအဖွဲ့များ၊ ကြိမ်ဝါးနှင့် ပရိဘောဂလုပ်ငန်းရှင်များ၊ ပုဂ္ဂလိက သစ်တောစိုက်ခင်း လုပ်ငန်းရှင်များ တက်ရောက် ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် ၂၀၂၀ ပြည့်နှစ်တွင် ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းရှိပြီး ၂၀၂၅ ခုနှစ်တွင် ၄၂ ဒသမ ၁၅ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းကြောင်း၊ သစ်အခြေခံ စက်မှုလုပ်ငန်းများအတွက် ကုန်ကြမ်း လိုအပ်ချက်များ ဖြည့်ဆည်းပေးရန် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကသစ်တောစိုက်ခင်းများ တည်ထောင်စိုက်ပျိုး လျက်ရှိကြောင်း၊ သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လုပ်ငန်းရှင်များအနေဖြင့် ဈေးကွက်သစ်များရှာဖွေခြင်း၊ ဒေသတွင်း နိုင်ငံများ၏ ပြည်ပတင်ပို့မှု/တင်သွင်းမှု အခြေအနေများကို လေ့လာပြီး ကြိုးစားဆောင်ရွက်သွားရန် လိုကြောင်း။

သစ်အခြေခံပုဂ္ဂလိက ကဏ္ဍ၏ ပြည်ပဝင်ငွေမှာ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၄ သန်းကျော်ရရှိခဲ့ပြီး ယခုထက်ပို၍ ရရှိအောင် လုပ်ငန်းရှင်များအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်သကဲ့သို့ ဌာနအပိုင်းကလည်း လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း၊ ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသော သစ်၊ ဝါး၊ ကြိမ် အချောထည်များကို နည်းပညာအသုံးပြု၍ တိုးမြှင့်ထုတ်လုပ်တင်ပို့နိုင်ပါက အလုပ်အကိုင်အခွင့်အရေးများ ပိုမိုရရှိစေမည့်အပြင် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူပြုစေမည်ဖြစ်သည့်အတွက် သစ်အခြေခံစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဌာနနှင့် လုပ်ငန်းရှင်များ ပေါင်းစပ်၍ ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ခင်းကျင်း ပြသထားသော သစ်၊ ဝါး၊ ကြိမ် အခြေခံ အချောထည် များအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည် များ မှာကြားသည်။ (ဓာတ်ပုံ)

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက် ကျင်းပရာ တက်ရောက်လာသူများက သစ်အခြေခံ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိက သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ ပြုစု ထိန်းသိမ်းခြင်း၊ ခုတ်လှဲထုတ်လုပ်ရောင်းချခြင်း၊ သစ်၊ ဝါး၊ ကြိမ် အချောထည်များနှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ ပြည်ပတင်ပို့ခြင်း ကိစ္စရပ် များကို တင်ပြဆွေးနွေးကြပြီး မွန်းလွဲပိုင်းတွင် အုပ်စု အဖွဲ့များခွဲ၍ ဌာနနှင့် ပုဂ္ဂလိကစိုက်ခင်းကဏ္ဍမှ ကုန်ကြမ်း စဉ်ဆက်မပြတ်ရရှိရေး၊ သစ်အခြေခံ စက်မှုလုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက် လာစေရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေး ခေါင်းစဉ် များဖြင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် Grade 11 နှင့် Grade 12

## ဆရာများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (TOT) ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂**

ဥပဒေရေးရာ ဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း ဖွင့်လှစ်သည့် Grade 11 နှင့် Grade 12 ဆရာများအတွက် ဥပဒေ အသိပညာပြန့်ပွားရေး ဆရာဖြစ် သင်တန်း (TOT) ဖွင့်ပွဲ အခမ်း အနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဗျူဟာ သာသနာ့ဗိမာန် တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော် ကောင်စီဝင်များ၊ မန္တလေးတိုင်းဒေသကြီး ဥပဒေ ချုပ် ဦးမြင့်အောင်နှင့် ဥပဒေ အရာရှိများ၊ နေပြည်တော်ရှိ ခရိုင် ဥပဒေအရာရှိများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်/ မြို့နယ် အထွေထွေ အုပ်ချုပ်ရေးမှူးများ၊ ခရိုင်/မြို့နယ်ပညာရေးမှူးများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရာက်ကြသည်။



ဦးစွာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးက အသက် ၁၈ နှစ်ပြည့်ပြီးသူတိုင်း နိုင်ငံတော် ၏ ဥပဒေရေးရာ ကိစ္စရပ်များကို သိရှိပြီး စောင့်ထိန်းလိုက်နာကြရန် နှင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေ (၂၀၀၈) ခုနှစ်နှင့် ရွေးကောက် ပွဲကော်မရှင်ဆိုင်ရာ ဥပဒေများကို သိရှိနားလည်ထားရန် နိုင်ငံသား တိုင်း၏ တာဝန်ဖြစ်ကြောင်း၊ အသက် (၁၈) နှစ်ပြည့်ပြီးသူများ သိရှိလိုက်နာနိုင်ရန် ဥပဒေဆိုင်ရာ အသိပညာရပ်များကို အခြေခံ ပညာကျောင်းများတွင် သင်ကြား ပေးရန်ရည်ရွယ်ပြီး ယခုသင်တန်း ကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။ (ဓာတ်ပုံ)

ထို့နောက် မန္တလေးတိုင်း ဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင် က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားပြီး ပြည်ထောင်စု နယ်မြေ နေပြည်တော် ပညာ ရေးမှူးရုံး ညွှန်ကြားရေးမှူး ဒေါက်တာကျော်လွင်က သင်တန်း လုပ်ငန်းစဉ်များနှင့် သင်တန်း စည်းကမ်းများကို ရှင်းလင်းပြော ကြားသည်။

အဆိုပါ ဥပဒေအသိပညာ ပြန့်ပွားရေး ဆရာဖြစ်သင်တန်း (TOT) တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်မှ Grade 11 နှင့် Grade 12 ဆရာ၊ ဆရာမ ၂၁၀ တက် ရောက်ကြပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၂ ရက်မှ ၈ ရက်အထိ သင်ကြား ပို့ချပေးသွားမည် ဖြစ်သည်။

ဆက်လက်၍ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ကျရောက် မည့် အပြည်ပြည်ဆိုင်ရာ မသန် စွမ်းသူများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှုအနေဖြင့် မသန် စွမ်းအားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့် ပွဲကို နံနက် ၁၀ နာရီတွင် ပြည် ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ပေါင်းလောင်း အားကစားကွင်း၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် မသန်စွမ်း အားကစားပြိုင်ပွဲတွင် အပြေး ပြိုင်ပွဲ (အကြီးတန်းအဆင့် ကျား/ မ)၊ အပြေးပြိုင်ပွဲ (အငယ်တန်း အဆင့် ကျား/မ)၊ ဝှီးချဲလ် မီတာ ၅၀ အပြေးပြိုင်ပွဲ(ကျား/မ)၊ သံလုံး ပစ်ပြိုင်ပွဲ (ကျား/မ)တို့ ယှဉ်ပြိုင် ကစားနေမှုကို ကြည့်ရှုအားပေး ကြသည်။

ထို့နောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော် ကောင်စီဝင်များ၊ နေပြည်တော် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယကနှင့် တာဝန်ရှိသူများက မသန်စွမ်း အားကစားပြိုင်ပွဲများ အလိုက် ဆုရရှိကြသည့် မသန်စွမ်း အားကစားသမားများကို ဂုဏ်ပြု ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရ သည်။

**သတင်းစဉ်**

❒ *ကျော့ဖုံးမှ*

ယင်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့သော မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်မှ အုပ်ချုပ်၊ နည်းပြ ဒေါ်ကြည် မြဇော်နှင့်အားကစားသမား များဖြစ်ကြသည့် မနီလာဝင်း၊ မဌေးဌေးမြင့်၊ မထက်ထက်ဝေ၊ မသီရိဇွန်၊ မဟန်သူသူထက် တို့သည် ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံတင်းနစ် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမျိုးသူရ၊ ဒုတိယဥက္ကဋ္ဌနှင့်၊ အမှုဆောင်များ၊ အားကစားသမားများက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် အာဆီယံနိုင်ငံများ ဖြစ်ကြသည့် မြန်မာ၊ ဗီယက်နမ်၊ လာအို၊ ဖိလစ်ပိုင်၊ ဘရူနိုင်းနိုင်ငံနှင့် အိမ်ရှင်ဘာရိန်းနိုင်ငံ အပါအဝင် အာရှနိုင်ငံ ၁၁ နိုင်ငံ စုစုပေါင်း နိုင်ငံပေါင်း ၁၇ နိုင်ငံ ဝင်ရောက်ယှဉ်ပြိုင် ခဲ့ကြကြောင်း သိရသည်။

**အာကာစိုး**

◆ *ကျော့ဖုံးမှ*

ယင်းရှုံးပွဲကြောင့် မန်စီးတီးအသင်းသည် ပြိုင်ပွဲစုံ နောက်ဆုံးခုနစ်ပွဲဆက် နိုင်ပွဲ ပျောက်ဆုံးသည့်မှတ်တမ်း ပိုင်ဆိုင်ခဲ့သည်။ မန်စီးတီးအသင်းသည် နောက်ဆုံးခုနစ်ပွဲတွင် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ ဖီယင်နူအသင်းကိုသာ သရေကျအောင် ကစားထားနိုင်ပြီး ကျန် ခြောက်ပွဲစလုံး ရှုံးနိမ့်ထားခြင်း ဖြစ်သည်။

လီဗာပူးအသင်း တိုက်စစ်ကစားသမား ဆာလာသည် မန်စီးတီးအသင်းဘက်သို့ သွင်းဂိုးတစ်ဂိုးရယူနိုင်ခဲ့သည့်အတွက် ပွဲစဉ် (၁၃) အပြီးတွင် သွင်းဂိုး ၁၁ ဂိုးဖြင့် ပရီမီယာ လိဂ် ဒုတိယသွင်းဂိုးအများဆုံး ကစားသမား ဖြစ်လာခဲ့သည်။

လာမည့်ပွဲစဉ်တွင် မန်စီးတီးအသင်းသည် ရမှတ်ကွာဟမှု တစ်မှတ်သာရှိသည့် နော်တင် ဟမ်ဖောရက်စ်အသင်းနှင့် ယှဉ်ပြိုင်ကစား ရမည်ဖြစ်သည်။ ပြိုင်ဘက်လီဗာပူးအသင်းက နယူးကာဆယ်အသင်းနှင့် ယှဉ်ပြိုင်ကစား ရမည် ဖြစ်သည်။

**အောင်ဇော်**

✳ *ကျော့ဖုံးမှ*

ယာဉ်မတော်တဆဖြစ်ပွားပြီး ထိခိုက်ဒဏ်ရာများ ရခဲ့သဖြင့် နုတ်ထွက် ခဲ့ရာ သန့်ဇင်တစ်ဦးတည်းသာ ထိုးသတ်ရမည်ဖြစ်သည်။ သန့်ဇင်သည် ထိုင်းဖိုက်တာ ဆူရီရန်လက်ခ်နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ် သည်။ စိုးလင်းဦးမှာမူ ပွဲထိုးဖြစ်ပါက နာမည်ကြီး ထိုင်းဖိုက်တာ ဆက်ဆန်နှင့် ထိုးသတ်ရမည်ဖြစ်သော်လည်း နုတ်ထွက်ခဲ့သဖြင့် ONE Championship က အခြားကစားသမားတစ်ဦးနှင့် အစားထိုးရန် စီစဉ်လျက်ရှိသည်။ စိုးလင်းဦးသည် ယာဉ်မတော်တဆဖြစ်ပွားခဲ့ သဖြင့် ပွဲများပြန်လည်ထိုးသတ်နိုင်ရန် အချိန်ကာလတစ်ခု စောင့်ဆိုင်း ရဖွယ်ရှိနေသည်။

သန့်ဇင်သည် ONE Championship နှင့် လက်တွဲအပြီး သုံးပွဲ ထိုးသတ်ထားရာ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားသည်။

**ညီမြတ်သော်တာ**

# တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးမှသည် နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေးနှင့် လူငယ်လူရွယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အလေးထားဖော်ဆောင်ရေးသို့

ရော့မောင်

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ထိုနိုင်ငံသားတိုင်း၏ ကျန်းမာကြံ့ခိုင်မှုနှင့် စိတ်နေစိတ်ထားတို့ တိုက်ရိုက်အချိုးကျလျက်ရှိသည်ဟု မှတ်သားဖူးပါသည်။ သို့ဖြစ်၍လည်း အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး၊ အားကစားနည်းအလိုက် မျိုးဆက်သစ်များ စဉ်ဆက်မပြတ်ပေါ်ထွက်ရေးမှသည် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေးနှင့် လူငယ်လူရွယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို ဦးတည်ရည်မှန်းချက်များအဖြစ် သတ်မှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၉)ရပ်တွင် ပါဝင်သော လူမှုရေးဦးတည်ချက် (၃) ရပ်၌ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျုံးဝင်သည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး၊ ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေးဆိုသည့် ဦးတည်ရည်မှန်းချက်များကို ချမှတ်ပေးခဲ့ပါသည်။ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ အဓိက ဦးစားပေးဖော်ဆောင်လျက်ရှိသည့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးလုပ်ငန်းစဉ်များကို အောင်မြင်အောင် ဖော်ဆောင်နိုင်မည်ဆိုပါက ကျန်လုပ်ငန်းစဉ်(၂)ရပ်မှာလည်း ကျွဲကူးရေပါဆိုသကဲ့သို့ အောင်မြင်မှု ရရှိလာနိုင်မည်ဖြစ်ပါသည်။

**တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ဝန်ကြီးဌာန၏ လက်ရှိဆောင်ရွက်နေမှု အခြေအနေများ**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် ၁၉၆၄ ခုနှစ်မှစ၍ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် နှစ်စဉ်ဒီဇင်ဘာလကို လူထုအားကစားလအဖြစ် သတ်မှတ်၍ ရပ်ကွက်၊ ကျေးရွာအဆင့်မှ အစပြုကာ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်မှသည် ဗဟိုအဆင့်အထိ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အပတ်စဉ်စနေနေ့တိုင်းတွင် လူထုစုပေါင်းလမ်းလျှောက်ပွဲများ ဆင်နွှဲခြင်း၊ စုပေါင်းလမ်းလျှောက်ပွဲများအပြီး ပျော်ပွဲရွှင်ပွဲအားကစားပြိုင်ပွဲများ ကျင်းပခြင်းတို့ကို ဆောင်ရွက်စေလျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်စေခြင်းမှာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ရည်ရွယ်၍ ပြည်သူ



တစ်ဦးချင်း လိုက်ပါဆောင်ရွက်ရန် အလွယ်ကူဆုံးနှင့် နေ့စဉ်ပုံမှန် လိုက်နာဆောင်ရွက်သင့်သည့် လမ်းလျှောက်ခြင်း အလေ့အကျင့်ကို ဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် အစပျိုးအကောင်အထည်ဖော်ဆောင်ရွက်ပေးနေခြင်းဖြစ်ပြီး ပြည်သူတစ်ဦးတစ်ယောက်ချင်းမှ အစပြု၍ ပြည်သူအားလုံးပင် ကိုယ်ကျန်းမာရေးအသိဖြင့် နေ့စဉ်ပုံမှန် လမ်းလျှောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်း တစ်ခုခုအား နေ့စဉ်ပုံမှန်ပြုလုပ်ခြင်း (သို့မဟုတ်) မိမိဝါသနာပါရာ အားကစားနည်းတစ်ခုခုကို ပုံမှန်လေ့ကျင့်ဆောင်ရွက်စေလိုသော အလေ့အကျင့်ကောင်းများ ရရှိစေလိုသည့် ရည်ရွယ်ချက်များဖြင့် ဖော်ဆောင်ပေးနေခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများ ပိုမိုအကျိုးရှိ ထိရောက်စေရေးအတွက် အောက်ပါ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင် စေရေးလုပ်ငန်းစဉ်များကို ထပ်မံတိုးမြှင့်၊ ပြုပြင်ဆောင်ရွက်သွားသင့်ကြောင်း အကြံပြုလိုပါသည်။

**တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေး ကော်မတီ ဖွဲ့စည်းဆောင်ရွက်သင့်**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ဖော်ဆောင်လျက်ရှိသည့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးလုပ်ငန်းများမှာ များပြားကျယ်ပြန့်လှသဖြင့် ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနများ အပါအဝင် အခြားပါဝင်သင့်သည့် ဝန်ကြီးဌာနများနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့များမှ တာဝန်ရှိသူများပါဝင်သည့် **"တစ်မျိုးသားလုံး သက်ရှည်ကျန်းမာ ကြံ့ခိုင်ရေး ကော်မတီ"** ကို ဖွဲ့စည်းဆောင်ရွက်သင့်ပါသည်။ အဆိုပါ ကော်မတီကို ဖွဲ့စည်းပေးနိုင်ရေးအတွက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ နိုင်ငံတော်အစိုးရသို့ တင်ပြခြင်း၊ ကော်မတီကို ဖွဲ့စည်းခွင့်ပြုပါက ကော်မတီအနေဖြင့် နိုင်ငံတော်အစိုးရမှ မူဝါဒချမှတ်ပေးရန် လိုအပ်သည့် အချက်များနှင့် တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များ ရေးဆွဲတင်ပြခြင်း၊ နိုင်ငံတော်အစိုးရ၏ ခွင့်ပြုလမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် စီမံချက်များ ရေးဆွဲဆောင်ရွက်သွားသင့်ပါသည်။

**တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေး ကော်မတီ** အနေဖြင့်လည်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်သူလူထုအတွင်း လက်လုပ်လက်စား အခြေခံလူတန်းစားများ ပါဝင်သည့်အုပ်စု၊ သက်ကြီးရွယ်အိုများအုပ်စု၊ ဉာဏ်ရည်မမီသူများအုပ်စုနှင့် မသန်စွမ်းသူများအုပ်စု၊ ဝန်ကြီးဌာနအသီးသီးရှိ ကာယ၊ ဉာဏ ဝန်ထမ်းများအုပ်စု၊ တက္ကသိုလ်၊ ကောလိပ်များနှင့် အခြေခံပညာကျောင်းများရှိ မျိုးဆက်သစ်လူငယ်လူရွယ်များအုပ်စု၊ စက်ရုံ၊ အလုပ်ရုံများမှ အလုပ်သမားဝန်ထမ်းများ အုပ်စု၊ နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး တာဝန်ယူထားရသည့် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအုပ်စု၊ အကျဉ်းထောင်၊ အကျဉ်းစခန်းများတွင် အကျဉ်းကျခံနေရသည့် အကျဉ်းသားများအုပ်စုနှင့် နိုင်ငံ့လူဦးရေ၏ ထက်ဝက်ကျော်ခန့်ရှိသည့် အမျိုးသမီးထုတစ်ရပ်လုံးအတွက် အသိပညာပေးရေး အစီအစဉ်များနှင့် လိုက်ပါလုပ်ဆောင်ရမည့်အုပ်စု တစ်ခုချင်းအလိုက် လေ့ကျင့်ခန်းများနှင့် လုပ်ငန်းစဉ်များ ချမှတ်ပေးပြီးလိုက်ပါဆောင်ရွက်လာစေရေး စည်းရုံးဆောင်ရွက်သွားသင့်ပါသည်။

**ကော်မတီမှ ဝန်ကြီးဌာနများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သင့်သည့် အကြံပြုချက်များ**

**တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေး ကော်မတီ** အနေဖြင့် ဝန်ကြီးဌာန အသီးသီးရှိ ကာယ၊ ဉာဏဝန်ထမ်းများ ကျန်းမာပျော်ရွှင်စွာဖြင့် နိုင်ငံတော်၏ တာဝန်များ ထမ်းဆောင်နိုင်စေရေးအတွက် နေ့စဉ်ရုံးဆင်းချိန်မတိုင်မီ နာရီဝက်ခန့်ကို စုပေါင်းကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်နိုင်စေရေး ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ဖွင့်လှစ်ပေးသည့် Physical Fitness Dance သင်တန်းသို့ ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ စိတ်ပါဝင်စားစွာဖြင့် အင်ပြည့်အားပြည့် တက်ရောက်စေရေး ညှိနှိုင်းဆောင်ရွက်ပေးခြင်းနှင့် သင်တန်းတက်ရောက်ပြီးသူများမှ ဝန်ကြီးဌာနအလိုက် ဆင့်ပွားသင်တန်းများ ပြန်လည်ဖွင့်လှစ်ပို့ချစေရေးတို့ကို ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ ဝန်ကြီးဌာနများအလိုက် ကိုယ်လက်လှုပ်ရှားမှုများကြောင့် ရရှိလာသည့် အကျိုးကျေးဇူးများကို အသိပညာပေး ရှင်းလင်းဟောပြောခြင်းများ ပြုလုပ်စေရေး ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ ထို့ပြင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့်လည်း ဝန်ကြီးဌာနပေါင်းစုံ Physical Fitness Dance ပြိုင်ပွဲများကို တစ်နှစ်လျှင် နှစ်ကြိမ်ခန့် ကျင်းပ၍ ထိုက်တန်သည့်ဆုများ ချီးမြှင့်ပေးအပ်ခြင်းဖြင့် ဝန်ကြီးဌာနအလိုက် ပြိုင်ဆိုင်မှုပြင်းထန်သည့် ပြိုင်ပွဲများဖြစ်လာစေရေး စည်းရုံးဆောင်ရွက်သင့်ပါသည်။ အထက်ပါ လုပ်ငန်းစဉ်များ ထိထိမိမိ ချိတ်ဆက်ဆောင်ရွက်ပေးနိုင်မည်ဆိုပါက အကျိုးဆက်အနေဖြင့် ဝန်ကြီးဌာနအသီးသီးရှိ ကာယ၊ ဉာဏ ဝန်ထမ်းများ၏ သက်ရှည်ကျန်းမာကြံ့ခိုင်ရေးကို လွန်စွာ အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

**ကော်မတီမှ ပညာရေးဝန်ကြီးဌာနအပါအဝင် တက္ကသိုလ်၊ ကောလိပ်ရှိသည့် ဝန်ကြီးဌာနများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သင့်သည့် အကြံပြုချက်များ**

**တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေး ကော်မတီ** အနေဖြင့် ပညာရေးဝန်ကြီးဌာနအပါအဝင် တက္ကသိုလ်၊ ကောလိပ်ရှိသော ဝန်ကြီးဌာနများရှိ တက္ကသိုလ်၊ ကောလိပ်များနှင့် အခြေခံပညာကျောင်းများတွင် သတ်မှတ်ထားသော ကာယအချိန်များကို သတ်မှတ်ကာယအချိန်အတိုင်း အားကစားလှုပ်ရှားဆောင်ရွက်ခွင့်များ ပြုလုပ်ခွင့်ရရှိစေရေး ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ တက္ကသိုလ်၊ ကောလိပ်များတွင် မေဂျာအလိုက် အားကစားပြိုင်ပွဲများ၊ အခြေခံပညာကျောင်းများတွင် အားကစားနည်းအလိုက် ကျောင်းတွင်းအားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ ကျောင်းများတွင် ကလေးသူငယ်များနှင့် လိုက်ဖက်သည့် Outdoor Fitness များ ပြုလုပ်တပ်ဆင်ပေးခြင်း၊ လူငယ်၊ လူရွယ်များ အများဆုံးရှိရာ အခြေခံပညာကျောင်းများတွင် ဗလငါးတန်ဖွံ့ဖြိုးသော လူငယ်လူရွယ်များ ဖြစ်လာစေရန် ကိုယ်လက်လှုပ်ရှား အားကစားဆောင်ရွက်မှု၏ အရေးပါမှုကို လူငယ်များ အားကျသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ၊ အားကစားလိုက်စားသည့် အနုပညာရှင်များဖြင့် အသိပညာပေး ဟောပြောပို့ချမှုများ၊ အားကစားသရုပ်ပြမှုများ ဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ ကျောင်းတိုင်းတွင် အားကစားကွင်း၊ အားကစားရုံနှင့် အားကစားအထောက်အကူပြုပစ္စည်းများ တတ်နိုင်သရွေ့ စီစဉ်ထားရှိပေးနိုင်ရေးနှင့် အတန်းချိန်ဇယားများတွင်

*စာမျက်နှာ ၁၁ သို့*

❖ **အားလုံးကိုခြုံ၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်စေရေးအတွက် လက်ရှိဝန်ကြီးဌာနမှ ဆောင်ရွက်နေသော ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုများကို ဒီဇင်ဘာလတစ်လတည်း ဆောင်ရွက်နေရုံမျှဖြင့် မလုံလောက်၊ မထိရောက်နိုင်ဟု ယူဆမိပါသဖြင့် လက်ရှိဝန်ကြီးဌာနမှ ဆောင်ရွက်နေသော လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သည့်အနေဖြင့် တစ်နှစ်တာကာလပတ်လုံး (မိုးတွင်းကာလမှလွဲ၍) လတစ်လ၏ ပထမပတ် စနေနေ့တိုင်းကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူထုစုပေါင်း လမ်းလျှောက်ပွဲများ ဆင်နွှဲနိုင်ရေးကို နိုင်ငံတော်အစိုးရထံ မူဝါဒနှင့် ခွင့်ပြုချက်ရယူ ဆောင်ရွက်သင့်**

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာအသိပညာပေး

ရန်ကုန် ဒီဇင်ဘာ ၂

ရွှေလုပ်ငန်းရှင်များအသင်းမှ ကြီးမှူး ဖွင့်လှစ်သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး သင်တန်းအမှတ် စဉ်(၁၈)ကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင် များအသင်းရုံး၌ ကျင်းပရာ ကျောက်တံတားခရိုင် ခေတ္တ အုပ်ချုပ်ရေးမှူး ဦးဇော်လင်းထက်၊ တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် တာဝန် ရှိသူများ၊ သင်တန်းသား သင်တန်း သူများ တက်ရောက်ခဲ့ကြသည်။



အခမ်းအနားတွင် တာဝန်ရှိသူ များက အမှာစကားများ ပြောကြား ကြပြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြား ရေးမှူး ဦးဇော်မျိုးထွန်းက ငွေကြေး ခဝါချမှု နည်းလမ်းများဖြစ်သည့် အိမ်၊ ခြံ၊ မြေ၊ မော်တော်ယာဉ် အစရှိသည့် အဖိုးတန်ပစ္စည်းများ ဝယ်ယူခြင်း၊ ငွေကြေးလဲလှယ် ခြင်းနှင့် ငွေဖြူပြောင်းလဲခြင်း၊ တရားမဝင် ငွေကြေးများကို တရားဝင်ငွေကြေးနှင့် ရောနှော အသုံးပြုခြင်း၊ ငွေဆက်သား အသုံးပြုခြင်း၊ ကုန်သွယ်ခြင်းနှင့် တရားမဝင် လောင်းကစားတွင် အသုံးပြုခြင်းစသည်တို့ကို ပညာ ပေး ဆွေးနွေးခဲ့သည်။

ယခုသင်တန်းသို့ သင်တန်း သား ၁၂၀ တက်ရောက်ကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**

# မြိတ်မြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများ စစ်ဆေး

မြိတ် ဒီဇင်ဘာ ၂

မြိတ်မြို့ ဖွံ့ဖြိုးတိုးတက်ရေး အတွက် မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာ နှစ်၊ လမ်း၊ တံတား တည်ဆောက် ရေးလုပ်ငန်းများကို ဒီဇင်ဘာ ၁ ရက်က တနင်္သာရီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးအောင်ဇော်လှိုင်နှင့် တာဝန် ရှိသူများ တည်ဆောက်ရေး လုပ်ငန်းခွင်များသို့ ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

မြိတ်မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့မှ ကလွင်ကျေးရွာ နတ်စင်လမ်း ကတ္တရာချဲ့ခင်းခြင်း လုပ်ငန်း၊ ထားဝယ်စုရပ်ကွက် ဂုဏ်ရုံလမ်းနှင့် ဗိုလ်ချုပ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ် ငန်း၊ ချယ်ရီလမ်းတွင် ကွန်ကရစ် တံတားပြုလုပ်ခြင်း လုပ်ငန်း၊



ကန်ဖျား လမ်းမကြီး ရေမြောင်း ပလက်ဖောင်းပြုလုပ်ခြင်းလုပ်င န်းနှင့် ကမ်းနားလမ်းတွင် ရင်ပြင် နှင့် ငါးရုပ်တပ်ဆင်ခြင်းလုပ်ငန်း များကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများ ဆောင် ရွက်ပြီးစီးမှုများကို တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး နှင့် တာဝန်ရှိသူများက ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့ကြပြီး လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးက လုပ်ငန်း များဆောင်ရွက်ရာတွင် အရည် အသွေးပြည့်မီစွာဖြင့် သတ်မှတ် အချိန်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းအောင် ဆောင်ရွက်ရန် မှာကြားသည်။ အဆိုပါ လမ်း၊ တံတား တည် ဆောက်ရေးလုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

ကာယချိန်ကို မဖြစ်မနေ ထည့်သွင်းပေးနိုင်ရေး၊ ကာယပညာသင်ကြားမည့် အရည်အချင်းရှိသည့် ဆရာ ဆရာမများ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင် ရေးအတွက် သင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ် ပေးနိုင်ရေး ညှိနှိုင်းပေးခြင်း၊ စာသင်ခန်းများတွင် အားကစားလှုပ်ရှားဆောင်ရွက်ခြင်း၏ အကျိုး ကျေးဇူးနှင့် လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူး များကို စာတန်းများဖြင့် ချိတ်ဆွဲထားရှိပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ အားကစားနှင့်လူငယ် ရေးရာဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် အဆင့်ဆင့် သော အားကစားနှင့်ကာယပညာဦးစီးဌာနများမှ အခြေခံပညာကျောင်းများနှင့် နှစ်စဉ်ချိတ်ဆက်၍ ဖွင့်လှစ်ပေးလျက်ရှိသော (ရွှေ၊ မိုး၊ ဆောင်း) အခြေခံ နှင့် အဆင့်မြင့်အားကစားသင်တန်းများသို့ ကျောင်း သား ကျောင်းသူများ အင်ပြည့်အားပြည့်တက်ရောက် စေရေး ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအောက်ရှိ အဆင့်ဆင့် သော အားကစားနှင့်ကာယပညာဦးစီးဌာနများမှ တက္ကသိုလ်၊ ကောလိပ်များနှင့် အခြေခံပညာကျောင်း များတွင် အားကစားသရုပ်ပြပွဲများနှင့် အားကစား အသိပညာပေးဟောပြောပွဲများ ပြုလုပ်နိုင်ရေး လာရောက်ဆက်သွယ်ပါက တာဝန်ရှိသူ အဆင့်ဆင့် မှ အတတ်နိုင်ဆုံး ကျောင်းသား ကျောင်းသူများ အင်ပြည့်အားပြည့် တက်ရောက်နိုင်ရေး စည်းရုံး ဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးသင့်ပါသည်။ သို့မှသာ တက္ကသိုလ်၊ ကောလိပ်များနှင့် အခြေခံပညာ ကျောင်းများတွင်ရှိနေသော လူငယ်လူရွယ် အများစု ၏ သက်ရှည်ကျန်းမာကြံ့ခိုင်ရေးကို များစွာ အထောက် အကူပြုလာနိုင်မည်ဖြစ်ပါသည်။

**အမျိုးသမီးများနှင့် အားကစားကဏ္ဍာ ဆက်စပ်ဆောင်ရွက်ပေးသင့်သည့် အကြံပြုချက်များ**

**တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေး ကော်မတီ**အနေဖြင့် မြန်မာနိုင်ငံ၏ လူဦးရေ ထက်ဝက်ကျော်သည် အမျိုးသမီးထုဖြစ်သည့် အတွက် ကျန်းမာပျော်ရွှင်သော မိသားစုဘဝ၊ လူနေမှုဘဝ ရရှိပိုင်ဆိုင်နိုင်စေရန် အမျိုးသမီးများ ကိုယ်လက်လှုပ်ရှား အားကစားဆောင်ရွက်ခွင့် ရရှိ ရေးသည်လည်း အရေးကြီးသော အခန်းကဏ္ဍာဖြစ်၍ တွန်းအားပေး ဆောင်ရွက်သင့်ပါသည်။ အပြည်ပြည် ဆိုင်ရာ အိုလံပစ်ကော်မတီ (IOC)မှ လည်း သက်ဆိုင် ရာ နိုင်ငံအလိုက် (NOC) များသို့ အမျိုးသမီး အားကစားသမားများ ပြိုင်ပွဲတိုင်း၌ တစ်နှစ်ထက် တစ်နှစ် ပိုမိုပါဝင်လာနိုင်စေရန်နှင့် အားကစား အဖွဲ့အစည်း၊ ဌာနများ၏ ဆုံးဖြတ်ပိုင်ခွင့်ရှိသော နေရာများတွင်လည်း အမျိုးသမီးများ ပါဝင်လာစေ ရေးကို တွန်းအားပေးဆောင်ရွက်လျက်ရှိသည့် အတွက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအနေဖြင့် လည်း သက်ဆိုင်ရာ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ်သို့ တွန်းအားပေးဆောင်ရွက် ရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံတွင် အမျိုးသမီးများ နှင့် ပတ်သက်၍ မြန်မာနိုင်ငံ အမျိုးသမီးအားကစား အဖွဲ့ချုပ်၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ များအား ဖွဲ့စည်းထားရှိပြီးဖြစ်ရာ အဆိုပါအဖွဲ့များ နှင့် ချိတ်ဆက်၍ အမျိုးသမီးများ အားကစားအသိ ပညာ ပိုမိုတိုးတက်လာစေရန်နှင့် အားကစားပိုမို လိုက်စားလာစေရန်၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ ညီလာခံများ ကျင်းပပေးရန် လိုအပ်ပြီး အမျိုးသမီးများ အားကစားကဏ္ဍာ၌ ပါဝင် မှု ပိုမိုမြှင့်တင်နိုင်ရေးအတွက် ကျောင်းနေအရွယ်မှ စတင်၍ ပြုစုပျိုးထောင်ပေးမှသာလျှင် ထူးချွန် ထက်မြက်သော လူငယ်အမျိုးသမီးများ ပေါ်ထွက် လာနိုင်မည်ဖြစ်ပါသည်။ ယခင်ကဆောင်ရွက်ခဲ့သည့် အမျိုးသမီးအားကစားအဖွဲ့ချုပ်နှင့် တိုင်းဒေသကြီး နှင့် ပြည်နယ်အားကစားဆပ်ကော်မတီများ ပူးပေါင်းဆောင်ရွက်ခဲ့သည့် (Exercise Is Medicine) **ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး** အစီအစဉ်ကိုလည်း စဉ်ဆက်မပြတ် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအနေဖြင့်လည်း မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်အား အမျိုးသမီး အားကစားကော်မတီ (ကမ္ဘာ့အဆင့်၊ အာရှအဆင့်၊ အရှေ့တောင်အာရှအဆင့်) တို့နှင့် ချိတ်ဆက်စေပြီး မိမိနိုင်ငံအတွင်းရှိ ဒေသအသီးသီး၌ အမျိုးသမီးများ အား အားကစားအသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးခြင်း၊ အားကစားသရုပ်ပြပွဲများ၊ ပြိုင်ပွဲ များ ကျင်းပပြုလုပ်ပေးခြင်း၊ ပြည်ပသို့ စေလွှတ်၍ Workshop, Seminar, Forum များ တက်ရောက်စေ ခြင်း စသည်တို့ကို ပံ့ပိုးဆောင်ရွက်ပေးခြင်းဖြင့် အတွေ့အကြုံ၊ ဗဟုသုတများရရှိပြီး အမျိုးသမီးများ အားကစားတွင် ပါဝင်လှုပ်ရှားမှုကို အရှိန်အဟုန် မြှင့် ဆောင်ရွက်သွားသင့်ပါသည်။ ခိုင်မာသည့် အားကစားမူဝါဒဖြင့် အမျိုးသမီးထုနှင့်တကွ ပြည်သူတစ်ရပ်လုံး အားကစားလေ့လာလိုက်စား၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်လာစေရန် တွန်းအားပေး ဆောင်ရွက်သင့်ပါသည်။ မြန်မာနိုင်ငံ လူဦးရေ၏ ထက်ဝက်ကျော်သည် အမျိုးသမီးထုကြီး ဖြစ်သည့်အတွက် တစ်မျိုးသားလုံးသက်ရှည် ကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှား အားကစား ဆောင်ရွက်မှုများတွင် ပါဝင်လာစေရေး ဦးစားပေးစည်းရုံးဆောင်ရွက်သင့်သည့် အဖွဲ့အစည်း ဖြစ်သည်ကို အထူးဂရုပြုသင့်ပါသည်။

**အားကစားမီဒီယာ၏ အခန်းကဏ္ဍာအား မြှင့်တင်ဆောင်ရွက်သင့်သည့် အကြံပြုချက်များ**

**တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေး ကော်မတီ**အနေဖြင့် ကော်မတီ၏ ရည်ရွယ်ချက်ပါ လုပ်ငန်းများ ထိရောက်အောင်မြင်စေရေးအတွက် မီဒီယာအခန်းကဏ္ဍာကို မြှင့်တင်ဆောင်ရွက်ရန် လိုအပ်ပါသည်။ မီဒီယာဆိုသည်မှာ လူထုနှင့်အစိုးရ အား ကြားခံဆက်သွယ်ပေးသည့်အရာဖြစ်၍ လူထု အားကစားလှုပ်ရှားမှုတွင် ပြည်သူတစ်ရပ်လုံး ပါဝင် ပတ်သက်လာစေရေးအတွက် လှုံ့ဆော်ရေးသားပေး ရန် လိုအပ်ခြင်း၊ လူသားအားလုံး သက်ရှည်ကျန်းမာ ကြံ့ခိုင်သောဘဝကို ရရှိပိုင်ဆိုင်လာစေရန်ကိုယ်လက် လှုပ်ရှား အားကစားပြုလုပ်ခြင်းကသာ အထောက် အကူပေးနိုင်ကြောင်း ပြည်သူလူထုကျယ်ကျယ် ပြန့်ပြန့် သိရှိစေရန်အတွက်သတင်းများ ထုတ်လွှင့် ပေးခြင်း၊ အားကစားလှုပ်ရှားဆောင်ရွက်ခြင်း အကျိုးကျေးဇူးဆောင်းပါးများကို သတင်းစာများ တွင် ရေးသားဖော်ပြပေးခြင်း၊ အောင်မြင်နေသည့် (သို့) လူသိများအောင်မြင်ခဲ့သည့် အားကစားသမား များနှင့် တွေ့ဆုံမေးမြန်းခန်းများပြုလုပ်ခြင်း စသည် တို့ကို ဆောင်ရွက်ပေးနိုင်ပါက အားကစားလှုပ်ရှား ဆောင်ရွက်မှု၏ အကျိုးကျေးဇူးကို မသိသေးသူ များအတွက် ဗဟုသုတရစေပြီး အားကစားလေ့ကျင့် လိုက်စားလိုစိတ်များ ဖြစ်ပေါ်လာနိုင်ခြင်း၊ မြန်မာ နိုင်ငံရှိ အားကစားသတင်းများနှင့် ပတ်သက်၍ အမျိုးသား ဘောလုံးပွဲ၊ ရိုးရာလက်ဝှေ့နှင့် နိုင်ငံတကာ ဘောလုံးပြိုင်ပွဲအကြောင်းများကိုသာ ရုပ်သံသတင်း များနှင့် သတင်းစာ၊ ဂျာနယ်များတွင် ဦးစားပေး ထုတ်လွှင့်ဖော်ပြပေးနေသည်ကို တွေ့ရှိရသည့် အတွက် မြန်မာနိုင်ငံ အားကစားမီဒီယာအဖွဲ့ချုပ် အနေဖြင့်လည်း အစိုးရဝန်ကြီးဌာနနှင့် ပြင်ပရုပ်သံ ဌာနများ၊ အားကစားကလောင်ရှင်များနှင့် အမြဲ မပြတ် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ခြင်း၊ ထို့ပြင် အားကစားစာနယ်ဇင်းကောင်းများ၊ အားကစား မီဒီယာကောင်းများ ပေါ်ထွက်လာစေရန်နှင့် အားကစားပြိုင်ပွဲများတွင် ထိရောက်အကျိုးရှိသည့် မေးခွန်းများ မေးမြန်းပြီး သတင်းရယူနိုင်ရေးအတွက် ၎င်းတို့အား အားကစားသတင်းအချက်အလက် ဆိုင်ရာ ဆွေးနွေးပွဲ (Sports Media Workshop) များကို အခါအားလျော်စွာ ပြုလုပ်ဆောင်ရွက်စေ သင့်ပါသည်။ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာ ကြံ့ခိုင်စေရေးအတွက် မြန်မာနိုင်ငံ အားကစား မီဒီယာအဖွဲ့ချုပ်၏ စွမ်းဆောင်မှုဖြင့် ကော်မတီ၏ ဦးတည်ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင် အောင် ဆောင်ရွက်နိုင်သည်ကို သတိပြုသင့်ပါသည်။

**အခြားမဖြစ်မနေ ဆောင်ရွက်ပေးသင့်သည့် အကြံပြုချက်များ**

**တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေး ကော်မတီ** အနေဖြင့် နိုင်ငံတော်၏ နေ့ထူး၊ နေ့မြတ် များတွင် လူငယ်လူရွယ်များ၊ ဝန်ထမ်းများအပါအဝင် ပြည်သူတစ်ရပ်လုံး ကျန်းမာပျော်ရွှင်စေရေးအတွက် လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ တပ်မတော်နေ့၊ တောင်သူလယ်သမားနေ့၊ အလုပ်သမားနေ့ကဲ့သို့ သော နေ့ရက်များတွင် အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ ပြိုင်ပွဲများနှင့် ရိုးရာအားကစားပြိုင်ပွဲများ ကျင်းပ နိုင်ရေး စီစဉ်ဆောင်ရွက်သင့်ခြင်း၊ မြန်မာနိုင်ငံအား ကစားအဖွဲ့ချုပ်များအနေဖြင့်လည်း လူငယ်လူရွယ် များမှ အစပြု၍ ပြည်သူလူထုအတွင်း မိမိတို့ အားကစားနည်းကို သိရှိပြီး လေ့လာလိုက်စားလိုသူ များ တိုးပွားလာရေးအတွက် ခေတ်ကာလအခြေ အနေအရ ရုပ်မြင်သံကြားလိုင်းများမှ အားကစား နည်းအလိုက် ပညာပေးဟောပြောခြင်းနှင့် သရုပ်ပြ ခြင်းများ ဆောင်ရွက်သင့်ခြင်း၊ FM ရေဒီယိုလိုင်း ပေါင်းစုံမှ အသိပညာပေး ဟောပြောမှုများ ကို ထုတ်လွှင့်ပေးသင့်ခြင်း၊ **အားလုံးကိုခြုံ၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်စေရေး အတွက် လက်ရှိဝန်ကြီးဌာနမှ ဆောင်ရွက်နေ သော ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုများကို ဒီဇင်ဘာလတစ်လတည်း ဆောင်ရွက်နေရုံမျှဖြင့် မလုံလောက်၊ မထိရောက်နိုင်ဟု ယူဆမိပါသဖြင့် လက်ရှိဝန်ကြီးဌာနမှ ဆောင်ရွက်နေသော လုပ်ငန်း များကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သည့် အနေဖြင့် တစ်နှစ်တာကာလပတ်လုံး (မိုးတွင်း ကာလမှလွဲ၍) လတစ်လ၏ ပထမပတ် စနေနေ့တိုင်း ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူထုစုပေါင်း လမ်းလျှောက်ပွဲများ ဆင်နွှဲနိုင်ရေးကို နိုင်ငံတော် အစိုးရထံ မူဝါဒနှင့် ခွင့်ပြုချက်ရယူ ဆောင်ရွက်သင့် ပါသည်။** တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး လုပ်ငန်းများသည် များပြားကျယ်ပြန့်လှသည့် အတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များ အပါအဝင် ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းစုပေါင်းအားဖြင့် ဆောင်ရွက်မှသာ ထိရောက်အောင်မြင်နိုင်မည် ဖြစ်ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်း အမှတ်စဉ်(၁၆)နှင့် အဆင့်မြင့်အရာထမ်း သင်တန်းအမှတ်စဉ်(၁၉) တို့၏ သင်တန်းဖွင့်ပွဲ ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂**

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး သင်တန်းအမှတ်စဉ် (၁၆) နှင့် အဆင့်မြင့်အရာထမ်း သင်တန်းအမှတ်စဉ် (၁၉) တို့၏ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့တွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) နီလာခန်းမ၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်၊ သူရဦးဘိုနီနှင့်တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ် သင်ကြား/ စီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက အဆင့်မြင့်အရာရှိကြီးများအနေဖြင့် မိမိတို့လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် ကြုံတွေ့ရမည့် အခက်အခဲနှင့် စိန်ခေါ်မှုများ၊ မိမိတို့နိုင်ငံ၊ မိမိတို့အဖွဲ့အစည်း၏ ရည်မှန်းချက်ကို ပျက်ပြားစေမည့် အတားအဆီး၊ ဆူးငြောင့်ခလုတ်များကို စဉ်းစားဆင်ခြင်သုံးသပ်ပြီး အမှန်နှင့်အမှား အကောင်းနှင့်အဆိုး မှန်ကန်စွာ ခွဲခြားစိစစ်ကာ လုပ်ဖော်ကိုင်ဖက်များနှင့်အတူ ရင်ဆိုင်ဖြေရှင်းဆောင်ရွက်နိုင်စေရန် လမ်းပြကြရမည်ဖြစ်ပါကြောင်း။

မိမိကိုယ်ကို လေ့လာဆန်းစစ်ပြီး ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုအရည်အသွေး တိုးတက်မြင့်မားအောင်ကြိုးပမ်းရင်း တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ငန်းဆောင်တာများကို တိကျမြန်ဆန်သွက်လက်စွာ ဆောင်ရွက်ကြရန်နှင့် မိမိဌာနအဖွဲ့အစည်း၏ လုပ်ငန်းများကို ခေတ်မီဆန်းသစ်ပြီး ဖန်တီးနိုင်မှုစွမ်းအားများနှင့် ပေါင်းစပ်လုပ်ကိုင်ကြရန် တိုက်တွန်းမှာကြားသည်။ **(ဝဲပုံ)**

အဆိုပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်းအမှတ်စဉ် (၁၆) သို့ သင်တန်းသား ၁၄ ဦး၊ သင်တန်းသူ ၈ ဦး၊ စုစုပေါင်း ၂၂ ဦးနှင့် အဆင့်မြင့်အရာထမ်း သင်တန်းအမှတ်စဉ် ၁၉ သို့ သင်တန်းသား ၂၈ ဦး၊ သင်တန်းသူ ၁၇ ဦး၊ စုစုပေါင်း ၄၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၉ ရက် အထိဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# တောင်ကြီးမြို့ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း(တောင်ကြီး)ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း (တောင်ကြီး) ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါကျောင်း၌ ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်မင်းလတ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ကျောင်းသား ကျောင်းသူများ တက်ရာက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** ပြည်နယ်ဝန်ကြီးချုပ်က အစိုးရ စက်မှုလက်မှုသိပ္ပံကျောင်း (တောင်ကြီး) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဘင်ခရာအဖွဲ့၊ ပန်းဖွားအကနှင့် တိုးနရားအကအဖွဲ့တို့ကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က အဆိုပါကျောင်းခန်းမ၌ အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူများက အကအလှများဖြင့် ကပြဖျော်ဖြေကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းရန်ပုံငွေအတွက် ထောက်ပံ့ငွေများနှင့် အကအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရသင့်ရထိုက်သည့် အခွန်အခများနှင့် ချေးငွေများ အပြည့်အဝကောက်ခံရရှိရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (၃/၂၀၂၄) ကျင်းပ

**မုံရွာ ဒီဇင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များတွင် ရသင့်ရထိုက်သည့် အခွန်အခများနှင့် ချေးငွေများ အပြည့်အဝကောက်ခံရရှိရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (၃/၂၀၂၄) ကို ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က နိုင်ငံတော်အနေဖြင့် ရငွေရရှိမှုသာ သုံးစွဲငွေများအား သုံးစွဲနိုင်မည်ဖြစ်သဖြင့် အခွန်ငွေများ တိုးတက်ကောက်ခံ ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် ကောက်ခံရန် သတ်မှတ်ပေးထားသည့် လျာထားချက်များအား ပြည့်မီကျော်လွန်စွာ ကောက်ခံရရှိနိုင်ရန်၊ ရသင့်ရထိုက်သော အခွန်ငွေများအား တိမ်းရှောင်နေသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် ဝန်ဆောင်မှုရယူသူများအနေဖြင့် အခွန်အခလွတ်ကင်းလျော့နည်းမှုမရှိဘဲ ပြည့်ပြည့်ဝဝ ကောက်ခံရရှိနိုင်ရေး ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။ **(အောက်ပုံ)**

ဆက်လက်ပြီး တိုင်းဒေသကြီးအတွင်းရှိ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက လုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေး တင်ပြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် (၁၁/၂၀၂၄)

၁။ ကမ္ဘာပေါ်တွင် လူဦးရေသန်းပေါင်း ၈၀၀၀ ကျော်ရှိသည့်အနက် သန်းပေါင်း ၁၀၀၀ ကျော်သည် မသန်စွမ်းသူစာရင်းတွင် ပါဝင်နေပါသည်။ ထိုမျှသော မသန်စွမ်းသူများ၏အခန်းကဏ္ဍကို ပိုမိုသိရှိနားလည်စေရေးနှင့် ၎င်းတို့၏အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်မြှင့်တင်ပေးနိုင်ရန် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အခြေခံမူများကို ၁၉၉၂ ခုနှစ် (၄၇) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အပိုဒ် (၄၇/၃) ဖြင့် အတည်ပြုချမှတ်ခဲ့ပြီး နှစ်စဉ် ဒီဇင်ဘာလ ၃ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အဖြစ် သတ်မှတ်ခဲ့ပါသည်။

၂။ ကုလသမဂ္ဂက ၂၀၀၆ ခုနှစ်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးများကို ပိုမိုကာကွယ်ဆောင်ရွက်ပေးနိုင်ရန် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (Convention on the Rights of Persons with Disabilities–CRPD) ကို ချမှတ်အတည်ပြုပေးခဲ့ရာ ကမ္ဘာ့နိုင်ငံပေါင်း ၁၉၀ ကျော်က ပါဝင်လက်မှတ်ရေးထိုးပြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံကလည်း ထိုသဘောတူစာချုပ်ကို ၂၀၁၁ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်အတည်ပြုချုပ်ဆိုထားပါသည်။ ထို့အပြင် နိုင်ငံတော်အတွင်းရှိ မသန်စွမ်းသူများ၏ အခွင့်အရေးများကို ပိုမိုပြည့်ဝစွာရရှိခံစားနိုင်စေရန်နှင့် ပိုမို၍ကြည့်ရှုစောင့်ရှောက်နိုင်ရန်အတွက် ၂၀၁၅ ခုနှစ်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးနည်းဥပဒေကို ထုတ်ပြန်ပေးခဲ့ပါသည်။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ နိုင်ငံတော်အဆင့် အမျိုးသားကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်းနှင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ (၅) နှစ်စီမံကိန်း (၂၀၂၂-၂၀၂၇) ရေးဆွဲဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

၃။ ယခုအခါ ကမ္ဘာတစ်ဝန်းတွင် မသန်စွမ်းသူအရေးအတွက် မြင့်တက်လာသည်နှင့်အမျှ မသန်စွမ်းသူများအပေါ်ထားရှိသည့် စိတ်နေသဘောထားများကို ပြုပြင်ပြောင်းလဲလျက် ရုပ်ဝတ္ထုအတားအဆီးများကို လျှော့ချပေးခြင်းဖြင့် မသန်စွမ်းသူများသည် ကဏ္ဍအသီးသီးတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိကာ အခြားသူများနည်းတူ အမှီအခိုကင်းစွာ ဘဝဖွံ့ဖြိုးတိုးတက်ရှင်သန်နိုင်မည် ဖြစ်ပါသည်။ ယခုနှစ်တွင်လည်း ကုလသမဂ္ဂက အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ဆောင်ပုဒ်အဖြစ် **"အနာဂတ်မှာ အားလုံးရေရှည်တည်တံ့ရေး မသန်စွမ်းသူများ ခေါင်းဆောင်နိုင်မှု မြှင့်တင်ပေး'' "Amplifying the leadership of persons with disabilities for an inclusive and sustainable future"** ဟူ၍ ချမှတ်ထားပါသည်။

၄။ ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ ၂၀၃၀ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မသန်စွမ်းသူများ၏ အခန်းကဏ္ဍကို အထူးအလေးပေးဖော်ပြထားသည့်အလျောက် ယခုနှစ် ဆောင်ပုဒ်နှင့်အညီ မသန်စွမ်းသူများ ဦးဆောင်မှုကဏ္ဍတွင် ပါဝင်ဆောင်ရွက်လာနိုင်ရေး အားပေးဖော်ဆောင်ကြပါရန် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ကျရောက်သည့် (၃၂) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အား ဂုဏ်ပြုလျက် တိုက်တွန်းဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်

# သမ္မတဘိုင်ဒင်၏ သားဖြစ်သူ ဟန်တာ၏ လွတ်ငြိမ်းချမ်းသာခွင့်ကို ရွေးကောက်ခံသမ္မတ ထရမ့် ပြစ်တင်ရှုတ်ချ

ဝါရှင်တန် ဒီဇင်ဘာ ၂

အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်သည် တရားမျှတမှုကို အလွဲသုံးစားပြုလုပ်သည်ဟုဆိုကာ သမ္မတ ဂျိုးဘိုင်ဒင်၏ သားဖြစ်သူ ဟန်တာဘိုင်ဒင်၏ လွတ်ငြိမ်းချမ်းသာခွင့်အပေါ် ပြစ်တင်ရှုတ်ချလိုက်သည်။

ထရမ့်သည် ဒီဇင်ဘာ ၁ ရက်က ဆိုရှယ်မီဒီယာတစ်ခုတွင် ထိုကဲ့သို့ ပြစ်တင်ရှုတ်ချလိုက်ခြင်း ဖြစ်သည်။ လက်နက်ဝယ်ယူမှုအပြင် အခြားသော စွဲချက်များဖြင့် ပြစ်ဒဏ်ချမှတ်ခံထားရသော ဟန်တာ၏ လွတ်ငြိမ်းချမ်းသာခွင့်ကို ဒီဇင်ဘာ ၁ ရက်အစောပိုင်းတွင် သမ္မတဘိုင်ဒင်က လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

ထရမ့်ကိုယ်တိုင်လည်း ၎င်း၏ ပထမသမ္မတသက်တမ်းမကုန်ဆုံးမီ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် လူအများအပြားကို လွတ်ငြိမ်းသာခွင့် သို့မဟုတ် ၎င်းတို့၏ ပြစ်ဒဏ်များကို လျှော့ပေါ့ပေးခဲ့ကြောင်း သိရသည်။ လွတ်ငြိမ်းချမ်းသာခွင့်ပြုသူများတွင် ထရမ့်၏ ၂၀၁၆ ခုနှစ် မဲဆွယ်စည်းရုံးရေးအဖွဲ့ဝင်များ ပါဝင်သည်ဟု ဆိုသည်။

ထို့အပြင် ထရမ့်သည် ၎င်း၏ အကြီးဆုံးသမီး အီဗန်ဒါ၏ ယောက္ခမတော်စပ်သူ ချားလိစ် ကူရှနာကိုလည်း လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ကြောင်း သိရသည်။ ကူရှနာသည် အခွန်တိမ်းရှောင်မှုအပါအဝင် စွဲချက်များစွာအတွက် အပြစ်ရှိကြောင်း လျှောက်လဲထားသူဖြစ်သည်။

ထရမ့်သည် ၎င်း၏ အစိုးရအဖွဲ့တွင် ကူရှနာကို ပြင်သစ်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်အဖြစ် ရွေးချယ်လိုက်ကြောင်း နိုဝင်ဘာ ၃၀ ရက်က ထုတ်ပြန်ကြေညာထားသည်။ **အင်န်အိတ်ချ်ကေ**




# အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့် ၎င်း၏သမီး ယောက္ခမကို အာရပ်နှင့် အရှေ့အလယ်ပိုင်းရေးရာ အကြီးတန်းအကြံပေးအရာရှိအဖြစ် ရွေးချယ်

ဝါရှင်တန် ဒီဇင်ဘာ ၂

အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်သည် ၎င်း၏သမီး တစ်ဖနီ၏ယောက္ခမဖြစ်သူ စီးပွားရေးလုပ်ငန်းရှင် မာဆက်ဘိုးလော့စ်ကို အာရပ်နှင့် အရှေ့အလယ်ပိုင်းရေးရာ အကြီးတန်း အကြံပေးအရာရှိအဖြစ် ရွေးချယ်ခဲ့သည်။



မစ္စတာ ဒေါ်နယ်ထရမ့်သည် အဆိုပါကြေညာချက်ကို လူမှုမီဒီယာပေါ်၌ ဒီဇင်ဘာ ၁ ရက်က ထုတ်ပြန်ခဲ့သည်။ မစ္စတာ ဘိုးလော့စ်သည် နိုင်ငံတကာနယ်ပယ်၌ အတွေ့အကြုံအများအပြားရှိသည့် ဝါရင့်ရှေ့နေတစ်ဦးဖြစ်ပြီး စီးပွားရေးလောကထဲတွင်လည်း အလွန်လေးစားခံရသည့် ခေါင်းဆောင် တစ်ဦးဖြစ်ကြောင်း ထရမ့်က ပြောကြားသည်။

မစ္စတာ ဘိုးလော့စ်သည် စေ့စပ်ညှိနှိုင်းသူ တစ်ဦးဖြစ်ပြီး အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးအတွက် မယိမ်းယိုင်သည့် ထောက်ခံသူ တစ်ဦးလည်းဖြစ်ကြောင်း ထရမ့်က ဖြည့်စွက်ပြောကြားခဲ့သည်။

မစ္စတာ ဘိုးလော့စ်သည် အမေရိကန်သမ္မတရွေးကောက်ပွဲ၌ မစ္စတာထရမ့် အနိုင်ရရှိရန် မဲဆွယ်စည်းရုံးရေးကာလအတွင်း အကြိတ်အနယ် ဖြစ်နေသည့် ပြည်နယ်များတွင် အာရပ်နွယ်ဖွား အမေရိကန်များထံမှ ထောက်ခံမဲများရရှိအောင် ကူညီခဲ့သည့် လက်ဘနွန်နွယ်ဖွား အမေရိကန်နိုင်ငံသား တစ်ဦးဖြစ်ကြောင်း အမေရိကန် မီဒီယာများတွင် ဖော်ပြထားသည်။

မစ္စတာ ဘိုးလော့စ်သည် သမ္မတ မာမွတ်အက်ဘာ့စ်အပါအဝင် ပါလက်စတိုင်းအာဏာပိုင်များနှင့် အဆက်အသွယ်ရှိကြောင်း ဖော်ပြခဲ့သည်။ မစ္စတာ ထရမ့်၏ ဒုတိယမြောက် သမီးတစ်ဖနီသည် မစ္စတာ ဘိုးလော့စ်၏ သားကို လက်ထပ်ထားသည်။ အမေရိကန် ရွေးကောက်ခံသမ္မတသည် အရှေ့အလယ်ပိုင်း အခြေအနေများကို သိသိသာသာ တည်ငြိမ်စေရန်အတွက် ၎င်းနှင့်နီးစပ်သူ တစ်ဦးအား ရွေးချယ်ခဲ့သည်ဟု ယူဆရသည်။

မစ္စတာထရမ့်သည် အုပ်ချုပ်ရေးပိုင်းတွင် တာဝန်ထမ်းဆောင်ရန်အတွက် ၎င်း၏ သမီးများ၏ ယောက္ခမများကို ယခုလို ရွေးချယ်ခဲ့ခြင်းသည် ယခုတစ်ကြိမ်နှင့်ဆိုလျှင် ဒုတိယအကြိမ်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးကြောင့် ယခုနှစ်အတွင်း သေဆုံးသူ ၅၀၀ ခန့်ရှိလာ

ဒါကာ ဒီဇင်ဘာ ၂

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ယခုနှစ် ဇန်နဝါရီလမှစ၍ ဒီဇင်ဘာ ၂ ရက်အထိ သွေးလွန်တုပ်ကွေးနှင့် ဆက်စပ်သော သေဆုံးသူပေါင်း ၄၉၄ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ဆောင်မှု ညွှန်ကြားမှုဦးစီးဌာနက ပြောသည်။

ထို့အတူ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ယခုနှစ် ဇန်နဝါရီလမှစ၍ ဒီဇင်ဘာ ၂ ရက်အထိ သွေးလွန်တုပ်ကွေးဖြစ်ပွားသူပေါင်း ၉၂၃၅၁ ဦးရှိလာပြီဖြစ်သည်။

ပြီးခဲ့သည့် နိုဝင်ဘာလတွင် သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၃၀၀၀၀ ခန့်နှင့် သေဆုံးသူ ၁၇၃ ဦးရှိကြောင်း သိရသည်။ ထို့အပြင် ၎င်းလသည် သွေးလွန်တုပ်ကွေးကြောင့် အသေအပျောက်အများဆုံး နောက်ထပ်လတစ်လအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ၂၀၂၃ ခုနှစ်တွင် သွေးလွန်တုပ်ကွေးနှင့် ဆက်စပ်သော သေဆုံးသူပေါင်း ၁၇၀၅ ဦးရှိသည့်အတွက် နှစ်အလိုက် သေဆုံးမှု အများဆုံးအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ထို့ပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ၂၀၂၂ခုနှစ်တွင် သွေးလွန်တုပ်ကွေးနှင့် ဆက်စပ်သော သေဆုံးသူ ၂၈၁ ဦးရှိပြီး ၂၀၁၉ ခုနှစ်တွင် ၁၇၉ ဦးရှိကြောင်း သိရသည်။

ဆင်ဟွာ

# တောင်ကိုရီးယားနိုင်ငံအရှေ့တောင်ပိုင်းရှိ လူနေတိုက်ခန်းတစ်ခန်းမီးလောင်

ဆိုးလ် ဒီဇင်ဘာ ၂

တောင်ကိုရီးယားနိုင်ငံ အရှေ့တောင်ပိုင်းရှိ လူနေတိုက်ခန်းတစ်ခု၌ ဒီဇင်ဘာ ၂ ရက်က လူတစ်ဦးသေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိခဲ့သည့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ကိုရီးယားသတင်းအေဂျင်စီတစ်ခုက ဖော်ပြခဲ့သည်။

လူနေတိုက်ခန်းအတွင်း ဗျူတိန်းဓာတ်ငွေ့ပေါက်ကွဲမှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့သည်ဟု ယုံကြည်ကြောင်းနှင့် မီးလောင်မှုသည် ဒီဇင်ဘာ ၂ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲခန့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့၏ ပြောစကားများကို ကိုးကားပြီး ပြည်တွင်းသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

အသက် ၆၀ ရှိပြီဖြစ်သည့် ဖခင်ဖြစ်သူသည် မီးလောင်မှုအတွင်း သေဆုံးခဲ့ပြီး ၎င်း၏သားနှစ်ဦးဖြစ်သည့် အသက် ၂၁ နှစ်နှင့် ၂၄ နှစ်တို့သည် မီးလောင်ဒဏ်ရာများရရှိခဲ့သည်။

မီးလောင်မှုဖြစ်ပွားပြီးနောက် မိနစ် ၂၀ ကြာတွင် ငြိမ်းသတ်နိုင်ခဲ့ပြီး မီးလောင်မှုကြောင့် ဒေသခံ ၁၃ ဦး မီးခိုးငွေ့များ ရှူရှိုက်ခဲ့ရသည်။

ဖခင်ဖြစ်သူသည် စက်သုံးဆီများကို သွန်ရန်ကြိုးစားခဲ့ပြီး ဗျူတိန်းဓာတ်ငွေ့များကို မီးရှို့ရန်ကြိုးပမ်းခဲ့သည်ဆိုသည့် စွပ်စွဲတိုင်ကြားချက်ကို ရဲတပ်ဖွဲ့က လက်ခံရရှိခဲ့သည်ဟု ဆိုသည်။

ဆင်ဟွာ

# မလေးရှားနိုင်ငံရှိ ရေဘေးကယ်ဆယ်ရေးစခန်းများ၌ လူပေါင်း ၁၃၄၅၂၄ ဦး ခိုလှုံ

ကွာလာလမ်ပူ ဒီဇင်ဘာ ၂

မလေးရှားနိုင်ငံ၌ ရေကြီးရေလျှံမှုကြောင့် ဒီဇင်ဘာ ၂ ရက်အထိ သေဆုံးသူ ခြောက်ဦးရှိလာကြောင်းနှင့် ကီလန်တန်ပြည်နယ်၌ သက်ကြီးရွယ်အိုနှစ်ဦး ရေနစ်သေဆုံးမှုသည်နောက်ဆုံးသေဆုံးမှုဖြစ်ကြောင်း အာဏာပိုင်များက ပြောသည်။



ရေဘေးသင့်ပြည်သူ ၁၃၄၅၂၄ ဦးသည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီအထိ ရေဘေးကယ်ဆယ်ရေးစခန်း ၆၁၃ ခု၌ ခိုလှုံလျက်ရှိကြောင်း မလေးရှားလူမှုဝန်ထမ်းဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ ရေကြီးရေလျှံမှုဒဏ် အဆိုးရွားဆုံးခံရသည့် ပြည်နယ်များမှာ နိုင်ငံ၏ အရှေ့ဘက်ကမ်းရိုးတန်းတွင်ရှိသော ကီလန်တန်နှင့်တယ်ရင်ဂါနူပြည်နယ်တို့ဖြစ်သည်ဟု ဆိုသည်။

ရေကြီးရေလျှံ ဖြစ်ပွားပြီးနောက် ယခုလလယ်တွင် စတင်ဖွယ်ရှိသော ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အစိုးရက နောက်ထပ်ရန်ပုံငွေများ ခွဲဝေချထားပေးထားပြီးဖြစ်ကြောင်း ဝန်ကြီးချုပ် အန်ဝါ အီဗရာဟင်က ပြောကြားလိုက်သည်။ **ဆင်ဟွာ**

# ကျောက်ဆည်ခရိုင်၌ ဆောင်းနေကြာများ စိုက်ပျိုးဖြစ်ထွန်း

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ဆီထွက်သီးနှံ တစ်မျိုးဖြစ်သည့် ဆောင်းသီးနှံ နေကြာကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း၊ ယခုနှစ်တွင် ကျောက်ဆည်မြို့နယ်၌ ၃၈၈ ဧက၊ စဉ့်ကိုင်မြို့နယ်၌ ၁၈၇ ဧက၊ မြစ်သားမြို့နယ်၌ ဧက ၁၁၀ ဖြင့် နေကြာစိုက်ဧက စုစုပေါင်း ၆၈၅ ဧက စိုက်ပျိုးထားကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

နေကြာကို အောက်တိုဘာလနောက်ဆုံးပတ်တွင် စတင်စိုက်ပျိုးပြီး ဖေဖော်ဝါရီလတွင် ရိတ်သိမ်းရကြောင်း၊ မျိုးအနေဖြင့် ဆင်းရွှေကြာမျိုး (၁)နှင့် ဆင်းရွှေကြာမျိုး (၂)များကို အများဆုံး စိုက်ပျိုးကြကြောင်း၊ နေကြာစိုက်ပျိုးရာတွင် ပေါင်ကြောင်းပေးစနစ်နှင့် ကြဲပက်စနစ်ဟူ၍ စိုက်ပျိုးကြကြောင်း၊ ယခုနှစ်တွင် စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် နေကြာတစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် ငွေကျပ် ၂၈၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က နေကြာတစ်ဧကလျှင် ငွေကျပ် ၂၅၀၀၀၀ ခန့်ကုန်ကျခဲ့ပြီး အထွက်နှုန်းအနေဖြင့် ၂၅-၂၆ တင်းခန့်ထွက်ရှိကာ နေကြာတစ်တင်းလျှင် ငွေကျပ် ၃၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည့်အတွက် တစ်ဧကလျှင် ငွေကျပ် ခြောက်သိန်းကျော် အမြတ်ရရှိခဲ့ကြောင်း သိရသည်။

ဈေးကွက်အနေဖြင့် မြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် မန္တလေး၊ ရန်ကုန်မြို့တို့သို့ တင်ပို့ရောင်းချကြကြောင်း၊ နိုဝင်ဘာလ စတုတ္ထပတ်ဈေးနှုန်းအနေဖြင့် နေကြာတစ်တင်းလျှင် ငွေကျပ် ၅၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ နေကြာသီးနှံသည် စိုက်ပျိုးစရိတ်သက်သာပြီး မိသားစုစားသုံးဆီ ဖူလုံသောသီးနှံဖြစ်သည့်အတွက် နှစ်စဉ်တိုးချဲ့ စိုက်ပျိုးလျက်ရှိကြောင်း နေကြာစိုက်တောင်သူ တစ်ဦးထံမှ သိရသည်။ **DOCA (မန္တလေး)**



# အထက်မင်းလှမြို့နယ်၌ ပဲကြီးသီးနှံများ အောင်မြင်ဖြစ်ထွန်း

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ် ရွာတော်အုပ်စု ရွာတော်ကျေးရွာ၌ ပဲစင်းငုံ၊ ပဲကြီး၊ စပါး၊ ကြက်သွန်နီ၊ ကုလားပဲ၊ မြေပဲနှင့် နှမ်းတို့ကို နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ ဆောင်းပဲကြီးသီးနှံကို တောင်သူ ၅၀ မှ စိုက်ဧကစုစုပေါင်း ၁၀၀ ခန့် စိုက်ပျိုးထားကြောင်း သိရသည်။

ပဲကြီးသီးနှံကို အောက်တိုဘာလတွင် စတင်စိုက်ပျိုးပြီး ဇန်နဝါရီလတွင် ရိတ်သိမ်းရကြောင်း၊ မျိုးအနေဖြင့် ယခင်နှစ် ပဲကြီးစိုက်ခင်းမှ ထွက်ရှိသော မျိုးအဖြစ် ဖယ်ချန်ထားသည့် လက်ကျန်ပဲကြီးများကို စိုက်ပျိုးခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရာတွင် ထွန်ကြောင်းဆွဲ အစေ့ချစနစ်ဖြင့် စိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုး ရှစ်ပြည်ခန့် စိုက်ပျိုးရကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် သွင်းအားစု၊ ထွန်ယက်ခ၊ အလုပ်သမားခ အပါအဝင် စုစုပေါင်း ငွေကျပ် ၃၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ပဲကြီးအထွက်နှုန်းအနေဖြင့် ယခင်နှစ်က တစ်ဧကလျှင် ၁၀ -၁၅ တင်းခန့်အထိထွက်ရှိကာ တစ်တင်းလျှင် အမြင့်ဆုံးဈေးနှုန်း ငွေကျပ် ၁၀၅၀၀၀ အထိရရှိပြီး ငွေကျပ် ၇၅၀၀၀၀-၁၂၇၅၀၀၀ ခန့် အမြတ်ရရှိခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် ပဲကြီးသီးနှံများကို မင်းလှမြို့ပေါ်ရှိ ပွဲရုံများနှင့် ပဲကြော်ဖိုများသို့ တင်ပို့ရောင်းချကြကြောင်း သိရသည်။

နိုဝင်ဘာလ စတုတ္ထပတ်ဈေးနှုန်းအနေဖြင့် ပဲကြီးတစ်တင်းလျှင် ငွေကျပ် ၈၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခုနှစ်တွင် ပဲကြီးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့်အတွက် သီးနှံပေါ်ချိန်တွင် အထွက်နှုန်းတိုးပြီး ဈေးနှုန်းကောင်းမွန်ပါက အကျိုးအမြတ်ရရှိနိုင်ကြောင်း ပဲကြီးစိုက်တောင်သူတစ်ဦးထံမှ သိရသည်။ **DOCA(မကွေး)**

# အထက်မင်းလှမြို့နယ်၌ ပဲစင်းငုံများ စိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်း

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ်အတွင်းရှိ ပန်းတော်ပြင်၊ ဥယျာဉ်၊ ရွာတော၊ ကုန်းကြီး၊ ညောင်ပင်သာနှင့် မယ်ဇလီတောကျေးရွာတို့၌ ကြက်သွန်နီ၊ ကုလားပဲ၊ မြေပဲ၊ ဝါ၊ စပါး၊ နှမ်း၊ ပဲစင်းငုံနှင့် အခြားစားဖိုဆောင်သီးနှံများကို ရာသီအလိုက် စိုက်ပျိုးလျက်ရှိရာ ပဲစင်းငုံသီးနှံကို မယ်ဇလီတောကျေးရွာ၌ တောင်သူ ၇၀ မှ စုစုပေါင်းစိုက်ဧက ၁၅၀ ခန့် စိုက်ပျိုးထားကြောင်း သိရသည်။

ပဲစင်းငုံကို ဇူလိုင်လ၌ စတင်စိုက်ပျိုးပြီး သီးနှံသက်တမ်း ခြောက်လအကြာတွင် ရိတ်သိမ်းရကြောင်း၊ စိုက်ပျိုးမှုတွင် မိုးနှမ်းနှင့်အတူရော၍ သီးညှပ်စိုက်ပျိုးခြင်းနှင့် သီးထပ်စိုက်ပျိုးခြင်းဟူ၍ စိုက်ပျိုးကြကြောင်း၊ သီးညှပ်အဖြစ်စိုက်ပျိုးရာတွင် တစ်ဧကလျှင် မျိုး ၁-၂ ပြည်ခန့် ကုန်ကျပြီး သီးထပ်စိုက်ပျိုးပါက တစ်ဧကလျှင် မျိုးလေးပြည်ခန့်ကုန်ကျကြောင်း၊ မျိုးအနေဖြင့် ယခင်နှစ်တွင် ထွက်ရှိခဲ့သည့် ပဲစင်းငုံများကို ထွန်ကြောင်းဆွဲအစေ့ချစနစ်ဖြင့် စိုက်ပျိုးကြပြီး ကုန်ကျစရိတ်အနေဖြင့် ယခုနှစ်တွင် မျိုး၊ အလုပ်သမားခနှင့် အခြားသွင်းအားစုစရိတ်အပါအဝင် တစ်ဧကလျှင် ငွေကျပ် ၂၅၀၀၀၀-၃၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် ပဲစင်းငုံတစ်ဧကလျှင် ၁၁-၁၅ တင်းခန့် ထွက်ရှိပြီး တစ်တင်းလျှင် ငွေကျပ် ၁၂၀၀၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့၍ ငွေကျပ် ၁၀၂၀၀၀၀-၁၅၀၀၀၀၀ ခန့် အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် မင်းလှမြို့နှင့် မကွေးမြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် မန္တလေးမြို့၊ ပြည်မြို့နှင့် ရန်ကုန်မြို့များသို့ တင်ပို့ရောင်းချကြောင်း သိရသည်။

နိုဝင်ဘာလ စတုတ္ထပတ်တွင် ပဲစင်းငုံတစ်တင်းလျှင် ငွေကျပ် ၁၅၀၀၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခုအချိန်တွင် မင်းလှမြို့နယ်အတွင်းရှိ ကျေးရွာများ၌ ပဲစင်းငုံသီးနှံ များအောင်မြင်ဖြစ်ထွန်းလျက်ရှိ ပြီး သီးနှံပေါ်ချိန်တွင် အထွက်နှုန်းကောင်းမွန်ပါက အကျိုးအမြတ်ပိုမိုရရှိမည်ဖြစ်ကြောင်း ပဲစင်းငုံစိုက်တောင်သူ တစ်ဦးထံမှ သိရသည်။ **DOCA(မကွေး)**

# ပေါင်းတည်မြို့နယ်၌ ငရုတ်သီးစိုက်တောင်သူများ အကျိုးအမြတ်ရ

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ သီးနှံမျိုးစုံ စိုက်ပျိုးဖြစ်ထွန်း အောင်မြင်လျက်ရှိရာ နတ်ပုတီးကျေးရွာတွင် ငရုတ်သီးကိုလည်း စီးပွားဖြစ် စိုက်ပျိုးလျက်ရှိပြီး စုစုပေါင်း ငါးဧကခန့် စိုက်ပျိုးထားကြောင်း သိရသည်။

ငရုတ်သီးကို ဩဂုတ်လနောက်ဆုံးပတ်တွင် စတင်စိုက်ပျိုးပြီး နှစ်လခန့်အကြာတွင် ခူးဆွတ်နိုင်ကြောင်း၊ မျိုးအနေဖြင့် ကျောက်စိမ်းမျိုးကို စိုက်ပျိုးကြပြီး တစ်ဧကလျှင် အပင်ရေ ၁၆၀၀၀ ခန့် စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးရာတွင် မျိုးစေ့ကို ကြဲပက်စနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ အလုပ်သမားခအပါအဝင် ငွေကျပ် ၁၇ သိန်းခန့် ကုန်ကျကြောင်း၊ ငရုတ်သီးကို စတင်ထွက်ရှိသည့်အချိန်မှစ၍ တစ်ပတ်လျှင် တစ်ကြိမ်ခူးဆွတ်ရပြီး နှစ်လခွဲခန့်အကြာထိ ခူးဆွတ်ရကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပိဿာ ၆၀၀ - ၁၀၀၀ ခန့်အထိ ထွက်ရှိကာ တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀-၆၅၀၀ နှုန်းဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိပြီး တစ်ဧကလျှင် ငွေကျပ် ၂၂ သိန်းခန့် အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ဝက်ပုတ်မြို့နှင့် ပေါင်းတည်မြို့ရှိ သီးနှံပွဲရုံများသို့ တင်ပို့လျက်ရှိပြီး ထိုမှတစ်ဆင့် ရန်ကုန်၊ မကွေး၊ ရေဝတီမြို့များသို့ တင်ပို့လျက်ရှိကြောင်း၊ ယခုနှစ်တွင် ငရုတ်သီး ဈေးနှုန်းကောင်းမွန်လျက်ရှိသောကြောင့် ငရုတ်စိုက်တောင်သူများ အကျိုးအမြတ်ရလျက်ရှိကြောင်း သိရသည်။

**DOCA(ပဲခူး)**

## ၂ - ၁၂ - ၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၅၀၀ | ၂၆၀၀၀ | ၁၀၀၄၁ | ၂၂၀၀၀ | ၇၀၀၀ | ၂၃၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၄၀၀၀၀ | ၄၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၂၈၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၅၀၀ | | ၈၀၀၀ | ၂၂၀၀၀ | - | ၁၇၅၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၁၄၀၀၀ | ၆၅၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၇၈၀၀ | ၇၀၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၃၀၀ | ၂၀၀၀၀ | ၈၂၈၈ | ၁၇၅၀၀ | ၅၅၀၀ | ၁၇၀၀၀ | ၁၃၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၈၅၀၀ | ၅၅၀၀ | ၂၃၀၀၀ | ၃၅၀၀၀ | ၂၃၅၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | လွိုင်ကော် | ၅၅၀၀ | | ၈၅၀၀ | ၂၀၀၀၀ | ၇၃၀၀ | ၁၆၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | | ၅၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၉၀၀၀ | ၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | ၄၀၀၀၀ | ၂၀၀၀၀ |
| ၅ | ဘားအံ | ၃၈၀၀ | | ၆၅၀၀ | ၂၀၀၀၀ | ၇၈၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၂၃၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၆ | မော်လမြိုင် | ၃၂၀၀ | | ၅၁၀၀ | ၁၈၀၀၀ | ၈၀၆၀ | ၁၂၀၀၀ | ၄၅၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၃၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၁၀၀၀ | ၃၀၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၂၀၀၀၀ | ၈၁၀၀ | ၁၇၀၀၀ | ၅၀၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၈၅၀၀ | ၅၅၀၀ | ၂၃၀၀၀ | ၃၃၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၁၇၀၀၀ | ၈၃၀၅ | ၁၆၅၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၂၁၀၀၀ | ၁၀၅၀၀ | ၉၀၀၀ | ၁၀၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၃၀၀၀ | ၂၈၀၀၀ | ၃၂၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၁၉၀၀၀ | ၇၇၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၅၄၀၀ | ၂၀၀၀၀ | ၃၁၀၀၀ | ၂၆၀၀၀ | ၃၁၀၀၀ | ၉၀၀၀ |
| ၁၀ | ပုသိမ် | ၃၅၅၀ | | ၅၂၀၀ | ၂၀၀၀၀ | ၈၁၀၀ | ၈၅၀၀ | ၃၆၀၀ | ၁၇၀၀၀ | ၂၄၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀ | ၉၀၀၀ | ၇၂၀၀ | ၉၀၀၀ | ၁၀၂၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၂၆၀၀၀ | - | ၅၈၀၀၀ | ၈၅၀၀ | ၃၃၀၀၀ | | | ၅၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၈၀၀၀ | ၉၀၀၀ | ၃၆၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၆၅၀၀ | ၁၄၅၀၀ | ၈၃၅၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၃၅၀၀ | ၂၃၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၁၀၀ | ၈၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၁၉၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၃ | မန္တလေး | ၄၀၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၈၄၄၀ | ၁၄၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၅၆၀၀ | ၂၄၀၀၀ | ၃၂၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၅၀၀၀ | ၈၁၀၀ | ၁၂၀၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၇၀၀ | ၈၆၀၀ | ၈၅၀၀ | ၁၂၀၀၀ | ၇၅၀၀ | ၅၅၀၀ | ၂၄၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၅ | မကွေး | ၄၃၀၀ | | ၆၇၀၀ | ၁၆၀၀၀ | ၈၁၁၀ | ၁၄၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၁၅၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၁၅၀၀ | | ၅၀၀၀ | ၄၅၀ | ၁၂၀၀၀ | ၇၄၀၀ | ၉၀၀၀ | ၈၅၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၈၀၀၀ | ၁၁၀၀၀ | ၄၂၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၄၅၀ | ၉၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၇၅၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၅၀၀၀ | ၈၂၂၅ | ၁၅၀၀၀ | ၄၅၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၉၂၀၀ | ၃၅၀၀ | ၆၀၀ | ၈၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၇၅၀၀ | ၅၁၅၀ | ၂၁၀၀၀ | ၂၇၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၂၀၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၅၀၀၀ | ၈၂၂၅ | ၁၅၅၀၀ | ၅၀၀၀ | ၁၅၅၀၀ | ၂၀၅၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၆၀၀ | ၉၀၀၀ | ၇၈၀၀ | ၆၅၀၀ | ၈၀၀၀ | ၅၁၅၀ | ၂၂၀၀၀ | ၂၇၀၀၀ | ၂၂၀၀၀ | ၂၇၀၀၀ | ၁၂၅၀၀ |
| ၂၀ | ကလေး | ၃၈၀၀ | ၃၃၀၀ | | ၁၈၀၀၀ | ၁၅၀၀၀ | ၂၈၀၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၂၈၀၀၀ | ၃၂၀၀၀ | ၂၉၀၀၀ | | ၁၇၀၀၀ |

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် ဘားအံမြို့၌ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းသစ် ဖွင့်လှစ်

**ဘားအံ ဒီဇင်ဘာ ၂**

အစိုးရစက်မှုလက်မှု သိပ္ပံကျောင်းသစ် ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ဘားအံမြို့ အဆိုပါ အဆောက်အအုံ ပင်မ သုံးထပ်ဆောင်ရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ သယံဇာတရေးရာဝန်ကြီး၊ စက်မှုလက်မှုသိပ္ပံမှ ကျောင်းအုပ်ကြီး၊ ဦးစီးဌာနရုံးချုပ်မှ တာဝန်ရှိသူများ က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ပြည်နယ်ဝန်ကြီးချုပ်က အစိုးရစက်မှုလက်မှုသိပ္ပံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ ကမ္ပည်းမော်ကွန်းကျောက်ပြားအား အမွှေးနံ့သာရည်များ ပက်ဖျန်း၍ ခင်းကျင်းပြသထားသည့် အလုပ်ရုံ၊ Physics Lab and Chemistry Lab ခန်း၊ စာသင်ခန်းများ၊ ပုံဆွဲခန်းများ၊ စာကြည့်တိုက်နှင့် ကွန်ပျူတာခန်းတို့ကို လှည့်လည်ကြည့်ရှု အားပေးသည်။**(အပေါ်ယာပုံ)**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး က ကရင်ပြည်နယ်အတွင်း အမှန်တစ်ကယ် အသုံးချရန် လိုအပ်နေသည့် နည်းပညာနှင့် သက်မွေးပညာ သင်တန်းများကို အစိုးရစက်မှုလက်မှုသိပ္ပံ(ဘားအံ) ၌ စတင်သင်ကြားမည်ဖြစ်ပြီး AGTI သုံးနှစ် ဒီပလိုမာသင်တန်းများဖြစ်သည့် မြို့ပြအင်ဂျင်နီယာ၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာနှင့် စက်မှုအင်ဂျင်နီယာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးမည်ကို သိရှိရကြောင်း၊ အင်ဂျင်နီယာလက်မှတ်ရ ပညာရှင်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်သည့်အတွက် မိမိတို့ ကရင်ပြည်နယ်အနေဖြင့် များစွာဂုဏ်ယူမိပါကြောင်း၊ ယခုဖွင့်လှစ်သည့် သင်တန်းများကဲ့သို့ ပြည်သူလူထု အကျိုးရှိပြီး လူမှုစီးပွားဘဝမြှင့်တင်နိုင်မည့် အခြားသော သင်တန်းများကိုလည်း ဒေသလိုအပ်ချက်နှင့်အညီ ဆက်လက်ဖွင့်လှစ်သွားရန် လိုအပ်ပါကြောင်း၊ မိမိတို့ပြည်နယ်အနေဖြင့် ယခုလိုမျိုး အစိုးရစက်မှုလက်မှု သိပ္ပံကျောင်းသစ်တစ်ကျောင်း ထွက်ပေါ်လာခြင်းအပေါ် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနကို များစွာကျေးဇူးတင်ရှိပါကြောင်း၊ သိပ္ပံနှင့် နည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်မှ မိမိတို့ပြည်နယ်နှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည့်အတွက် အားလုံးပူးပေါင်း ကြိုးစားဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။



ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ကရင်၊ မွန်နှင့် ပအိုဝ်းယဉ်ကျေးမှုအဖွဲ့များက ကပြဖျော်ဖြေကြသည်။

ဆက်လက်၍ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေ တိုးရေး စီမံကိန်းလုပ်ငန်းသုံးပစ္စည်းပေးအပ်ပွဲ အခမ်းအနားကို ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ယနေ့ မွန်းလွဲ ၂ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## မော်လမြိုင်ကျွန်းမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် Clean City၊ Green City၊ Smart City ဖြစ်စေရေး လမ်းဘေး ဝဲ/ယာ ရှိ လူသွားလမ်း ကွန်ကရစ်(ပလက်ဖောင်း) ပြုလုပ်ဆောင်ရွက်နေသည့် လုပ်ငန်းများကို ယနေ့နံနက်ပိုင်းက မဟာဗန္ဓုလလမ်း(၁၁)လမ်း၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါ လုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မော်လမြိုင်ကျွန်းမြို့နယ်အတွင်း ၂၀၂၄ – ၂၀၂၅ ခုနှစ် ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး အထွေထွေရန်ပုံငွေကျပ် ၆၁ ဒသမ ၈၈၉ သန်းဖြင့် မရမ်းမြိုင်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော အရှည်ပေ ၂၂၈၆ ပေ၊ အကျယ် ၄ ပေ ၆ လက်မ၊ အမြင့် ၆ လက်မ၊ ကာလာဘလောက်တုံးထုထည် ၄ လက်မဖြင့် လမ်းဘေး ဝဲ/ယာ လူသွားလမ်း ကွန်ကရစ် (ပလက်ဖောင်း) ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းဇော် ဦးဆောင်၍ မြို့နယ်အတွင်း သာယာလှပစေရေးအတွက် လမ်းမပေါ်ရှိ လမ်းအလယ်ကျွန်းများကို Flower box များ ဆေးသုတ်ခြင်း၊ အပွင့်ပန်းများ ပွင့်နေခြင်း၊ စက္ကူပန်းများ၊ ပန်းပေါင်းစုံဖြင့် ဖူးပွင့်ဝေဆာလှပသာယာသော Clean City၊ Green City၊ Smart City မြို့ ဖြစ်စေရေးအတွက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလွင်ကိုဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ အဖွဲ့ဝင် (၂) ဦးတင်လှိုင် တို့က ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ၂၀၂၄ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူး၍ ၂၀၂၄ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့(World AIDS Day) အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ် (၂) အောင်ဆန်းသူရိယလှသောင်း ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာနန္ဒဝင်းက World AIDS Day နေ့ အထိမ်းအမှတ်အကြောင်း ပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန (ခုခံကျ/ကာလသား) တိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင် ဆရာဝန် ဒေါက်တာဝင်းကျော်စိုးက HIV–AIDS ရောဂါအကြောင်း သိကောင်းစရာများကို ပညာပေးဟောပြောသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ စီစဉ်ပြီး ရန်ကုန်တိုင်းအတွင်းရှိ အခြေခံပညာကျောင်းများ သို့ ကြိုတင်ဖြန့်ဝေထားသော ကျန်းမာရေးအတွက်မေးခွန်း ၁၀၀ စာအုပ်ငယ် အဖြေလွှာတိုက်ညှိရေးအစီအစဉ်ကို မြောက်ပိုင်းခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်စန္ဒာအောင်၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းဝင်းမာနှင့် ခုခံကျ/ကာလသားတိုက်ဖျက်ရေးအဖွဲ့ ဆရာဝန်များက ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အာကာလင်း

## နယ်ပေါင်းစုံမှစတင်ထွက်ရှိလာသည့် အထွက်တိုး(ရွှေနီပြောင်း)များ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဒီဇင်ဘာ ၂**

ယခုဒီဇင်ဘာလဆန်းပိုင်း ဆောင်းရာသီကာလတွင် နယ်ပေါင်းစုံမှ စတင်ထွက်ရှိလာသည့် အထွက်တိုး (ရွှေနီပြောင်း)များ မန္တလေးဈေးကွက်သို့ စတင်ဝင်ရောက်လာကာ အရောင်းအဝယ်များ ကောင်းမွန်နေကြောင်း မန္တလေးကုန်သည်များထံမှ သိရသည်။


အဆိုပါ အထွက်တိုး (ရွှေနီပြောင်း)မှာ နံ့စားပြောင်းအုပ်စုတွင် ပါဝင်ပြီး ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် သီးနှံတစ်ခုဖြစ်ခြင်းကြောင့် ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများကပါ ဝယ်ယူမှု များပြားသည့်အပြင် ယခုနှစ်တွင် ရာသီဥတုကောင်းမွန်သည့်အတွက် အထွက်နှုန်းကောင်းမွန်ပြီး လက်ရှိဈေးနှုန်းမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၇၅၀၀၀ ပေါက်ဈေးဖြင့် ရပ်တည်နေကာ ဈေးကွက်အတွင်း အရောင်းအဝယ် ကောင်းမွန်နေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့် ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်ထံမှ သိရသည်။

"အထွက်တိုးပြောင်းကတော့ နံ့စားသီးနှံ အမျိုးအစားထဲမှာ ပါဝင်ပါတယ်။ နိုင်ငံခြားကလာတဲ့ မျိုးလည်းဖြစ်ပါတယ်။ အနံ့ကနေ ထွက်ရှိတဲ့ သီးနှံဖြစ်ပါတယ်။ အထက်အညာဒေသတွေမှာ အခင်းအနေနဲ့ တွင်တွင်ကျယ်ကျယ် စိုက်ပျိုးပြီး ဖြစ်ထွန်းအောင်မြင်ပါတယ်။ ရာသီဥတုဒဏ်လည်းခံနိုင်တာကြောင့် အညာဒေသနဲ့ သင့်တော်တဲ့မျိုး ဖြစ်ပါတယ်။ ဈေးနှုန်းတွေ မြင့်တက်နေပြီး အရောင်းအဝယ်တွေ ကောင်းမွန်နေပါတယ်" ဟု ၎င်းက ပြောသည်။

လက်ရှိတွင် မန္တလေးဈေးကွက်အတွင်းသို့ အဆိုပါ အထွက်တိုး (ရွှေနီပြောင်း)ကို ကျောက်ဆည်၊ သဲတော၊ ဝမ်းတွင်း၊ တောင်သာ၊ မြင်းခြံနှင့် မုံရွာစသည့် ဒေသများမှ ဝင်ရောက်လျက်ရှိပြီး သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၇၅၀၀၀ ပေါက်ဈေးဖြင့် အရောင်းသွက်လျက်ရှိသည်။

မြန်မာနိုင်ငံအတွင်း၌ အထွက်တိုး(ရွှေနီပြောင်း)ကို ဇွန်၊ ဇူလိုင်လများတွင် စတင်စိုက်ပျိုးပြီး အောက်တိုဘာနှင့် နိုဝင်ဘာလတို့တွင် စတင်ထွက်ရှိကြောင်းနှင့် မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အများဆုံး စိုက်ပျိုးကြကာ စိုက်ပျိုးရာတွင် ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေး သုံးစွဲရန်မလိုသည့်အတွက် စိုက်ပျိုးစရိတ် အသက်သာဆုံးနံ့စားသီးနှံပင်ဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)





မီးငြိမ်းသတ်ရေး စွမ်းဆောင်ရည်မြှင့်တင်ရေး လေ့ကျင့်သင်ကြားပေးခြင်း အခမ်းအနားကို ဒီဇင်ဘာ ၂ ရက်က မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် မီးသတ်ဦးစီးမှူးရုံး စစ်ရေးပြကွင်း၌ ကျင်းပရာ မန္တလေးခရိုင်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀ ကို တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက လေ့ကျင့်ရေး ဝတ်စုံများ ပေးအပ်ခဲ့ပြီး လိုအပ်သည်များ မှာကြားစဉ်။ ဇော်ဘီ

# MSME လုပ်ငန်းများ ဖွံ့ဖြိုးဖို့ တရားမဝင်တင်သွင်းမှုများ စုပေါင်းကာကွယ်စို့

ဝန်းရံခ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၉)ရပ်အနက် စီးပွားရေးဦးတည်ချက် (၃)ရပ်တွင် **"တိုးတက်ကောင်းမွန်လာသည့် စီးပွားရေး မောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး"** ဆိုသည့်အချက် ပါဝင်ပါသည်။



ပြည်တွင်းထုတ် လက်မှုပစ္စည်း MSME ပြခန်းအချို့အား တွေ့ရစဉ်။

ပြည်တွင်းထုတ်ကုန်များကို ထုတ်လုပ်နိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ အဓိက အတားအဆီးမှာ တရားမဝင်ကုန်သွယ်မှုများဖြစ်ပြီး ပြည်ပမှ တရားမဝင် တင်သွင်းမှုများကြောင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုမရှိတော့ဘဲ ပြည်တွင်း အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေး လုပ်ငန်း MSME များ၏ ဖွံ့ဖြိုးတိုးတက်မှုများကို များစွာအဟန့်အတား ဖြစ်ပေါ်စေပါသည်။ တရားမဝင်ကုန်သွယ်မှုများကို ထိရောက်စွာ တားဆီးစစ်ဆေးပြီး ဥပဒေနှင့်အညီ အရေးယူနိုင်မှသာ ပြည်တွင်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

**ပြည်တွင်းကုန်ထုတ်လုပ်မှုများ မြှင့်တင်**

မိမိတို့ နိုင်ငံအနေဖြင့် ခေတ်အဆက်ဆက် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ အားနည်းခဲ့ပြီး ပြည်ပပို့ကုန်နှင့် ပြည်ပသွင်းကုန်တို့တွင် ပြည်ပမှ တင်သွင်းမှုက ပိုမိုများပြားခဲ့ပါသည်။ ထိုသို့ ပြည်ပမှ တင်သွင်းမှု ပိုမိုများပြားခဲ့သဖြင့် နိုင်ငံခြားငွေ လိုအပ်ချက်များစွာ ဖြစ်ပေါ်ခဲ့ပြီး ပြည်ပမှ နှစ်စဉ် ကုန်ပစ္စည်းများ တင်သွင်းနေရသဖြင့် နိုင်ငံခြားငွေများစွာ ကုန်ကျလျက်ရှိသောကြောင့် အဓိကအားဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများ မြှင့်တင်ပေးနိုင်ရန်နှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေး ထုတ်ကုန်များ တိုးတက်အောင်မြင်အောင် ဆောင်ရွက်ရန် လိုအပ်ပါသည်။

မိမိတို့ မြန်မာနိုင်ငံသည် သဘာဝသယံဇာတ ပေါကြွယ်ဝပြီး စိုက်ပျိုးရေးကို အဓိကအခြေခံသည့် နိုင်ငံဖြစ်သည့်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက် အောင်ဆောင်ရွက်ရာတွင် သဘာဝသယံဇာတ ထုတ်ကုန်နှင့် စိုက်ပျိုးရေးထွက်ကုန်များကို အဓိက ထုတ်လုပ်တင်ပို့ပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်နှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိရာ တရားမဝင်ကုန်သွယ်မှုများက နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို အဓိကအဟန့်အတား ဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ်တွင် များစွာဆိုးကျိုးသက်ရောက်စေပါသည်။

**ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်စေ**

နိုင်ငံ့စီးပွားကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် စိုက်ပျိုးရေးနှင့် မွေးမြူရေးအတွက် အဓိကအခြေခံလိုအပ်ချက်ဖြစ်သည့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ မျိုးစေ့နှင့် တိရစ္ဆာန်အစားအစာကဲ့သို့ သွင်းအားစုများကို စိုက်ပျိုး၊ မွေးမြူတောင်သူများလက်ဝယ်သို့ အချိန်မီ ရောက်ရှိနိုင်ရေး တင်သွင်းဆောင်ရွက်ရာတွင် တရားမဝင်တင်သွင်းမှုများကြောင့် ပြည်ပနိုင်ငံမှ တစ်ဆင့် ကူးစက်ရောဂါပိုးများပါ ဝင်လာပါက ပြည်တွင်း စိုက်ပျိုး၊ မွေးမြူထုတ်လုပ်သည့် လုပ်ငန်းများကို ရောဂါကူးစက်ကာ ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်စေနိုင်မှုကို ဂရုပြုရမည်ဖြစ်ပါသည်။

တရားမဝင်ကုန်သွယ်မှုကို ဆောင်ရွက်သူများသည် နိုင်ငံ၏သယံဇာတများအား စနစ်တကျ ထုတ်ယူသုံးစွဲခြင်း မဟုတ်သည့်အတွက် သဘာဝ သယံဇာတများ ဆုံးရှုံးမှုဖြစ်ပေါ်စေသည့်အပြင် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များကိုပါ ထိခိုက်စေခြင်း၊ နိုင်ငံတော်မှ ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာငွေများဆုံးရှုံးခြင်း၊ တရားမဝင် တင်သွင်းလာသည့် အရည်အသွေးမပြည့်မီသော ကုန်ပစ္စည်းများကြောင့် ပြည်တွင်းမှ စားသုံးသူ ပြည်သူများအနေဖြင့် ကျန်းမာရေး၊ စီးပွားရေးနှင့် အခြားလူမှုရေးဆိုင်ရာ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်ခြင်း စသည့် ပြဿနာများ ပေါ်ပေါက်လာနိုင်စေပါသည်။

တရားမဝင် ဝင်ရောက်နေသည့် ပစ္စည်းများသည် အမျိုးသားကျန်းမာရေး၊ စီးပွားရေးနှင့် လူငယ်များ၏ အနာဂတ်ရှင်သန်တိုးတက်ရေးကို ခြိမ်းခြောက်လျက်ရှိသည့်အပြင် ပြည်တွင်းတွင် တရားဝင်ခွင့်ပြုချက်များဖြင့် ထုတ်လုပ်ဖြန့်ချိရောင်းချနေသောလုပ်ငန်းများမှာလည်း အဆိုပါ တရားမဝင် တင်သွင်းလာသည့် ပစ္စည်းများကြောင့် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းအားဖြင့် မယှဉ်နိုင်ခြင်း၊ ဈေးကွက်ဝေစုပေးလိုက်ရခြင်း၊ ဈေးကွက်ပျောက်ဆုံးခြင်းတို့ကြောင့် ပြည်တွင်းလုပ်ငန်းရှင်များ၏ ရှင်သန်ကြီးထွားမှုကို အဟန့်အတားဖြစ်စေပါသည်။ ပြည်တွင်းလုပ်ငန်းများ ရှင်သန်နိုင်မှုမရှိလျှင် အလုပ်အကိုင် အခွင့်အလမ်းများ လျော့နည်းလာနိုင်ပြီး ပြည်သူလူထု၏ လူမှုစီးပွားဘဝများအပေါ် ဆိုးကျိုးများစွာ ဖြစ်ပေါ်စေနိုင်သည်ကို အထူး ဂရုပြုရန် လိုအပ်ပေမည်။

**ဝိုင်းဝန်းကာကွယ်တားဆီး**

ထို့ပြင် ဒေသဆိုင်ရာ အကောက်ခွန်သက်သာခွင့် အစီအစဉ်အရ အခြားနိုင်ငံများတွင် မရရှိနိုင်သည့် အကောက်ခွန်သက်သာခွင့်များကို မြန်မာနိုင်ငံအတွက် ခွင့်ပြုပေးထားရာတွင် နိုင်ငံ့ထွက်ကုန်ပစ္စည်းများကိုသာ သီးခြားသက်သာကင်းလွတ်ခွင့်ပေးထားသောကြောင့် နိုင်ငံတကာစည်းမျဉ်း၊ စည်းကမ်း၊ ကတိကဝတ်များကို လေးစားလိုက်နာမှုနှင့် မြန်မာနိုင်ငံအပေါ် အခြားနိုင်ငံများ၏ ယုံကြည်မှုကိုပါ မထိခိုက်စေရေး ဆောင်ရွက်ရန်လိုအပ်ပါမည်။ တရားမဝင်ကုန်သွယ်မှုကို ပပျောက်သွားအောင် ဆောင်ရွက်ရာတွင် ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အစွမ်းကုန် ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ တရားမဝင်ကုန်စည်များ တားဆီးရေးတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြသည့် နိုင်ငံ့ဝန်ထမ်းများနှင့် တာဝန်သိစိတ်ဓာတ်ဖြင့် သတင်းအချက်အလက်ပေးပို့ကြသော ပြည်သူများကို ထိုက်သင့်သည့် အသိအမှတ်ပြုမှုနှင့် ဆုချီးမြှင့်ငွေများ ခွဲဝေပေးလျက်ရှိပါသည်။

သို့ဖြစ်၍ ပြည်တွင်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်ပနိုင်ငံများမှ တရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူလူထုများမှ ဝိုင်းဝန်းကာကွယ် တားဆီးဆောင်ရွက်ရန် လိုအပ်ပါကြောင်း တိုက်တွန်းရေးသားတင်ပြလိုက်ပါသည်။ ။

❖ **ပြည်ပမှ တရားမဝင်တင်သွင်းမှုများကြောင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုမရှိတော့ဘဲ ပြည်တွင်း အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း MSME များ၏ ဖွံ့ဖြိုးတိုးတက်မှုများကို များစွာအဟန့်အတားဖြစ်ပေါ်စေ**

❖ **ဒေသဆိုင်ရာ အကောက်ခွန်သက်သာခွင့် အစီအစဉ်အရ အခြားနိုင်ငံများတွင် မရရှိနိုင်သည့် အကောက်ခွန်သက်သာခွင့်များကို မြန်မာနိုင်ငံအတွက် ခွင့်ပြုပေးထားရာတွင် နိုင်ငံ့ထွက်ကုန်ပစ္စည်းများကိုသာ သီးခြားသက်သာကင်းလွတ်ခွင့်ပေးထားသောကြောင့် နိုင်ငံတကာစည်းမျဉ်း၊ စည်းကမ်း၊ ကတိကဝတ်များကို လေးစားလိုက်နာမှုနှင့် မြန်မာနိုင်ငံအပေါ် အခြားနိုင်ငံများ၏ ယုံကြည်မှုကိုပါ မထိခိုက်စေရေး ဆောင်ရွက်ရန်လိုအပ်**



တရားမဝင်ကုန်စည်များတားဆီးရေး စစ်ဆေးဆောင်ရွက်စဉ်။




မြဝတီကုန်သွယ်ရေးဇုန် ကုန်စည်သယ်ယူပို့ဆောင်ရေးမြင်ကွင်း။

# တနင်္သာရီတိုင်းဒေသကြီးဥပဒေရုံးများအနေဖြင့် အများပြည်သူလေးစားရသော ရုံးများဖြစ်စေရေးဆောင်ရွက်




**မြိတ် ဒီဇင်ဘာ ၂**

တနင်္သာရီတိုင်းဒေသကြီးဥပဒေချုပ် ဦးအုန်းသန်းသည် မြိတ်ခရိုင်အတွင်းရှိမြိတ်ခရိုင်ဥပဒေရုံး၊ မြိတ်မြို့နယ်ဥပဒေရုံး၊ ကျွန်းစုမြို့နယ်ဥပဒေရုံးတို့မှ အရာထမ်း၊ အမှုထမ်းများအား ဒီဇင်ဘာ ၁ ရက်က တွေ့ဆုံခဲ့သည်။

တွေ့ဆုံရာတွင် တနင်္သာရီတိုင်းဒေသကြီးဥပဒေချုပ်က ဥပဒေရုံးများအနေဖြင့် အများပြည်သူလေးစားရသော ရုံးများဖြစ်စေရေး၊ ဥပဒေအကြံဉာဏ်ပေးရာတွင်သော်လည်းကောင်း၊ တရားစွဲနှင့် အမှုလိုက်ပါဆောင်ရွက်ရသော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင်သော်လည်းကောင်း ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်ဖြစ်စေရေး၊ ဥပဒေအသိပညာပြန့်ပွားရေးဆောင်ရွက်ခြင်းသည် မိမိတို့၏ လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်သလို နိုင်ငံတော်၏ မူဝါဒဖြစ်သည်နှင့်အညီ အလေးထားဆောင်ရွက်စေရေးတို့အတွက် မှာကြားသည်။

ယင်းနောက် ခရိုင်ဥပဒေအရာရှိ ဦးအေးမင်းက လုပ်ငန်းဆိုင်ရာကိစ္စရပ်များ ဆွေးနွေးတင်ပြပြီး မြို့နယ်ဥပဒေအရာရှိများက မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြခဲ့ရာ တိုင်းဒေသကြီးဥပဒေချုပ်က လုပ်ငန်းတာဝန်များကို မှာကြား၍ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဥပဒေချုပ်သည် ခရိုင်ဥပဒေရုံးဝင်းအတွင်း ဆောင်ရွက်လျက်ရှိသော မြေထိန်းနံရံပြုလုပ်ခြင်း၊ ကွန်ကရစ်ခင်းခြင်းနှင့် အုတ်တံတိုင်းခြံစည်းရိုးပြုလုပ်ခြင်းတို့နှင့် စပ်လျဉ်း၍ လုပ်ငန်းပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

## ကျိုက်ထိုမြို့နယ် မူလွန်(၂)မြောက်ပိုင်းကျောင်း၌ လူငယ်ရေးရာဟောပြော

**ကျိုက်ထို ဒီဇင်ဘာ ၂**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြင့်မားပြီး အသိပညာဗဟုသုတ တိုးပွားစေရေးအတွက် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ကျိုက်ထိုမြို့မြောက်ပိုင်းရပ်ကွက်ရှိ မူလွန်(၂) မြောက်ပိုင်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာဟောပြောပွဲကို ဆောင်ရွက်သည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရွှေမာက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က စာဖတ်ရှိန် မြှင့်တင်ရေးအနေဖြင့်



လူငယ်နှင့် ရည်မှန်းချက်ခေါင်းစဉ်နှင့် ကျောင်းသား ကျောင်းသူများအားလပ်ချိန်တွင် အချိန်ကိုအကျိုးရှိစွာအသုံးပြုရေး၊ ကျောင်းစာကိုကြိုးစားကြသလို ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို ဟောပြောဆွေးနွေးခဲ့သည်။

အဆိုပါ အသိပညာပေးလုပ်ငန်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများဖတ်ရှုလေ့လာနိုင်ရန် ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာစောင်များ စသည့် ကလေးများအသိပညာတိုးပွားရေး စာအုပ်စာပေများနှင့် စာဖတ်ရှိန်မြှင့်တင်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်သတိပြုကာကွယ်ရေး စသည့် အသိပညာပေး နံရံကပ်စာစောင်တို့ကို ခင်းကျင်းပြသရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ကျိုက်ထို(ပြန်/ဆက်)**

## မယ်လမုစေတီတော်(၅၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ပျော်ပွဲရွှင်ပွဲကျင်းပရေးအတွက် အခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ဆုတောင်းပြည့် မယ်လမုစေတီတော် (၅၅) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ပျော်ပွဲရွှင်ပွဲ ကျင်းပရေးအတွက် ဩဝါဒခံယူပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁ ရက်က ဆုတောင်းပြည့် မယ်လမုစေတီတော် ဂေါပကအဖွဲ့ရုံးခန်းမ၌ ကျင်းပခဲ့သည်။



အခမ်းအနားတွင် ဆုတောင်းပြည့် မယ်လမုစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပက ဥက္ကဋ္ဌ ဦးလှကြည်နှင့် အတွင်းရေးမှူး ဦးသန်းအောင်တို့က ဗုဒ္ဓပူဇနီယပွဲတော်နှင့် ပတ်သက်၍ တင်ပြလျှောက်ထားကြသည်။

ထို့နောက် ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူကြသည်။ ဆက်လက်ပြီး ပျော်ပွဲရွှင်ပွဲကျင်းပရန် ဦးထင်အောင်စောက တင်ပြလျှောက်ထားရာ အစည်းအဝေး တက်ရောက်လာသော တာဝန်ရှိသူများက ဗုဒ္ဓပူဇနီယပွဲတော်ကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ပထမ (၁၀)ရက်ပတ် တောင်သူများအတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအား နည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နိုင်ပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပါသည်။

### မိုးရွာသွန်းနိုင်မှုအခြေအနေ

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမှုမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

### အမြင့်ဆုံးအပူချိန်အခြေအနေ

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၆၄ ဒီဂရီဖာရင်ဟိုက်မှ ၇၄ ဒီဂရီ ဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ၇၅ ဒီဂရီဖာရင်ဟိုက်မှ ၈၅ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၆ ဒီဂရီဖာရင်ဟိုက်မှ ၉၆ ဒီဂရီ ဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်ပါသည်။

### အနိမ့်ဆုံးအပူချိန်အခြေအနေ

ချင်းပြည်နယ်တွင် ၃၄ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသ ကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၅၁ ဒီဂရီဖာရင်ဟိုက်မှ ၆၂ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၆၃ ဒီဂရီဖာရင်ဟိုက်မှ ၇၄ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်ပါသည်။

### လေထုစိုထိုင်းဆအခြေအနေ

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ၅၈ ရာခိုင်နှုန်းမှ ၆၉ ရာခိုင်နှုန်းအတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၇၀ ရာခိုင်နှုန်းမှ ၈၁ ရာခိုင်နှုန်းအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့် အနောက်ပိုင်း)၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ် အရှေ့ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် ၈၂ ရာခိုင်နှုန်း မှ ၉၂ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်ပါသည်။

### ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၁၇ မီလီမီတာ မှ ၂၈ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၂၉ မီလီမီတာမှ ၃၉ မီလီမီတာအတွင်းနှင့် ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ၄၀ မီလီမီတာမှ ၄၉ မီလီမီတာအတွင်း အသီးသီး ရှိနိုင်ပါသည်။

### မြေဆီလွှာအောင်းရေအခြေအနေ

ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် (စိုစွတ်)အခြေအနေနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်ပါသည်။

**မိုး/ဇလ**




# မိတ္ထီလာမြို့နယ် မင်းတဲကုန်းကျေးရွာ၌ မိုးစပါးစံကွက်ရိတ်သိမ်း

**နေပြည်တော် ဒီဇင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကဖြူကျေးရွာအုပ်စု မင်းတဲကုန်းကျေးရွာ ဦးပိုင်အမှတ် ၄၄/၁၊ ကွင်းအမှတ် ၇၃၃ ရှိ တောင်သူ ဦးဇော်ဝင်း၏ မိုးစပါး (YSR–1 ) ငါးဧက၌ ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်တင်မိုး၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန္ဒာလင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသက်နိုင်အေး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဒေသခံတောင်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အခမ်းအနားတွင် မိတ္ထီလာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်တွင် မိုးစပါးစိုက်ပျိုးထားရှိမှုနှင့် မိုးစပါးစံကွက်ရိတ်သိမ်းမှုအခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မင်းတဲကုန်းကျေးရွာ တောင်သူ ဦးဇော်ဝင်း၏ စိုက်ဧက ငါးဧကရှိ မိုးစပါး (YSR–1) မျိုးစပါးကို ရိတ်သိမ်းခဲ့ကြောင်းနှင့် မိုးစပါး (YSR–1 ) စိုက်ဧက တစ်ဧက စပါးတင်း ၉၃ ဒသမ ၇၅ တင်း ထွက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောင်းသား ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်စကားဝိုင်းကျင်းပ

**သထုံ ဒီဇင်ဘာ ၂**

မွန်ပြည်နယ် သထုံမြို့နယ်၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ အသိပညာ ဗဟုသုတမြင့်မားပြီး ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်စကားဝိုင်းကို ယနေ့ နံနက်ပိုင်းက သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက်ရှိ သိမ်ဆိပ်အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။



ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက လူငယ်စကားဝိုင်း ပြုလုပ်ပေးရသည့် ရည်ရွယ်ချက်နှင့် ကျောင်းသား ကျောင်းသူများ အနေဖြင့် ကျောင်းစာပညာရပ်များသာမက ပြင်ပစာအုပ်၊ စာပေတို့ကို လေ့လာခြင်းဖြင့် အသိပညာများ ဖွံ့ဖြိုးပြီး နိုင်ငံ့သားကောင်းလူငယ်များဖြစ်လာရေး ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စကားဝိုင်းကို ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက အစီအစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်ပြီး သိမ်ဆိပ်အခြေခံပညာ အထက်တန်းကျောင်းမှ Grade–11 နှင့် Grade –10 ကျောင်းသား ကျောင်းသူ လေးဦးတို့က လူငယ်နှင့် ရည်မှန်းချက်၊ လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး၊ လူငယ်နှင့် စာဖတ်ခြင်း၊ မိမိအနှစ်သက်ဆုံး စာအုပ်တစ်အုပ်ခေါင်းစဉ်တို့ဖြင့် ၎င်းတို့ဖတ်ရှုလေ့လာထားသည့် စာရေးသူ၏ ဆိုလိုရင်းနှင့် ၎င်းတို့၏ အတွေ့အကြုံများ၊ အတွေးအခေါ်များကိုမျှဝေဆွေးနွေးကြရာ အစီအစဉ်တင်ဆက်သူက ပြန်လည်ဖြည့်စွက်ဆွေးနွေးပေးခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

# မနေပြည်တော်... 

# ဓနုဖြူမြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းနေကြာ ၁၀ ဧက သီးသန့်စံပြကွက် စိုက်ပျိုးပွဲကျင်းပ

**ဓနုဖြူ ဒီဇင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းနေကြာ ၁၀ ဧက သီးသန့်စံပြကွက်စိုက်ပျိုးပွဲကို ရေကြည်ကျေးရွာအုပ်စု ကွင်း/ဦးပိုင်အမှတ် ၁၉၆/N၃၀၊ တောင်သူဦးမြင့်သိန်း၏ လယ်မြေပေါ်၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးချစ်ဝင်းနိုင်က နေကြာစိုက်ပျိုးမှု နည်းစနစ်များနှင့် သတ်မှတ်ဧကပြည့်မီအောင် စိုက်ပျိုးကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် SUPER SUN 41 (စူပါဆန်း ၄၁) နေကြာမျိုးအား စိုက်ဧက ၁၀ ဧက စိုက်ပျိုးပွဲသို့ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးလွင်၊ အတွင်းရေးမှူး ရဲမှူးအောင်နိုင်ဝင်း၊ အဖွဲ့ဝင် (၂) ဦး စိန်မောင်ဝင်း၊ မြို့နယ် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကော်မတီအဖွဲ့ဝင် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့်တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

# နေရာကွက်ကျား မိုးရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၂ –** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ပထမ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပါသည်။

### မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ၄ ရက်မှ ၆ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၁ ရက်မှ ၃ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

### ညအပူချိန်

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဒီဇင်ဘာလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့် အထက်ပိုနိုင်ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒီဇင်ဘာလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်ပါသည်။

### မြူအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၆ ရက်မှ ၉ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး (အောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၂ ရက်မှ ၅ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်ပါသည်။

### မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ နှစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ပေခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်ပေခွဲခန့်၊ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး ဂဝိန်မြစ်ရေသည် သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပါသည်။

**မိုး/ဇလ**

## မုံရွာခရိုင်၌ ဆောင်းသီးနှံကဧ သုံးသောင်းကျော် လျာထားစိုက်ပျိုးမည်

**မုံရွာ ဒီဇင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်အတွင်းရှိ မုံရွာ၊ ချောင်းဦး၊ ဘုတလင်နှင့် အရာတော်မြို့နယ်တို့တွင် ယခုနှစ် ဆောင်းသီးနှံကြက်သွန်နီနှင့် ဟင်းသီးဟင်းရွက် စုစုပေါင်း ၃၂၁၀၆ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒေသခံတောင်သူများ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များ သုံးစွဲရေးနှင့် စိုက်စနစ် မှန်ကန်ရေး၊ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာများ အချိုးကျသုံးစွဲနိုင်ရေး စသည်တို့အတွက် စည်းရုံး ဆောင်ရွက်လျက်ရှိကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။ မုံရွာခရိုင်၌ ကြက်သွန်နီ ဧက ၁၁၂၅၀၊ ဟင်းသီးဟင်းရွက် ၂၀၈၅၆ ဧက စိုက်ပျိုးမည်ဖြစ်ပြီး ခရိုင်အတွင်းသာမက ပြည်တွင်းသီးနှံဖူလုံရေးအတွက် ဒေသခံတောင်သူများနှင့် ပူးပေါင်း၍ အောင်မြင်အောင် စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## ဘီးလင်းမြို့ အထက(ငါးဘတ်ချောင်)ကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ

**ဘီးလင်း ဒီဇင်ဘာ ၂**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအဖြစ် လူငယ်စကားဝိုင်းကို ယနေ့ နံနက်ပိုင်းက အထကငါးဘတ်ချောင်ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းမြတ်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်ချိုဝင်းက လူငယ်စကားဝိုင်း ဆောင်ရွက်ပေးရခြင်း ရည်ရွယ်ချက်များကို ဆွေးနွေးပြောကြားသည်။ ထို့နောက် စာပေချစ်မြတ်နိုးသူများ အဖွဲ့ဝင် ဦးလှထွန်းက လူငယ်စကားဝိုင်း ကျင်းပပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ထပ်ဆင့်ရှင်းလင်းပြောကြားသည်။



စကားဝိုင်းတွင် Grade-9 ကျောင်းသူတစ်ဦးက အစီအစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်ပြီး Grade-11 ကျောင်းသားနှင့် Grade-9ကျောင်းသား ကျောင်းသူများက ၎င်းတို့ဖတ်ရှုလေ့လာထားသည့် စာအုပ်များမှ စာရေးသူများ၏ ဆိုလိုရင်းနှင့် အတွေ့အကြုံများ၊ အတွေးအခေါ်များကို ဦးဆောင်ဆွေးနွေးပြီး ကျောင်းသားကျောင်းသူများက သိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## တာချီလိတ်မြို့နယ် နမ့်ပိန်းရွာ၌ သီးနှံများ လွယ်ကူစွာသယ်ယူပို့ဆောင်နိုင်မည့် ကုန်ထုတ်လမ်းဖောက်လုပ်

**တာချီလိတ် ဒီဇင်ဘာ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လယ်ယာစိုက်ခင်းများမှ ထွက်ရှိသည့် စိုက်ပျိုးသီးနှံများ ဈေးကွက်အတွင်း ကုန်ကျစရိတ် သက်သာစွာ သယ်ယူပို့ဆောင်နိုင်ရန် ရည်ရွယ်၍ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဝေ၊ တာချီလိတ်ခရိုင်ဦးစီးမှူး ဒေါ်အမာလွင်၊ မြို့နယ်ဦးစီးမှူး ဒေါ်လှဲ့လှဲ့သင်းနှင့် တာဝန်ရှိသူများက နမ့်ပိန်းကျေးရွာ၌ အရှည် တစ်မိုင်လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ ဒုကိုးလက်မရှိကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များ၊ တင်ဒါအောင်ကုမ္ပဏီက တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။



နမ့်ပိန်းကျေးရွာ အဆိုပါကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၇၀ ဒသမ ၉၅ သန်းဖြင့် တင်ဒါအောင်မြင်သည့်ကုမ္ပဏီက ယခုနှစ် ဇူလိုင်လ ပထမပတ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး၏ ၆၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက အဆိုပါကျေးရွာရှိ တောင်သူများ၏ လယ်ယာကေများမှ ထွက်ရှိမည့် စပါး၊ ပြောင်းနှင့် အခြားသီးနှံများ ဈေးကွက်အတွင်း ကုန်ကျစရိတ် သက်သာစွာ သယ်ယူ ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

မောင်ခိုင်

## ပန်းတောင်းမြို့နယ် စာရေးဆရာအသင်း စာဆိုတော်နေ့အခမ်းအနားကျင်းပ

**ပန်းတောင်း ဒီဇင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် စာရေးဆရာအသင်း၏ စာဆိုတော်နေ့အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၁ ရက်က ဥသျှစ်ပင်မြို့ စာရေးဆရာအသင်းရုံး အလင်္ကာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကိုက အမှာစကားပြောကြားပြီး မြို့နယ်စာရေးဆရာအသင်းနာယက ဦးသိန်းဟန်(ရဲဟန်-ဥသျှစ်ပင်)က စာဆိုတော်နေ့အကြောင်း ဟောပြောပြီး မြန်မာနိုင်ငံရေးစာရေးဆရာအသင်း(ဗဟို)မှ ပေးပို့သော သဝဏ်လွှာကို အတွင်းရေးမှူး ဦးနေဒူး(ခွန်နေဒူး-သနီမြေ)က လည်းကောင်း၊ ဘဏ္ဍာရေးမှူး ဦးအောင်မြင့်(အောင်မြင့်ကျော်-ပန်းတောင်း)က လည်းကောင်း၊ အသင်းဝင် တာဝန်ရှိသူများက လည်းကောင်း တစ်နှစ်တာအတွင်း ဆောင်ရွက်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

အောင်မြင့် (ပန်းတောင်း)

## ဒက္ခိဏသီရိမြို့နယ် ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်စီမံကိန်း တတိယအကြိမ်ထုတ်ချေး

**နေပြည်တော် ဒီဇင်ဘာ ၂**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာသစ်ကျေးရွာရှိ နေကြာအပါအဝင် အခြားဆီထွက်သီးနှံစိုက်ပျိုးသော ကျေးလက်နေတောင်သူများ လိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ ဝယ်ယူသုံးစွဲနိုင်ရန်နှင့် အတိုးနှုန်းသက်သာသော ချေးငွေများ ပံ့ပိုးပေးနိုင်ရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) လည်ပတ်ရန်ပုံငွေများ တတိယအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်က အဆိုပါကျေးရွာ၌ ကျင်းပသည်။

လယ်ဝေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရီရီပြုံးက လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့ဝင်များထံသို့ လည်ပတ်ရန်ပုံငွေကျပ် ၁၀၅ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရွာသစ်ကျေးရွာရှိ နေကြာ၊ မြေပဲ၊ နှမ်းနှင့် အခြားဆီထွက်သီးနှံစိုက်ပျိုးမည့် တောင်သူ ၃၈ ဦးကို လည်ပတ်ရန်ပုံငွေကျပ် ၁၀၅ သိန်းကို တောင်သူများ တစ်ဦးချင်း လက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာဖြင့် တတိယအကြိမ် ထုတ်ချေးခဲ့ကြောင်း သိရသည်။

JJJ



**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍**
**အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

## မင်းဘူး(စကု)မြို့နယ်၌ ပဲကြီး ၁၂၆၉၃ ဧက စိုက်ပျိုး

**မင်းဘူး ဒီဇင်ဘာ ၂**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်း ပဲမျိုးစုံသီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသခံတောင်သူများ ဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ပဲကြီးသီးနှံ ၁၂၆၉၁ ဧက လျာထားကာ ၁၂၆၉၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနရုံးမှ သိရသည်။

လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဒေသခံတောင်သူများအား စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ပဲမျိုးစုံသီးနှံ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသတွင်း စားနပ်ရိက္ခာဖူလုံစေရန်အတွက် ပဲကြီးအပြင် အခြားပဲအမျိုးမျိုးကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"သီးနှံစိုက်ပျိုးတဲ့အခါ မျိုးကောင်းမျိုးသန့်တွေကို ရွေးချယ်စိုက်ပျိုးကြပြီး တစ်ဧကကို မျိုးခြောက်ပြည်ကုန်ကျပါတယ်။ တော်သလင်း၊ သီတင်းကျွတ်လတွေမှာ စတင်စိုက်ပျိုးပြီး ခြောက်လအကြာမှာ ခူးဆွတ်နိုင်ကြပါတယ်။ တစ်ဧကကို မြေပြုပြင်ခ၊ လုပ်အားခအပါအဝင် ငွေကျပ် တစ်သိန်းကုန်ကျပြီး မြေကောင်းတဲ့ မြေနုကျွန်းနဲ့ ယာမြေတွေမှာ အထွက်နှုန်းကောင်းလို့ တစ်ဧကကို ၁၅ တင်းကနေ ၂၆ တင်းအထိ ထွက်ရှိပါတယ်။ တစ်တင်းဈေးနှုန်းမှာ ငွေကျပ် ၁၁၀၀၀၀ ကနေ ၁၃၀၀၀၀ အထိ ဈေးရရှိပါတယ်"ဟု ဇရပ်ကြီးကျေးရွာနေ ပဲကြီးစိုက်တောင်သူ ဦးဇော်လင်းထံက သိရသည်။

ဧယျာနိုင်(ရွှေကန်မြေ)

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၃၀ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဝါးခယ်မမြို့နယ် မင်းဝိုင်းရပ်ကွက်၌ လိုင်စင်မဲ့ Kenbo Wave-110 မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးခရိုင် တောင်တွင်းကြီးမြို့နယ်၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၉၁၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၇၂၇၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဒီဇင်ဘာ ၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုံရွာမြို့ မအူ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ်တစ်စီး (ခန့်မှန်း





ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

တန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရဲသာယာယီယာဉ်စစ်ကွင်း၌မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ယာဉ်အပိုပစ္စည်း သုံးမျိုး၊ လူသုံးကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၉၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်း တန်ဖိုးငွေကျပ် ၈၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၆၉၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဒီဇင်ဘာ ၁ ရက်နှင့် ၂ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၁၅ ဒသမ ၄၇၇ တန်၊ သစ်မာ ၀ ဒသမ ၁၈၈ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၂၅၀၆၈၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ် နိုဝင်ဘာ ၃၀ ရက်၊ ဒီဇင်ဘာ ၁ ရက်နှင့် ၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၅၅၄၇၉၅၀)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းလာသည့် ကုန်စည်များအနေဖြင့် အရည်အသွေးပြည့်မီမှုမရှိနိုင်ခြင်းနှင့် ပြည်သူများအတွက် ဘေးအန္တရာယ်ကျရောက်မှုများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ရွှေဘိုမြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဈေးသည် သုံးဦးထံမှ ငွေကျပ်သိန်း ၃၀ သိမ်းဆည်းခြင်း၊ ဆိုင်ကယ်များကို ဖမ်းဆီးပြီး တစ်စီးလျှင် ငွေကျပ် သုံးသိန်းမှ အများဆုံး သိန်း ၂၀ ဖြင့် ပြန်ရွေးခိုင်းနေကြောင်း မဟုတ်မမှန်လုပ်ကြံရေးသား ဝါဒဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် သစ်ကြီးတောကျေးရွာမှ ဈေးသည် အမျိုးသမီးနှစ်ဦးနှင့် ပလိုင်းကျေးရွာမှ ဈေးသည် အမျိုးသမီးတစ်ဦးတို့မှ နိုဝင်ဘာ ၂၉ ရက်တွင် ရွှေဘိုမြို့ပေါ်၌ ဈေးဝယ်ရန်အတွက် ဆိုင်ကယ်ဖြင့် လာရောက်စဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆိုင်ကယ်လိုင်စင်မရှိ၍ ဈေးဝယ်ရန် ပါလာသည့် ငွေကျပ်သိန်း ၃၀ နှင့် ဆိုင်ကယ်များအား သိမ်းဆည်း




သွားကြောင်း၊ ရွှေဘိုမြို့ပေါ်တွင် ဆိုင်ကယ်များကို ဖမ်းဆီးပြီး ငွေကျပ် သုံးသိန်းမှ သိန်း ၂၀ အထိ ပေး၍ ပြန်လည်ရွေးယူရကြောင်း မဟုတ်မမှန်သတင်းများ ဖြန့်ဝေနေကြောင်း တွေ့ရှိရသည်။

အဆိုပါ သတင်းများနှင့် ပတ်သက်၍ သက်ဆိုင်ရာ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ရွှေဘိုမြို့နယ်အတွင်း အကြမ်းဖက်သမားများ စိမ့်ဝင်ခိုအောင်းမှုမရှိစေရေးနှင့် ဒေသခံပြည်သူများ အေးချမ်းစွာ နေထိုင်သွားလာနိုင်ရေးအတွက် လုံခြုံရေးစစ်ဆေးဆောင်ရွက်မှုများ ရှိသော်လည်း လုံခြုံရေးနှင့် မသက်ဆိုင်သည့် ကိစ္စများကို ဆောင်ရွက်ခြင်း မရှိကြောင်း၊ တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများအထင်အမြင်လွဲမှားစေရန်၊ အေးချမ်းစွာ နေထိုင်လိုသည့် ပြည်သူများ စိုးရိမ်ထိတ်လန့်မှုများ ဖြစ်ပေါ်စေရန်နှင့် အကြမ်းဖက်သမားများ လွယ်ကူစွာဝင်ထွက်သွားလာနိုင်စေရန်အတွက် သတင်းတု၊ သတင်းမှားများကို လုပ်ကြံရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မခင်မာပေါက် (ခ) ပေါက်ပေါက်နှင့် မအိအိထွန်း (ခ) မရီ တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# သာစည်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၈ ရက် ည ၁၀ နာရီခွဲတွင် သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအုပ်စု၊ ကျွဲတပ်ဆုံကျေးရွာအနီးတွင် EXPRESS ခရီးသည်တင်မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်ပါ ခရီးသည် မခင်မာပေါက်(ခ)ပေါက်ပေါက်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၂၅၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ နိုဝင်ဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူ မအိအိထွန်း(ခ)မရီ အား တောင်ကြီးမြို့ ညောင်ဖြူစခန်းရပ်ကွက်ရှိ ၎င်း၏နေအိမ်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် မခင်မာပေါက်(ခ)ပေါက်ပေါက် (၅၁)နှစ်နှင့် မအိအိထွန်း(ခ)မရီ(၅၂)နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရှာငံမြို့နယ်၌ ငွေကျပ် ၁၉၄၈ သိန်းတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ



အိုက်တူး(ခ)စိုင်းဝင်းအောင် အား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၉ ရက် ညနေ ၅ နာရီခွဲတွင် ရှာငံမြို့နယ် မြို့ကြီးကျေးရွာအုပ်စု မြို့ကြီးကျေးရွာအနီးတွင် အိုက်တူး (ခ) စိုင်းဝင်းအောင် မောင်းနှင်လာသည့် TOYOTA SUCCEED အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water ၁ ဒသမ ၆၈ ကီလို၊ ကက်တမင်း ၁ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် အိုက်တူး (ခ) စိုင်းဝင်းအောင် (၄၉)နှစ်အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မိုင်းဆတ်မြို့နယ် မိုင်းခုတ်မြို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်း ရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၃၀ ရက် ညနေ ၅ နာရီတွင် မိုင်းဆတ်မြို့နယ် မိုင်းခုတ်မြို့ လွယ်ဆောင်ကျေးရွာအုပ်စု နားလည်ကျေးရွာအနီးတွင် လုံးမူမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းလွယ်ထားသော လွယ်အိတ်အတွင်းမှ ဘိန်းဆိမ့် ၀ ဒသမ ၄၅ ကီလို သိမ်းဆည်းရမိပြီး ကွင်းဆက်အရ ညနေ ၆ နာရီတွင် မိုင်းဆတ်မြို့နယ် မိုင်းခုတ်မြို့ လွယ်ဆောင်ကျေးရွာအုပ်စု ထူးဒွေါ့ကျေးရွာရှိ ရှဲဖ၏နေအိမ်မှ ဘိန်းဖြူ ၁ ဒသမ ၄ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် လုံးမူ(၂၅)နှစ်နှင့် ရှဲဖ(၃၀)နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



လုံးမူ နှင့် ရှဲဖ တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# ပင်လောင်းမြို့နယ်၌ ဘိန်းခင်းများဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် တောင်လေးကျေးရွာ၏ အနောက်ဘက် သုံးမိုင်ခန့်အကွာရှိ အမြင့် သုံးပေခန့် ဘိန်းခင်းဧက ၃၀ ခန့်အား ဖျက်ဆီးခဲ့ကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ




## ပတ်စ်ပို့ပျောက်

ပုသိမ်မြို့၊ ဗိုလ်ကနောင်ရပ်ကွက်၊ နေကျွန်တော်စောကညောကလို ၁၄/ ပသန(နိုင်)၁၆၉၃၃၀ ၏ Passport MI–306635 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၅၂၀၂၃၈၆

တစ်အိမ်လုံးတွင်

မည်သူမျှ

မရှိနေချိန်၌

မလိုအပ်သော

လျှပ်စစ်အသုံးပြုမှု

အားလုံးကို

ပိတ်ခြင်းဖြင့်

လျှပ်စစ်ကို

ချွေတာသုံးစွဲပါ

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သံသုမာလမ်း၊ တိုက်အမှတ် (၅၈/ခ+၅၉/က)၊ အခန်းအမှတ် (ဂလွှာ) (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၇ပေ × ၅၄ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးသောင်းဦးလွင် (၁၂/သကတ (နိုင်) ၀၄၁၂၄၂) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂)

ဒေါ်လင်းလင်းထက်
LL.B,
အထက်တန်းရှေ့နေ(စဉ်–၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊သဃ်္ဃန်းကျွန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၃၆)၊လူနေရပ်ကွက်(သုဝဏ္ဏ)၊မြေကွက်အမှတ်(2A 13)၊အကျယ်အဝန်း(၆၀ပေ× ၁၁၆ပေ/ ၁၂၄ပေ)ရှိဦးခင်အောင်(၁၂/ ဗဟန(နိုင်)၀၈၄၂၀၆)အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိနေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုမိဘကွယ်လွန်၍သားသမီးများမှအမွေဆက်ခံခွင့်အရရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူများ(၁)ဒေါ်သီတာခင်အောင်(၁၂/ ဗဟန(နိုင်)၀၇၀၆၉၆)၊(၂)ဦးအောင်ခင်(၁၂/ သဃက(နိုင်)၂၂၁၁၀၀)၊(၃)ဒေါ်မာလာခင်အောင်(၁၂/ တမန(နိုင်)၀၆၄၆၆၈)၊(၄)ဒေါ်ဥမ္မာအောင်(၁၂/ ဗဟန(နိုင်)၀၆၉၅၂၁)(၅)ဦးဝင်းမြင့်အောင်(၁၂/ ဗဟန(နိုင်)၀၆၀၆၇၂)(၆)ဦးခင်အောင်ဝင်း(၁၂/ ဗဟန(နိုင်)၀၆၉၀၆၂)တို့ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီးဖြစ်ပါသည်။အရောင်းအဝယ်အားကန့်ကွက်လိုပါကကျွန်ုပ်ထံသို့တရားဝင်ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

Ph,09421746974

ဦးအောင်ကျော်လှိုင် LL.B,
အထက်တန်းရှေ့နေ(စဉ်–၄၃၆၈၈)

## အများသိစေရန် ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း၊ မြေကွက်အမှတ်(၂၀)ဟုခေါ်တွင်သော အလျား x အနံ(၂၅' x ၆၀')ပေ ရှိ မြေကွက်ပေါ်တွင်တည်ရှိ ဆောက်လုပ်ထားသော(၂)ခန်းတွဲ (၆)ထပ်တိုက် ၏ လက်ယာဘက်ခြမ်း၊(၅)လွှာ(စတုတ္ထထပ်) အကျယ်အဝန်း (၁၂ ၁/၂' x ၅၀') ပေရှိ တိုက်ခန်းအား ဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဦးအောင်မင်း ထံမှ အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးစိုင်းဇော်ဝိတ် ၁၂/ကတတ(နိုင်) ၀၂၄ ၁၀၄ ထံသို့ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ချစ်စုထွေး ၈/ပခက(နိုင်)၂၀၂၂၆၀ မှ ဥပဒေနှင့်အညီ လက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး အဆိုပါ တိုက်ခန်းနှင့် ပတ်သက်သည့် စာရွက်စာတမ်းမူရင်းများနှင့် တိုက်ခန်းအား လက်ရောက်လွှဲပြောင်းရယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါ၍ အဆိုပါတိုက်ခန်းအား ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှသာ တရားဝင်လက်ရောက်ပိုင်ဆိုင်သူဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးဗိုလ်ဗိုလ်ဇော် LL.B,D.B.L,,D.M.L.
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၆၉၈/၂၀၁၈)
အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း–၀၉– ၄၅၀၀၃၅၀၇၀

### မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်–

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက်ကယ်ထိုင်ခုံခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# မြောင်းမြမြို့နယ်၌ ကျန်းမာရေးဝန်ထမ်းများ တွေ့ဆုံဆွေးနွေး၍ ဆေးရုံများစစ်ဆေး



**မြောင်းမြ ဒီဇင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ တွေ့ဆုံပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁ ရက်က မြောင်းမြမြို့ ခုတင် (၂၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ကျင်းပရာ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသီဟက မြောင်းမြမြို့ ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

ထို့နောက် ခရိုင်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် သူနာပြုသင်တန်းကျောင်းများသို့ ကွင်းဆင်းစစ်ဆေး ကြည့်ရှုခဲ့ပြီး ဝန်ထမ်းများအား လိုအပ်သည်များကိုမှာကြားသည်။ ဆက်လက်၍ ပုဂ္ဂလိကကျန်းမာရေးဆိုင်ရာ အထူးကု ဆေးရုံများတွင် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဇေယျာ (မြောင်းမြ)

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ကန်ကြီးရပ်ကွက်၊ အကွက်အမှတ်–၁၀(က)ကန်ကြီးကွင်း၊ မြေကွက်အမှတ်(၁၆၈)၊ မြေဧရိယာ ၀ဒသမ ၀၅၅ဧက အား မြေငှားဂရန်အမှုတွဲအမှတ်၊ ၆၄/၂၀၂၂–၂၀၂၃ အရ ဒေါ်ချိုချိုစိုင်ပါ(၈)ဦး အမည်ဖြင့် ရရှိခဲ့ပြီး မူလဂရန်အမည်ပေါက်သူ ဒေါ်ချိုချိုစိုင်ပါ(၈)ဦးအနက် ဒေါ်မေပုလဲ၊ ဒေါ်မြင့်ဝေထံမှ နေအိမ်နှင့် မြေကွက်အကျိုးခံစားခွင့်ကို စွန့်လွှတ်ပေးသည့်စာချုပ်အမှတ်(၂၇/၂၀၂၄)ဖြင့် ဒေါ်ချိုချိုစိုင်၊ ဒေါ်အုန်းကြည်၊ ဒေါ်လှကြည်၊ ဒေါ်တင်တင်ရီ၊ ဒေါ်အင်မီ(ခ)ဒေါ်မီ၊ ဒေါ်ဥမ္မာချန် တို့မှ လက်ခံရရှိခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်ချိုချိုစိုင် ၆/မအရ(နိုင်)၀၃၈၉၆၁၊ ဒေါ်အုန်းကြည် ၆/မအရ(နိုင်)၀၃၈၉၆၃၊ ဒေါ်လှကြည် ၆/မအရ(နိုင်)၀၃၈၉၇၄၊ ဒေါ်တင်တင်ရီ ၆/မအရ(နိုင်)၀၃၈၉၆၂၊ ဒေါ်အင်မီ(ခ)ဒေါ်မီ၊ ၁၂/ကမရ(နိုင်)၀၂၉၇၃၀၊ ဒေါ်ဥမ္မာချန်၊ ၆/မအရ(နိုင်)၀၃၂၅၇၉ တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ကော်လီတွော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့

# မူဆယ်မြို့နယ်စပ်ဂိတ်ဖြစ်သော ဆင်ဖြူဂိတ်မှ ဂျယ်ဂေါင်ဘက်သို့ နေ့စဉ် ကားစီးရေ ၅၀ နှင့် ဆိုင်ကယ်စီးရေ ၂၀၀ သာ ဖြတ်သန်းခွင့်ပြုမည်ဖြစ်ပြီး မဲနှိုက်၍ အလှည့်ကျဖြင့်သာ တရုတ်သို့ ဝင်ထွက်ခွင့်ပြုမည်

**မူဆယ် ဒီဇင်ဘာ ၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ် ဆင်ဖြူ နယ်စပ်ဂိတ်မှ နေ့စဉ် ကားစီးရေ ၅၀ နှင့် ဆိုင်ကယ်စီးရေ ၂၀၀ သာ တရုတ်နိုင်ငံဘက်သို့ ဝင်ရောက် ဖြတ်သန်းခွင့်ပြုမည်ဖြစ်ပြီး ဖြတ်သန်းခွင့်အတွက် မဲနှိုက်၍ အလှည့်ကျနံပါတ်ဖြင့်သာ တရုတ်ဘက်သို့ ဝင်ထွက်ခွင့်ပြုမည်ဖြစ်ကြောင်း သက်ဆိုင်ရာအာဏာပိုင်က ထုတ်ပြန်ကြေညာထားသည်။ နိုဝင်ဘာ ၃၀ ရက်မှစတင်၍ မူဆယ်မြို့ ဆင်ဖြူနယ်စပ်ဂိတ်မှ တရုတ်နိုင်ငံသို့ ဆိုင်ကယ် စီးရေ ၂၀၀ နှင့် ကားစီးရေ ၅၀ သာ ဖြတ်သန်းခွင့်ပြုမည်ဖြစ်ပြီး တရုတ်ဘက်သို့ ဝင်ရောက်လိုသော ကားများအနေဖြင့် သက်ဆိုင်ရာထံတွင် စာရင်းပေးရမည်ဖြစ်ပြီး မဲနှိုက်၍ အလှည့်ကျစနစ်ဖြင့်သာ တရုတ်နိုင်ငံထဲသို့ ကူးသန်းဝင်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

တန်းစီစနစ်နှင့် မဲပေါက်မှ တရုတ်ဘက်ကို ဝင်ခွင့်ပေးကြောင်း၊ တစ်နေ့လျှင် ဆိုင်ကယ်စီးရေ ၂၀၀ နှင့် ကားစီးရေ ၅၀ စုစုပေါင်းစီးရေ ၂၅၀ သာ အဝင်အထွက်လုပ်ခွင့်ပေးကြောင်း၊ ကုန်များလည်း စားသောက်ကုန်သာ သယ်ရမည်ဖြစ်သည်။ တရုတ်ဘက်မှ ပစ္စည်းများသယ်ဆောင်ရာတွင်လည်း မူဆယ်မြို့နယ်အတွင်း စားသုံးရန်ဖြစ်သော မီးဖိုချောင်သုံး အသီးအနှံများ၊ အသားနှင့် ငါးများကိုသာ ခွင့်ပြုကြောင်း၊ အေးခဲသားများ အပါအဝင် အခြား လူသုံးကုန်ပစ္စည်းများကို တင်ဆောင်ခွင့်မပြုကြောင်း၊ အိမ်စီးကားများ၊ စက်ဘီးနှင့် လက်တွန်းလှည်းဖြင့် ကုန်ပစ္စည်းတင်ဆောင်မှု လုံးဝ(လုံးဝ) ခွင့်မပြုကြောင်း၊ ဆိုင်ကယ်များဖြင့် ကုန်ပစ္စည်းများတင်ဆောင်ရာ တွင်လည်း စားသုံးရန်ဖြစ်သော မီးဖိုချောင်အသီးအနှံများ၊ အသားနှင့် ငါးများကို ခွင့်ပြုမည်ဖြစ်ကြောင်း သက်ဆိုင်ရာက စည်းကမ်းချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

ချယ်ရီမြေ
(မူဆယ်)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

# (၃၃) ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေး ဖိတ်ကြားလွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏
(၃၃) ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး ကို
အောက်ပါအစီအစဉ်အတိုင်းကျင်းပမည်ဖြစ်ပါ၍ တက်ရောက်ချီးမြှင့်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**နေ့ရက်**
၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၄) ရက်
(စနေနေ့)

**အချိန်**
မွန်းလွဲ ၁:၀၀ နာရီ
(၁၂:၃၀နာရီတွင် ကြိုတင်နေရာယူပေးပါရန်)

**နေရာ**
အမျိုးသားဇာတ်ရုံ၊ မြို့မကျောင်းလမ်း၊
ရန်ကုန်မြို့။

အသင်းချုပ် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို အသင်းသားများ ပါဝင်တက်ရောက်နိုင်ပါရန်နှင့် အဆင်ပြေချောမွေ့စွာ တက်ရောက်နိုင်ရေး အသင်းချုပ် Website (www.umfcci.com.mm) တွင် (Online Registration) ဖြင့် (၉-၁၂-၂၀၂၄) ရက်နေ့ နောက်ဆုံးထား၍ ကြိုတင်အမည်စာရင်းပေးသွင်းနိုင်ပါသည်။
စာရင်းပေးသွင်းထားသူများအား အစည်းအဝေးတက်ရောက်ခွင့် QR Code များကို အီးမေးလ်မှတဆင့် အချိန်မီပေးပို့သွားမည်ဖြစ်ပါသည်။

အသင်းချုပ်အသင်းသားများအနေဖြင့် အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းအပေါ် ဆွေးနွေးအကြံပြုလိုသည်များရှိပါက အကြံပြုချက်များကို ကုန်သည်စက်မှုအသင်းချုပ်၊ အသင်းသားရေးရာဌာနသို့ (၁၀-၁၂-၂၀၂၄) ရက်နေ့
နောက်ဆုံးထားပေးပို့နိုင်ပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**ဆက်သွယ်ရန်**
ဖုန်း - ၀၉ ၇၇၆ ၉၉၉ ၉၂၀၊ ၀၉ ၇၇၆ ၉၉၉ ၉၃၀၊ ၀၉ ၄၅၇ ၈၃၆ ၅၄၂
အီးမေးလ် - ma@umfcci.com.mm
ဝက်ဘ်ဆိုက် - အမျိုးသားဝက်ဘ်ဆိုက်

အလုပ်အမှုဆောင်အဖွဲ့
ကုန်သည်စက်မှုအသင်းချုပ်

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ
## ( တရားမကျင့်ထုံးဥပဒေအမိန့် - ၄၁၊ နည်းဥပဒေ - ၁၄)
## ရှမ်းပြည်နယ်တရားလွှတ်တော်
## ၂၀၂၃ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် - ၅၉

| | | |
|---|---|---|
| ၁။ ဦးစောသူရိန်မူး(ခ) ဦးစောသူရိန်မှူး<br>၂။ ဒေါ်နှင်းအိအိခိုင် | နှင့် | JJ Pun Trading Company Limited (၎င်း၏ကိုယ်စားဒေါ်မျိုးမျိုးခိုင်- ဒါရိုက်တာ) |
| အယူခံတရားလိုများ | | အယူခံတရားပြိုင် |

**၂၀၂၄ ခုနှစ်၊ မေ လ ၂၅ ရက်နေ့စွဲပါ**
**ကလောခရိုင် တရားရုံးတော်မှ တရားမကြီးမှုအမှတ် - ၄/၂၀၂၂ ကိုအယူခံမှု။**

အယူခံတရားပြိုင်(ယခင်လိပ်စာ) ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ပန်းလှိုင်အိမ်ရာ၊ The Compus, 1st Floor, Wing A, (ယခုလိပ်စာမသိ)နေ JJ Pun Trading Company Limited (၎င်း၏ ကိုယ်စား ဒေါ်မျိုးမျိုးခိုင်-ဒါရိုက်တာ)သိစေရမည်။

ယခုအမှုတွင် ကလောခရိုင်တရားရုံးတော်က ချပေးသည့်ဒီကရီကို အယူခံတရားလိုကအယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ(၁၀)ရက်(၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၁၀ရက်) တွင် ဆိုင်ဆိုရန်၊ ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကိုအမိန့် ၄၁၊ နည်းဥပဒေ ၂၂အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂အရ ချိန်းထားသည့် အချိန်အတွင်း သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာ တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်၊ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးစန္ဒီအောင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရှမ်းပြည်နယ်တရားလွှတ်တော်**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် SHN/17847, Honda Click-125 ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုဦး ၁၃/လလန(နိုင်)၀၄၅၆၇၇ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ (၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**လွိုင်လင်**

## ကန့်ကွက်နိုင်ပါကြောင်း

ဆိုင်ကယ်အမှတ် 14W/58360, Honda Dream-125 ယာဉ်အမည်ပေါက် မဖြူဖြူသိန်း ၁၃/မတန(နိုင်)၀၀၄၁၀၄ကယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ (၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တောင်ကြီး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့၊ အ.ထ.က(၁) မှ အထက်တန်းပြ တာဝန်ထမ်းဆောင်နေသော ဒေါ်ဘူလု ၅/ကသန(နိုင်)၀၀၀၉၁၀၏ ဖခင် ဦးအယ်လ်ခါးလီ(ခ) ဦးအယ်ခါးလီ(ခ) ဦးလကွန်ခါးလီ(ခ) ဦးလဇွန်ခါးလီမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

ညောင်ရွှေမြို့၊ အ.ထ.က (၂)၊ Grade-11မှ ခွန်ရက်အောင်ခမ်း၏ မိဘအမည်မှန်မှာ ခွန်ဆန်းလေး (၁၃/တကန(နိုင်)၁၅၇၁၇၄ ၊ နန်းဝိုန်း ၁၃/တကန(နိုင်)၀၉၂၂၁၆ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အ.ထ.က(၁)၊ Grade-10(B)မှ မသီရိဝေ၏ ဖခင်အမည်မှန်မှာ ဦးသိန်းထိုက်အောင် ၁၃/တကန (နိုင်) ၂၅၄၈၁၆ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ကျိုင်းတုံမြို့၊ Veritas ကိုယ်ပိုင်အထက်တန်းကျောင်း Grade-4 မှ မမေမြတ်နိုး အောင်အား မခင်ညာဏ်သစ်ဟု အမည် ပြောင်းလဲခေါ်ပါရန်။

**မခင်ညာဏ်သစ်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် ဇဇ-၂၊ ဦးပိုင်အမှတ်(၉၉)ခဲစင်း၊ (၅၈x၅၉)ကြား၊ (၁၀၇x၁၀၈)လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက် ဒေါ်နန်းအောင် ၉/မမန(နိုင်)၀၀၅၇၁၀၏ (SPရရှိသူ ဒေါ်ထွေးကြည်)က အမှုတွဲအမှတ်(၅၁၅၉/၂၀၂၄-၂၀၂၅)ဖြင့် ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂သမိုင်း၊ မြေကွက်အမှတ်-၇/ဓ၊ ဧရိယာ-၀.၃၂၈ကေရှိ မြေပိုင်မြေကွက်သည် ဗိုလ်မှူးချုပ်စန်းအောင်(၁၃/ရစန(နိုင်)၀၀၆၀၂၄)၏ အမည်ပေါက်သော **B**-မြေပိုင်မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်အနက်မှ တရားဝင်တိုင်းတာခွဲစိတ်ရခြင်းမရှိသေးသည့် အနောက်ဘက်ခြမ်း(ပြည်လမ်းမဘက်ခြမ်း)ဧရိယာ-၀.၁၉၇၈ကေခန့်အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ (၈)မိုင်၊ ပြည်လမ်း၊ အမှတ်-၁၁၆ ဟုခေါ်တွင်သည့် နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို မိဘ(၂)ပါးဖြစ်သော ဗိုလ်မှူးချုပ်စန်းအောင် နှင့် မိခင် ဒေါ်ရင်ရင်ဝိုင်း တို့ကွယ်လွန်ပြီးနောက် အမွေဆက်ခံပိုင်ဆိုင်ခဲ့ကြသူများဖြစ်သည့် ဒေါက်တာမိုးဝင့်အောင် (၁၂/မရက(နိုင်)၀၈၂၂၅၆)၊ ဒေါ်မိုးပွင့်အောင် (၁၂/မရက(နိုင်)၀၅၄၇၇၀)၊ ဒေါက်တာမိုးမြတ်အောင် (၁၂/မရက(နိုင်)၀၈၂၂၅၅)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏တစိတ်တဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေနှင့်အဆောက်အအုံအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**သင်းကြူစိုး LL.B., LL.M.**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၅၅၆)**
**ရုံး-အမှတ်-၅၅၊ အခန်း-၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၁-၈၃၇၈၇၉၉၊ ၀၉-၅၀ ၁၆၃၅၂၊ ၀၉-၅၅၀ ၆၅၅၆။**

## လင်မယားကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်နန်းဝေ ၁၁/ကတန(နိုင်)၀၃၅၀၃၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်နန်းဝေ ၁၁/ကတန(နိုင်)၀၃၅၀၃၆ နှင့် ဦးဝင်းမြင့်သိန်း ၁၄/အဂပ(နိုင်)၁၃၂၇၈၃တို့သည် ၃-၁၀-၂၀၀၆ရက်မှစ၍ တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ကြရာ သား/သမီး(၂)ဦး ထွန်းကားခဲ့ကြပါသည်။ ယခုအခါ ဒေါ်တင်နန်းဝေနှင့် ဦးဝင်းမြင့်သိန်းတို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိဘဲ ဆက်လက်ပေါင်းသင်းနေထိုင်ရန် ဆန္ဒမရှိတော့ပါသဖြင့် (၂၅-၁၁-၂၀၂၄) ရက်စွဲပါ “လင်မယားကွာရှင်းပြတ်စဲခြင်း နှစ်ဦး သဘောတူ ကတိစာချုပ်”ကို ချုပ်ဆိုကြလျက် လင်မယားအဖြစ်မှ အပြီးအပိုင်ကွာရှင်းပြတ်စဲပြီးဖြစ်ကြပါသည်။ သို့ဖြစ်၍ ဒေါ်တင်နန်းဝေနှင့် ဦးဝင်းမြင့်သိန်း တို့သည် လင်မယားကွာရှင်းပြတ်စဲခြင်းစာချုပ်ကို လက်မှတ်ရေးထိုးပြီးဖြစ်သည့် (၂၅-၁၁-၂၀၂၄)ရက်မှစတင်၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှပတ်သက်စပ်ဆိုင်ခြင်းမရှိတော့သည့်အပြင် တစ်ဦး၏ အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေးကိုယ်ရေးကိုယ်တာ ကိစ္စအဝဝတို့ကို တစ်ဦးက ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ ပတ်သက်ခြင်း စသည် လုံးဝ(လုံး၀)မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကိုထွန်း LLB တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၈၉၀)**
**ဖုန်း - ၀၉ - ၅၀၅၄၆၇၆**

## (၁၀-၁၁-၂၀၂၄)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ ကော်လံ(၂)၊ စာမျက်နှာ(၂၁) တွင် ဒေါ်လှကြည် ၁၂/လကန(နိုင်)၀၉၅၁၆၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဒေါ်ဖြူဖြူဝင်းက အများသိစေရန် ကြေညာခြင်းခေါင်းစဉ်ပါ ကြော်ငြာနှင့် ပတ်သက်၍ ဖြစ်စဉ်အမှန် သိရှိနိုင်ပါရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ကလီထော် အနောက်ကျေးရွာနေ ဒေါ်စိန်ရင်(ဘ) ဦးမောင်ညွှန့် ၁၂/လကန (နိုင်)၁၃၄၅၄၄၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည် ရှင်းလင်း ကြေညာအပ်ပါ သည်-

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ကလီထော် အနောက်ကျေးရွာရှိ ကလီထော်ကွင်း၊ ကွင်းအမှတ်-၁၀၀၀B၊ ဦးပိုင်အမှတ်-၃၄၊ G အမျိုးအစား ဦးဘိုးသွယ် ပါ ၂ အမည်ဖြင့် မြေခွန်ပြေစာ ထွက်ရှိသည့် မြေရေိယာ ၁ ဒသမ ၅၉ကေနှင့် ယင်းမြေနှင့် အနီးအနား ဆက်စပ်ဖြစ်ထွန်းအကျိုးခံစားခွင့်ရှိသော မြေရေိယာ ဝ ဒသမ ၂၀ကေ မြေယာများသည် ဦးမောင်ညွှန့်- ဒေါ်သန်းမြတို့ကွယ်လွန်စဉ်က ကျန်ရစ်ခဲ့သော အမွေဆိုင်ခြံမြေများ မဟုတ်ပါကြောင်း၊ ဦးမောင်ညွှန့်- ဒေါ်သန်းမြတို့၏ အမွေကျန်ခြံမြေမှာ ဦးပိုင်အမှတ်-၂၄၊ မြေရေိယာ ၁ ဒသမ ၆၆ကေနှင့် ဦးပိုင်အမှတ်-၂၈၊ မြေရေိယာ ၀ ဒသမ ၈၀ကေ တို့ ဖြစ်ပါကြောင်း အတိအလင်း ရှင်းလင်း ကြေညာအပ်ပါသည်။

ဒေါ်လှကြည်သည် ဦးမောင်ညွှန့်-ဒေါ်သန်းမြတို့၏ တတိယမြောက်သမီးဖြစ်ပြီး ဒေါ်စိန်ရင်မှာ ဆဋ္ဌမမြောက်သမီးဖြစ်ပါသည်။ ဦးမောင်ညွှန့်-ဒေါ်သန်းမြတို့တွင် သားသမီး(၈)ဦး ထွန်းကားခဲ့ရာ အရွယ်ရောက်၍ အိမ်ထောင်ပြုကြသည့်အခါ ဒေါ်စိန်ရင်မှအပ ကျန်သူများသည် သီးခြားအိမ်ခွဲနေထိုင်ခဲ့ကြပြီး ဒေါ်စိန်ရင်နှင့် ခင်ပွန်း ဦးလှကြိုင်တို့ကသာ မိဘများအား ပြုစုစောင့်ရှောက်ကာ မိဘများနှင့် လက်ရည်တစ်ပြင်တည်း လုပ်ကိုင်စားသောက် နေထိုင်ခဲ့ကြခြင်းဖြစ်ပါ သည်။

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ကလီထော် အနောက်ကျေးရွာရှိ ကလီထော်ကွင်း၊ ကွင်းအမှတ်-၁၀၀၀B၊ ဦးပိုင်အမှတ်-၃၄၊ G အမျိုးအစား မြေရေိယာ ၁ ဒသမ ၅၉ကေမှာ ဒေါ်စိန်ရင်၏ မိခင် ဒေါ်သန်းမြ၏ အဒေါ်အရင်း ဒေါ်ဖြူနှင့် ၎င်း၏ ခင်ပွန်းဖြစ်သူ ဦးဘိုးသွယ်တို့ ပိုင်ဆိုင်သည့် ဦးဘိုးသွယ်ပါ ၂ဦး အမည်ပေါက်သည့် ခြံမြေဖြစ်ပြီး အဆိုပါခြံမြေနှင့် တစ်ဆက်တစ်စပ်တည်း သောင်ထွန်းခဲ့သည့် ခြံမြေရေိယာ ၀ ဒသမ ၂၀ကေတို့အား ၁၉၇၀ခုနှစ်ခန့်ကတည်းက ဦးလှကြိုင် -ဒေါ်စိန်ရင်တို့က ဦးဘိုးသွယ်-ဒေါ်ဖြူတို့အား သီးစားခပေး၍ မြေပဲ၊ ချဉ်ပေါင် အစရှိသည့် ရာသီပင်များ စိုက်ပျိုးလုပ်ကိုင် စားသောက်ခဲ့ကြသည့်အပြင် နှစ်ရှည်ပင်များကိုလည်း စိုက်ပျိုးခဲ့ပြီး နေအိမ်တစ်လုံး ဆောက်လုပ်နေထိုင်ခဲ့ကြပါသည်။ ထိုကဲ့သို့ စိုက်ပျိုးလုပ်ကိုင်ခဲ့ရာမှ လွန်ခဲ့သော နှစ်ပေါင်း (၄၀)ကျော်ခန့်ကတည်းက ဦးဘိုးသွယ်-ဒေါ်ဖြူတို့ ကွယ်လွန်သွားပြီးနောက် ၎င်းတို့၏ သမီးဖြစ်သူ ဒေါ်စောကြည်က ဦးလှကြိုင်- ဒေါ်စိန်ရင်တို့အား အပြီးအပိုင်လက်ရောက် လွှဲပြောင်းပေးအပ်ခဲ့သဖြင့် ဒေါ်စိန်ရင် က ယနေ့အချိန်ထိ နေအိမ် (၃)လုံး အထိတိုင်အောင် ဆောက်လုပ်နေထိုင်၍ နှစ်ရှည်ပင်၊ နှစ်တိုပင်များအား စိုက်ပျိုးကာ လက်ရှိလုပ်ကိုင်ဆောင်ရွက် အကျိုးခံစားနေသည့် ခြံမြေ ဖြစ်ပါသည်။

ထို့ကြောင့် ဦးပိုင်အမှတ်-၃၄နှင့် သောင်ထွန်းလာသော ဆက်စပ်ခြံမြေ ၀ ဒသမ ၂၀ကေတို့သည် ဦးလှကြိုင် (ကွယ်လွန်)နှင့် ဒေါ်စိန်ရင်တို့ ပိုင်ဆိုင်လက်ရှိ စိုက်ပျိုးလုပ်ကိုင် အကျိုးခံစားလျက်ရှိသော ခြံမြေဖြစ်၍ ဒေါ်စိန်ရင်အနေဖြင့် မိမိပိုင်ခြံမြေအား မိမိစိတ်တိုင်းကျ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်းတို့ ပြုလုပ်ပိုင်ခွင့်ရှိပါကြောင်းနှင့် ထိုကဲ့သို့ ပြုလုပ်ခြင်းအပေါ် ဒေါ်လှကြည်အပါအဝင် တစ်ခြားမည်သူတစ်ဦး တစ်ယောက်ကမျှ တားမြစ်ကန့်ကွက်ပိုင်ခွင့်မရှိပါသဖြင့် ယခုကဲ့သို့ ကန့်ကွက်ခြင်းအပေါ်တွင်လည်း ဒေါ်စိန်ရင်မှ အသိအမှတ်ပြု လိုက်နာဆောင်ရွက်မည်မဟုတ်ပါကြောင်း အများပြည်သူသိရှိစေရန် ပြန်လည် ရှင်းလင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးစန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၀၆)**
**ရန်ကင်း(၁)လမ်း၊ သာသနာ့ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉၅၀၄၉၁၀၅**

| | |
|---|---|
| **ဒေါ်စုမွန်နွေးနွေး (LL.M)** | **ဒေါ်အိသိမ့်သိမ့်ကျော်(LL.B, Q)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၃၄၉၉)** | **(စဉ် -၄၉၅၁၄)** |
| **ရန်ကင်း(၁)လမ်း၊** | **အမှတ် (၁၈၄)၊ ၁/ရ (၄)လမ်း၊** |
| **သာသနာ့ရိပ်သာရပ်ကွက်၊** | **သာသနာ့ရိပ်သာရပ်ကွက်၊** |
| **လှည်းကူးမြို့၊** | **လှည်းကူးမြို့၊** |
| **ရန်ကုန်တိုင်းဒေသကြီး။** | **ရန်ကုန်တိုင်းဒေသကြီး** |
| **ဖုန်း-၀၉၄၀၀၄၀၀၈၉၈** | **ဖုန်း-၀၉-၇၈၉၄၀၄၉၉၅** |

## ငွေချက်ထုတ်ရန်သမ္မန်စာ
## တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၅၊ နည်းဥပဒေ- ၂၀
## မင်္ဂလာဒုံခရိုင်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀၁

| | | |
|---|---|---|
| ဒေါ်ချောကေခိုင် | **နှင့်** | ၁။ ဒေါ်ညွှန့်ညွှန့်ဝေ |
| | | ၂။ ဒေါ်သင်းသင်းစိုး |
| **(တရားလို)** | | **(တရားပြိုင်များ)** |

အမှတ်-(၂၅၉+၂၆၀)၊ ဗိုလ်လရောင်လမ်း၊ (၂/ခ)ရပ်ကွက်၊ မင်္ဂလာဒုံ မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (၁-တရားပြိုင်) ဒေါ်ညွှန့်ညွှန့်ဝေ နှင့် (၂-တရားပြိုင်) ဒေါ်သင်းသင်းစိုး (ယခုနေရပ်လိပ်စာမသိ) တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက “မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ်၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ရက် (၁၃၈၆ခုနှစ်၊ နတ်တော်လဆုတ် ၁ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်၊ ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စန္ဒာအေး)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**မင်္ဂလာဒုံခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၃၊ မြေကွက်အမှတ်(၂၃၅/ က)၊ သရေခေတ္တရာလမ်း၊ အလျား ပေ၂၀xအနံ ပေ၆၀ရှိ၊ဒေါ်သန်းနွဲ့ (ISN-၁၀၁၀၇၂)အမည်ဖြင့် မှတ်သားတည်ရှိသည့် မြေချပါမစ်(မူရင်း)မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို အရောင်းအဝယ် ဆက်စပ်စာချုပ်များဖြင့် ယခုရောင်းချသူဖြစ်သော ဒေါ်ကျင်ဌေး ၁၂/မရက(နိုင်) ၀၉၆၀၇၃က တရားဝင်ပိုင်ဆိုင်လက်ရှိဖြစ်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံ ကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သည့် ဦးကျော်ဝေ ၇/ကဝန(နိုင်)၁၅၈၅၆၆နှင့် ဒေါ်ခင်ဆွေဦး ၇/ကဝန(နိုင်)၁၄၅၇၆၁တို့က ဒေါ်ကျင်ဌေးထံမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ မြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့် ဆိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။သတ်မှတ်နေ့ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **၁။ ဦးကျော်ဝေ ၇/ကဝန(နိုင်)၁၅၈၅၆၆၊** | **ဦးစိုးမင်းနိုင်(စဉ်-၁၇၀၈၂)** |
| **၂။ ဒေါ်ခင်ဆွေဦး ၇/ကဝန(နိုင်)၁၄၅၇၆၁၊** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ်-၁၁၈၊ ပန်းဥယျာဉ်လမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၄၂၅၁၃၇၉၊ ၀၉-၇၆၅၁၇၆၇၄၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၁) ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ် (၆၀- က)၊ ဦးစံမောင် အမည်ပေါက် ပါမစ်မြေ အမျိုးအစား၊ အလျား (၆၀) ပေx အနံ(၂၀) ပေရှိမြေကွက်အထဲမှ အလျား(၆၀)ပေx အနံ(၁၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့်အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား အဆင့်အဆင့်ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းမှ လက်ရှိတရားဝင် ပိုင်ဆိုင်လွှဲပြောင်း ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူ ဦးဇာနည်ထွန်း ၁၂/ လသယ(နိုင်)၀၆၂၁၄၂ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းစန္ဒာဦးက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤမြေနှင့် အဆောက်အအုံ အရောင်းအဝယ်အား တစ်စုံတစ်ဦးမှ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ယနေ့ကြော်ငြာစာပါသည့် ရက်မှ စ၍ (၁၄) ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင် ပါသည်။ သတ်မှတ်ကာလအတွင်း လာရောက်ဆက်သွယ်ကန့်ကွက်ခြင်းမရှိပါက ဤအရောင်းအဝယ် ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ပြည့်ပြည့်ဖြိုး (LLM, LL.B, DBL, DIPL)** | **ဦးအောင်သူ(LLB, DBL)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၇၆၀၁)** | **အထက်တန်းရှေ့နေ(စဉ်-၄၇၉၆၄)** |

**အမှတ် (၉၇)၊ (၃၉) လမ်း၊ အောက်ဘလောက်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၉၂၅၁၀၇၁၆၁၄၊ ၀၉၄၂၃၀၀၀၁၇၈**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အင်းစိန်လမ်း၊ အမှတ် (၂၈)နေ ဦးတေဇာအောင် ၁၂/ကမတ (နိုင်)၀၆၁၄၆၄ နှင့် ဒေါ်ဝင်းဝင်းနိုင် ၁၂/ ဒဂရ(နိုင်) ၀၁၂၉၁၃ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ တန်ဆောင်ကြီးလမ်း၊ တိုက်အမှတ် (၂၅)၊ လွှာချင်း (၆)ထပ်တိုက်၏ ၃-လွှာ (ဒုတိယထပ်)၊ အကျယ်အဝန်း (၂၅ပေx၅၀ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ကျွန်ုပ်မိတ်ဆွေများဖြစ်ကြသော ဦးတေဇာအောင်နှင့် ဒေါ်ဝင်းဝင်းနိုင်တို့မှ လက်ရှိ သန်းခေါင်စာရင်းဖြင့် နေထိုင်ပိုင်ဆိုင်ပြီး၊ ပိုင်ရေးဆိုင်ခွင့်နှင့် စီမံခွင့်အရပ်ရပ်ရှိသူဖြစ်ပြီး ကျွန်ုပ်မိတ်ဆွေတို့ မသိရှိဘဲ စီမံခန့်ခွဲပိုင်ခွင့်နှင့် ပိုင်ရေးဆိုင်ခွင့်အဝဝကို ထိပါးခြင်း၊ ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊ အလွဲသုံးစားပြုခြင်းတို့ကို ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးမြင့် (LL.B) (စဉ်-၆၈၄၈)**
**တရားလွှတ်တော်ရှေ့နေ**
**အင်းစိန်စုပေါင်းရုံး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉ ၄၃၀၈၀၉၉၁**

### တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

မြိတ်မြို့၊ အထက(၂)ကျောင်းတွင် တာဝန်ထမ်းဆောင်နေသော အထပြ ဆရာမ ဒေါ်ဌေးဌေးဝင်း၏ ဖခင် ဦးလွန်းဆွေနှင့်ဦးလွန်းရွှေမှာ တစ်ဦး တည်းဖြစ်ပြီး ဦးလွန်းဆွေ(ခ) ဦးလွန်းရွှေ၏သမီး ဒေါ်ဌေးဝင်းနှင့် ဒေါ်ဌေးဌေးဝင်း ၆/မအရ(နိုင်) ဝ၇၇၆ဝ၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ဒေါ်ဌေးဝင်း(ခ)ဒေါ်ဌေးဌေးဝင်း၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်အောင်လက်မှတ်စာရင်းအရ ၃-၁-၁၉၆၅ ဖြစ်ပါကြောင်း။

**ဦးလွန်းဆွေ(ခ)ဦးလွန်းရွှေ၊ ဒေါ်ဌေးဝင်း(ခ)ဒေါ်ဌေးဌေးဝင်း**

### မွေးသက္ကရာဇ်အမှန်

ဦးကျော်မြင့်၏သမီး၊ မြိတ်မြို့၊ အထက(၂)ကျောင်းတွင် တာဝန်ထမ်းဆောင်နေသော အထပြ ဆရာမ ဒေါ်မြင့်ငွေ ၆/မအရ(နိုင်) ဝ၄၃၇၂၅ ၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်အောင်လက်မှတ်စာရင်းအရ ၂၁-၁၀-၁၉၆၃ ဖြစ်ပါကြောင်း။

### ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးဟန်မင်းထွန်း ၆/မမန(နိုင်) ၁၉၂၀၀၀၏ ပွဲနင်းမှုး လက်မှတ်အမှတ် Permit No-၀၂၀၂/၂၀၂၀ မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ် အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၅၀၂၈၀၃၉၀**

### ဖခင်အမည်မှန်

ကျွန်းစုမြို့နယ်၊ အထက (ရေကန်တောင်) Grade-11 မှ မမြင့်မြတ်ကြယ်စင်၏ ဖခင် အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးညီလင်းစိုး ၆/မမန(နိုင်) ၁၄၄၆၅၂ ဖြစ်ပါကြောင်း။ **ဦးညီလင်းစိုး**

### တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

မြိတ်မြို့၊ အထက(၂)ကျောင်းတွင် တာဝန်ထမ်းဆောင်နေသော အထပြ ဆရာမ ဒေါ်ဝင်းမွန် ၆/မအရ(နိုင်) ဝ၄၃၃၅၉၈၏ ဖခင် ဦးအေးကိုနှင့် ဦးအေးသင်မှာ တစ်ဦးတည်းဖြစ်ပြီး ဒေါ်ဝင်းမွန်၏ မွေးသက္ကရာဇ်အမှန်မှာတက္ကသိုလ်ဝင်အောင်လက်မှတ် စာရင်းအရ ၄-၈-၁၉၆၃ ဖြစ်ပါကြောင်း။

**ဦးအေးကို(ခ)ဦးအေးသင်**

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ် လ-၁၊ ဦးပိုင်အမှတ်(၄၀)၊ ၇၄x၇၅ကြား၊ ၁၁၃X၁၁၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ဒေါ်ခင်မေဦး၊ ဒေါ်ခင်မေထူး၊ ဦးသင်းကို၊ ဒေါ်ခင်မေထွေးတို့၏ (SPရရှိသူ ဦးလှမိုးအောင်)ထံမှ မှတ်ပုံတင်အရောင်း အဝယ်စာချုပ်အမှတ်(၁၂၆၇/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးမျိုးမြင့်အောင် ၁၃/လရန(ဧည့်)၀၀၀၆၀၈၈ အမှုတွဲအမှတ်(၅၁၉၄/၂၀၂၄-၂-၂၅)ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၉)ရပ်ကွက်၊ နှင်းဆီလမ်း၊ မြေကွက်အမှတ်(၁၈၆) ဟုခေါ်တွင် သော မြေအလျား x အနံ(၄၀'x၆၀')ပေရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ မြို့မြေစာရင်းတွင် မြေချပါမစ်မူရင်း အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်လှလှသိန်း(CJ-009549)ထံမှ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်မိုးမိုးရည် ၁၂/ဒဂရ(နိုင်) ဝ၁၉၀၀၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လှခင်ရီ ၁၁/မပတ(နိုင်) ဝ၁၄၄၄၁မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
**ဦးဗိုလ်ဗိုလ်ဇော် LL.B,D.B.L,D.M.L**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၉၈/၂၀၁၈)
အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉-၄၅၀၀၃၅၀၇၀

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၉)ရပ်ကွက်၊ မဟာဗန္ဓုလလမ်းမ၊ Central Area Development (Urban Asia Center Condo)၊ တိုက်အမှတ်-Tower(A)၊(၆-လွှာ)၊အခန်းအမှတ်(၆၀၃)၊ဧရိယာ(၁၄၄၈)စတုရန်းပေအကျယ်အဝန်းရှိ ကွန်ဒိုတိုက်ခန်း(၁)ခန်းနှင့်၄င်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ရေ၊ မီး(ဓာတ်လှေကားသုံးစွဲခွင့်) အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို Owner Book အမည်ပေါက် ဒေါ်မြတ်ကေခိုင် ၁၂/သဃက(နိုင်) ၁၆၉၉၆၁ ကိုယ်တိုင်မှ အပေါင်အနှံအရှုပ်အရှင်း ကင်းရှင်း၍ ၄င်းတစ်ဦးတည်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း(မူရင်း) အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
**ဒေါ်ဌေးဌေးဝင်း(LL.B, D.I.L, WIPO (Switzerland)**
တရားလွှတ်တော်ရှေ့နေ(စဉ် -၁၃၃၁၆)
အမှတ်(၂၇)နိဗ္ဗာနလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့ နယ်၊ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၃၇၅၅၈၊ ၀၉-၇၈၅၀၃၇၅၅၈

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ည)၊ ဘုမ္မာ(၈)လမ်း၊ မြေကွက်အမှတ် (၄၃၅/က)၊ အကျယ်အဝန်း (၂၀ပေ x ၆၀ပေ)ရှိ ဦးဘရင် (CE-၀၈၉၅၁၈) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော (၁) ဦးလှဝင်း (၁၂/ဥကမ (နိုင်) ၀၅၉၁၄၁)၊ (၂) ဒေါ်မူမူဝင်း (၁၂/ဥကမ (နိုင်) ၀၈၃၃၅၈) နှင့် (၃) ဒေါ်အေးအေးခိုင် (၁၂/ဥကမ (နိုင်) ၀၈၃၃၅၇)တို့ ထံမှကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၂/တောင်)ရပ်ကွက်၊ မြင်တော်သာလမ်း၊ တိုက်အမှတ်(၇၀၄)၊ (၈)ထပ်ခွဲတိုက်၏ ပဉ္စမထပ် ၊ (၄/ဘီ)လွှာ၊ (ခြေရင်းခန်း) (၁၉ x ၅၄)ပေအကျယ် တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူဖြစ်သော ဒေါ်မှုံးမျက်သွယ် ၁၄/ပသန(နိုင်)၂၅၂၀၀၃မှ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဒေါ်ဖြိုးရတနာဦး ၂/လကန (နိုင်)၀၇၇၅၁၉ ကလည်း အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်း အဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း တိကျခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဒေါ်သက်သက်မွန် | ဦးသုထက်ကျော်လွင် |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၀၅/၂၀၁၅) | အထက်တန်းရှေ့နေ (စဉ်-၄၉၅၀၂/၂၀၁၈) |

တိုက် (၄)၊အခန်း (၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊ (၈)မိုင်မီးပွိုင့်အနီး၊ (၆) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၇၉၅၅၃၄၇၅၃၊ ၀၉-၇၅၀၃၉၈၄၀၆

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

### အဂ္ဂမဟာပဏ္ဍိတ၊ သိရီပဝရဓမ္မာစရိယ၊
### ဒီဃနိကာယပါဠိပါရဂူ၊ Ph.D
### နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်
### ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ
### ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဝေပုလ္လမဟာထေရ်
### သက်တော်(၇၅)နှစ်၊ သိက္ခာတော်(၅၄)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ကျိုက်သီမွန်ပါဠိတက္ကသိုလ်ကျောင်းတိုက်၏ ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ၊ သိရီပဝရဓမ္မာစရိယ၊ ဒီဃနိကာယပါဠိပါရဂူ၊ Ph.D၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဒေါက်တာဘဒ္ဒန္တ ဝေပုလ္လ မဟာထေရ် သည်(၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ရက်) ၃၀-၁၁-၂၀၂၄ရက် (စနေနေ့)ညနေ ၅:၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား (၁၃၈၆ ခုနှစ် ၊ နတ်တော်လဆန်း ၈ ရက်) ၈-၁၂-၂၀၂၄ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ကျိုက်သီမွန်ပါဠိတက္ကသိုလ်ကျောင်းတိုက်၌ အန္တိမအဂ္ဂိစျာပန သာစုကီဠနသဘင်ဆင်ယင်ကျင်းပပြီး ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း တပည့်သံဃာတော်များ နှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

**မှတ်ချက်-**

(၄/၅/၆-၁၂-၂၀၂၄)ရက် နေ့စဉ် ညနေ ၆နာရီအချိန်တွင် ဓမ္မကထိကဆရာတော်များက မွန် + မြန်မာ နှစ်ဘာသာဖြင့် တရားရေအေး တိုက်ကျွေးမည်ဖြစ်ပါ၍ တရားတော်နာကြွကြပါရန် ဖိတ်ကြားအပ်ပါသည်။

**အန္တိမအဂ္ဂိစျာပန သာစုကီဠနသဘင်ကျင်းပရေးကော်မတီ**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

### ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ
### ဆရာတော်ဒေါက်တာဘဒ္ဒန္တဝေပုလ္လမဟာထေရ်
### အဂ္ဂမဟာပဏ္ဍိတ သိရီပဝရဓမ္မာစရိယ
### ဒီဃနိကာယပါဠိပါရဂူ၊ Ph.D
### နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်
### သက်တော် (၇၅)နှစ်၊ သိက္ခာတော် (၅၄)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ကျိုက်သီမွန်ပါဠိတက္ကသိုလ်ကျောင်းတိုက်၏ ဦးစီးပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ သိရီပဝရဓမ္မာစရိယ၊ ဒီဃနိကာယပါဠိပါရဂူ၊ Ph.D၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဝေပုလ္လမဟာထေရ်သည် (၁၃၈၆ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်) ၃၀-၁၁-၂၀၂၄ရက်(စနေနေ့) ညနေ ၅:၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ကြားသိရပါသဖြင့် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော် ထိန်းဂေါပကအဖွဲ့အတွက် ကြီးမားသော ဆုံးရှုံးမှုဖြစ်ပါကြောင်း ဦးခိုက်ပူဇော်ကန်တော့၍ လေးမြတ်စွာမှတ်တမ်းတင် အပ်ပါသည်။

**ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

### ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဘုန်းတော်တိုးရပ်ကွက်၊ အကွက်အမှတ် ၄၃၊ ဦးပိုင်အမှတ်(၂၃-ဏ)၊ ၆၅(A)လမ်း၊ ၁x၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဌေးဌေးဝင်းထံမှ မှတ်ပုံတင် အရောင်း အဝယ်စာချုပ်အမှတ်(၃၄၉၀/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်စန်းစန်းနွယ် ၉/မနမ(နိုင်)၀၄၆၀၆၃က အမှုတွဲအမှတ် (၅၁၉၀/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ဖခင်အမည်မှန်၊ မိဘအမည်မှန်နှင့် အမည်မှန်

မြိတ်မြို့၊ အထက(၁)Grade-9မှ စောဝင်းဦး၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်းအရ စောစီးဘီဖြစ်ပါကြောင်းနှင့် Grade-11မှ နော်စောအယ်နေစိုး၏ မိဘအမည်မှန်မှာ မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်းအရ စောစီးဘီနှင့် နော်ထီးဖောတို့ဖြစ်ပြီး စောစီးဘီနှင့်နော်ထီးဖောတို့၏သမီး နော်စောအယ်နေဆိုး၏ အမည်မှန်မှာ မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်းအရ နော်စောအင်နေဆိုး ဖြစ်ပါကြောင်း။ **စောစီးဘီ၊ နော်ထီးဖော၊နော်စောအင်နေဆိုး**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၉ယ/၉၅၈၄၅, Honda PCX -150,M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇေယျာကိုကို ၆/မမန(နိုင်)၁၃၇၀၁၃က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြိတ်)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၂ယ/၄၁၈၁၅, Honda Wave-125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်လှအောင် ၆/ဘပန(နိုင်)၀၀၈၉၅၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြိတ်)**

### ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7I/9795၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ် ၂၁၄၊ မြေကွက်တည်နေရာ-အမှတ်(၂၁၄)၊ ကံ့ကော်လမ်း၊ (၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဦးကျော်သိန်း(PME-၁၃၁၆၉၀)၊ ဒေါ်သန်းသန်းအေး(AB -၀၅၈၁၀၀)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ(မိခင်) ဒေါ်သန်းသန်းအေးသည် (၁၆-၁၂-၂၀၁၄)ရက်တွင် ကွယ်လွန်ခဲ့၍ ကျန်အမည်ပေါက် (ဖခင်) ဦးကျော်သိန်းမှ ပိုင်ဆိုင်စာချုပ်အမှတ်(၇၇၈၅/၁၁-၁၂-၂၀၁၅)ဖြင့် ပိုင်ဆိုင်ခဲ့ပြီးနောက် (ဖခင်) ဦးကျော်သိန်းသည် (၇-၁၁-၂၀၁၈)ရက်နှင့် ဦးအောင်မင်းစိုးသည်(၁၅-၇-၂၀၂၁)တို့တွင် (လူပျိုကြီးဘဝ) ဖြင့် ကွယ်လွန်ခဲ့ကြသဖြင့် (သမီး)ဒေါ်ခင်နုနုအေး ၁၂/ဒဂရ(နိုင်) ၀၀၁၀၉၅မှ အမည်ပေါက် မိခင်/ဖခင်တို့တွင် သား/သမီး နှစ်ဦးသာမွေးဖွားခဲ့ပြီး အစ်ကိုဖြစ်သူမှာ လူပျိုကြီးဘဝဖြင့် ကွယ်လွန်၍ ၎င်းတစ်ဦးတည်းကသာလျှင် အမွေဆက်ခံခွင့်ရှိကြောင်းနှင့် သမီးအရင်းတော်စပ်ကြောင်း၊ အခြားသော ကိတ္တိမမွေးစားသား/သမီးများမရှိကြောင်း၊ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာများ၊ သေစာရင်းများ၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)ဂရန်၊နိုင်ငံသားစိစစ်ရေးကတ်တို့တင် ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထား လာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် (၂)ထပ်တိုက်(၁)လုံးရှိ ပြီး လူနေထိုင်ခြင်းမရှိဘဲ အရပ်စာချုပ်ဖြင့် ဝယ်ယူထားသူမှ သော့ပိတ်ထားပါ သည်။ လျှောက်ထားသူမှ ဝင်စာအမှတ်(၉၂၄၇/၁၆-၇-၂၀၂၄) ဖြင့် အရပ်စာချုပ် ဖြင့်ဝယ်ယူထားသူမှာ ခရီးသွားနေခြင်းဖြစ်ပါသဖြင့် သော့ပိတ်ထားခြင်းဖြစ်၍ ကွင်းဆင်းသိရှိကြောင်းအား လက်မှတ်ရေးထိုးပေးပြီး ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက တာဝန်ယူကြောင်းနှင့် အရပ်စာချုပ်ဖြင့် ဝယ်ယူထားသူမှ လည်းဝင်စာအမှတ် ၁၃၅၀၂/၂၄-၁၀-၂၀၂၄ဖြင့် မိမိမှ ခရီးသွားနေပါသဖြင့် ကွင်းဆင်းစဉ် သော့ဖွင့်ပြနိုင်ခြင်းမရှိကြောင်း၊ ဒေါ်ခင်နုနုအေး၏ ပိုင်ဆိုင်၊ အရောင်းမြေပုံကူးလျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်မရှိ သိရှိသဘောတူကြောင်း ဝန်ခံကတိပြုရှင်းလင်းတင်ပြထားပါသည်။ သို့ဖြစ်ပါ၍ ဒေါ်ခင်နုနုအေးမှ ပိုင်ဆိုင်၊ အရောင်းမြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်လှတင့်
### အသက်(၇၈)နှစ်

မန္တလေးမြို့၊ နန်းရှေ့၊ အကွက်(၄၅)၊ ဒေါနဘွားရပ်ကွက်၊ (၁၉)လမ်း၊ ရေနီမြောင်းနေ ဒေါ်ချိုချိုအောင်၊ ဦးဝင်းကိုအောင်၊ ဒေါ်ထားထားအောင်၊ (ဦးမြင့်စိုးအောင်)၊ ဒေါ်အေးအေးအောင်တို့၏ မွေးသမိခင်၊ မြေးလေးယောက်၊ မြစ်တစ်ယောက်တို့၏အဘွား၊ ဦးအောင်ဒင်၏ ချစ်လှစွာသောဇနီး ဒေါ်လှတင့် အသက်(၇၈)နှစ်သည် ၂-၁၂-၂၀၂၄ (တနင်္လာနေ့)နံနက် ၄:၁၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၃-၁၂-၂၀၂၄(အင်္ဂါနေ့)မွန်းတည့် ၁၂ နာရီတွင် နေအိမ်မှအေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်၍ မီးသင်္ဂြိုဟ်မည် ဖြစ်ပါသဖြင့် လိုက်ပါပို့ဆောင်ပေးနိုင်ပါရန်နှင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးခင်မောင်ထွန်း
### လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
### မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေး
### အသက်(၈၀)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၃၆)ရပ်ကွက်နေ (ဦးကြည်မောင်-ဒေါ်မြမိ) တို့၏သား၊ ဒေါ်ငွေးကြည် ၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုမြတ်မင်းမောင် - Dr. မြနှင်းအိ၊ ကိုသက်နိုင်အေး - မမြင့်ယယ်ယယ်၊ ကိုခိုင်ဖြိုးဝေ - မလဲ့လဲ့၊ ကိုဝေဖြိုးမောင် တို့၏ ဖခင်၊ မောင်ဝေယံမင်းမြတ် ၏ အဘိုးသည် (၂-၁၂-၂၀၂၄)ရက် တနင်္လာနေ့ မွန်းလွဲ (၂:၁၅) နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ပင်လုံဆေးရုံ၌ ဘဝတပါးသို့ ပြောင်းရွှေ့ကွယ်လွန်အနိစ္စရောက်သွားပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို (၄-၁၂-၂၀၂၄)ရက် ဗုဒ္ဓဟူးနေ့ မွန်းလွဲ (၂:၀၀)နာရီတွင် ရေဝေးသုသာန်၌ အသုဘရှုတရားနာပြုလုပ်ပြီး ညနေ (၃:၀၀) နာရီတွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသောကြောင့် အသုဘရှုတရားနာ ကြွရောက်ပါရန် ညှိုးငယ်စွာအသိပေးအပ်ပါသည်။

နေအိမ်မှ ကားများ မွန်းလွဲ ၁:၃၀ နာရီတွင် စတင်ထွက်ခွာပါမည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးကျော်ကျော်
### အင်ဂျင်နီယာချုပ်(ငြိမ်း)၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့
### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ ဦးဘဝင်းလမ်း၊ အမှတ်(၉၂၇)နေ ဒေါက်တာဒေါ်ခင်မြမော်(တွဲဖက်ပါမောက္ခ-ငြိမ်း၊ ရုက္ခဗေဒဌာန) ၏ချစ်လှစွာသောခင်ပွန်း ဦးကျော်ကျော်(အင်ဂျင်နီယာချုပ်-ငြိမ်း) သည် ၃၀-၁၁-၂၀၂၄ရက်(စနေနေ့) နံနက် ၇နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ
လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန

## ဦးရန်နိုင်အောင်
### အသက်(၅၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၃၉)၊ ဓမ္မိကဝတီလမ်း၊ သံတံတား ရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေ ဦးအောင်သောင်း-(ဒေါ်ခင်ဝင်းမြင့်) တို့၏သား၊ ဦးမိုးဇော်အောင်၊ ဦးမိုးကျော်အောင်၊ ဒေါ်သဉ္ဇာအောင်၊ (ဒေါ်နီလာမိုး)တို့၏ ညီ/မောင်၊ ဒေါ်နန္ဒာထွေး၊ ဦးကျော်စွာအောင် တို့၏အစ်ကို၊ တူ/တူမ ၁၅ ယောက်တို့၏ ဦးလေး၊ မြေးသုံးယောက် တို့၏အဘိုး ဖြစ်သူ ဦးရန်နိုင်အောင် သည် ၁-၁၂-၂၀၂၄ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၃-၁၂-၂၀၂၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်သော စိတ်ထားဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၉)၊ ဦးပိုင်အမှတ်(၂၈)ခဲစင်း၊ ၅၅x၅၆ကြား၊ ၁၀၃x၁၀၄ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နန်းထားကြည် ၉/မရတ(နိုင်)၀၆၃၈၀၄ က အမှုတွဲအမှတ် (၅၁၉၂/၂၀၂၄-၂၀၂၅)ဖြင့် ဦးပိုင်ခွဲ၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် (မ-၃၂)၊ ဦးပိုင်အမှတ်(၂)၊ ၅၆x၅၇ကြား၊ ၄၂x၄၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ဦးဝင်းမောင် ၁/မညန (နိုင်) ၀၇၁၉၅၀၊ ဒေါ်ယုံယုံ ၁/မညန(ဧည့်) ၀၀၀၃၃၉တို့က အမှုတွဲအမှတ်(၅၁၉၁/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးဖိုးကျား(သံတွဲ)
### BPI, DCPT ညွှန်ကြားရေးမှူး(ငြိမ်း)စက်မှုဝန်ကြီးဌာန
### (မြန်မာနိုင်ငံဆေးဝါးပညာရှင်များအသင်းနာယက)
### အသက်(၉၃)နှစ်

သံတွဲမြို့နေ (ဦးညိန်း-ဒေါ်တင်) တို့၏တစ်ဦးတည်းသောသား၊ ဒေါ်ခင်မြဝင်း ၏ချစ်လှစွာသောခင်ပွန်း၊ ဦးညီညီအောင် - ဒေါ်ဆုလှိုင်ဖိုးကျား၊ ဦးရဲထက်၊ ဦးစွမ်းရည်-ဒေါ်ဆုဝေဖိုးကျား တို့၏ကျေးဇူးရှင်ဖခင်ကြီးသည် ၂၇-၁၁-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၀၀:၅၃နာရီတွင် ကွယ်လွန်ခြင်းအတွက် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ
မြန်မာ့ဆေးဝါးလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန

## အထူးဝမ်းနည်းကြေကွဲခြင်း
### ပါမောက္ခ ဦးထိန်ဝင်း(ပျဉ်းမနားမြို့)
### အသက်(၈၄)နှစ်

ဦးဟန်ဝင်းအောင်-ဒေါ်နှင်းဝေဖြိုး(USA)တို့၏ချစ်လှစွာသော ဖခင်၊ ပါမောက္ခ ဦးထိန်ဝင်း(ပျဉ်းမနား)(နိုင်ငံတကာဆက်ဆံရေးပညာ ဌာန၊ ရန်ကုန်တက္ကသိုလ်/ဒဂုံတက္ကသိုလ်) အသက်(၈၄)နှစ် သည် ၂၇-၁၁-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့) ည ၇:၅၅ နာရီတွင် ကွယ်လွန်သွား ကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲ ရပါသည်။

ဇေယျ(၁၄၉)မောင်နှမများ

## ဦးအောင်ခင်
### အင်ဂျင်နီယာမှူး(ငြိမ်း)ဆောက်လုပ်ရေးဝန်ကြီးဌာန
### အသက်(၈၀)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ် ၃၆၂နေ (ဦးမြမောင်-ဒေါ်ဖွားသုန်) တို့၏သား၊ (ဦးစ-ဒေါ်သန်းမေ)တို့၏ သားသမက်၊ ဒေါက်တာရဲကျော်စီ-ဒေါ်နီနီအောင်ခင် တို့၏ဖခင်၊ မောင်အောင် စစ်မင်း၏ အဘိုး၊ (ဒေါ်သိန်းသိန်း)၏ခင်ပွန်း ဦးအောင်ခင် အသက်(၈၀)နှစ် သည် ၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်၊ ၂-၁၂-၂၀၂၄ရက် (တနင်္လာနေ့)နံနက် ၄:၃၀နာရီတွင် (၉၆)ပါးသော ရောဂါဝေဒနာဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ၄-၁၂-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၂နာရီတွင် လှိုင်သာယာအရှေ့ပိုင်းမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ထီးလှိုင်ရှင်အိမ်ရာ၊ တိုက် ၆၊ အခန်း ၂နေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်၍ လိုက်ပါပို့ဆောင်ပါရန်နှင့် ကွယ်လွန်သူအားရည်စူး၍ ၈-၁၂-၂၀၂၄ရက်(တနင်္ဂနွေနေ့) နံနက် တွင် အထက်ပါနေအိမ်(လှိုင်သာယာ)၌ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြား အပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဇရပ်ကွက်၊ အကွက်အမှတ် နန-၁၈၊ ဦးပိုင်အမှတ် ၁+၃၀အတွင်းမှ ခဲစင်းပြ(၁)ခဲစင်း၊ ၁၃၃ x ၁၃၄ ကြား၊ ၆၃ x ၆၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်ခင်ဝေ ၉/မနမ(နိုင်)၀၈၄၆၇၃ ၏ (SPရရှိသူ ဦးတင့်လွင်)က အမှုတွဲအမှတ် (၅၁၇၂/၂၀၂၄-၂၀၂၅)ဖြင့် ဦးပိုင်ခွဲလျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်း များ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကဥ္စနမဟီရပ်ကွက်၊ အကွက် အမှတ် ၆၂၄၊ ဦးပိုင်အမှတ် ၁.င/၁၇+၁.စ/၈+၁.စ/၁၀၊ ၇၇လမ်း၊ ၃၀x၃၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ဒေါ်ရှောက်အယ်(ခ) မြင့်မြင့်ဝင်း ၁၃/လရန(နိုင်) ၀၆၃၅၅၈၊ ဒေါ်တင်မိုးခိုင် (ခ)ဆုံဖုံ ၁၃/လရန (နိုင်)၀၄၄၃၀၅တို့က အမှုတွဲအမှတ် (၅၁၅၆/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်း တိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်အမှတ် ၅၁၄/၇၊ ဦးပိုင်အမှတ် ၄-က၊ လမ်း ၆၀၊ ၂၆x၂၇ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်လင်ဖန်(ခ)ခင်ခင် ဝင်း ၁၃/နခန(ဧည့်)၀၀၀၀၆၂က အမှုတွဲအမှတ် (၅၁၅၇/၂၀၂၄- ၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### လေ-၁၂၀၄ ဗိုလ်မှူးချုပ်မောင်ဆက် (ငြိမ်း)
### သံအမတ်ကြီး(ငြိမ်း)
### အသက် (၉၂)နှစ်

သူငယ်ချင်း ဖိုးအောင်၏ ဖခင် အန်ကယ်ဆက်သည် ၃၀-၁၁-၂၀၂၄ ရက်နေ့ နံနက် ၁၁:၂၀ နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် သူငယ်ချင်း မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

သူရကြည်မောင်
နေလင်း

## ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး
### ဒေါ်ခင်ညွှန့်(ရေဦးမြို့)
### အသက်(၉၃)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့၊ အောင်ဆန်းရပ်ကွက်၊ (၈)လမ်းနေ(ဦးသန်းလွင်) ၏ဇနီး၊ ဦးချိုဝင်း(သူဇာနွယ်ပွဲရုံ)၊ (ဦးထွန်းခင်)-ဒေါ်သန်းညွှန့်၊ (ဦးသန်းမောင်-ဒေါ်တင်ကြည်)၊ (ဦးသန်းအောင်)-ဒေါ်မြင့်ကြည် တို့၏အစ်မကြီး၊ ဦးအောင်ဝင်း-ဒေါ်မူမူတင်၊ ဒေါ်ခင်မာလွင်၊ ဒေါ်သီတာလွင်၊ (ဦးကျော်ကျော်)-ဒေါ်မိုးမိုး၊ ဦးဝင်းလွင်-ဒေါ်နီလာဝင်း၊ ဒေါ်သန်းသန်းရီ၊ ဦးမျိုးဇော်-ဒေါ်ဥမ္မာခင်၊ (ဦးအောင်စိုး)၊ ဒေါ်စန္ဒာဝင်းတို့၏ မွေးသမိခင်ကြီး၊ မြေး(၆)ယောက်တို့၏ အဘွား၊ မြစ်(၂)ယောက်၏ အဘွား ဒေါ်ခင်ညွှန့် အသက်(၉၃)နှစ်သည် ၁-၁၂-၂၀၂၄ရက် (တနင်္ဂနွေနေ့) ညနေ ၄:၂၀နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါ၍ ၃-၁၂-၂၀၂၄ရက် (အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် ရေဦးမြို့သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(ကွယ်လွန်သူအားရည်စူး၍ ၇-၁၂-၂၀၂၄ရက် (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။)

ကျန်ရစ်သူမိသားစု

## ဦးမျိုးဇော်ထွဋ်
### အသက်(၄၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဟုမ်းလမ်းရပ်ကွက်၊ ရှမ်းရိပ်သာလမ်း၊ အမှတ် (၉/က)နေ (ဦးမျိုးဝင်း)-ဒေါ်သန်း(ခ)ဒေါ်ခင်အေးသန်း တို့၏သား၊ ဦးမျိုးဇော်လတ်-ဒေါ်ခင်သန္တာအောင် တို့၏ညီ၊ ဦးမောင်မောင်ထွေး- ဒေါ်မျိုးယဉ်မင်း တို့၏ မောင်၊ ဦးတိုနီအောင်ချမ်း- ဒေါ်မျိုးယုမင်း၊ ဦးမျိုးဇော်ထက်- ဒေါ်နန်းခေမာဝင်းတို့၏ အစ်ကိုဖြစ်သူ သည် ၂-၁၂-၂၀၂၄ရက် နံနက် ၇:၅၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၄-၁၂-၂၀၂၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၃၀နာရီတွင် ရေဝေးသုသာန် ခန်းမ(၁/က)မှ ရေဝေးသုသာန် သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ များအား ညှိုးငယ်စွာအသိပေး အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၈-၁၂-၂၀၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ စမ်းချောင်းမြို့နယ်၊ ဟုမ်းလမ်းရပ်ကွက်၊ ရှမ်းရိပ်သာလမ်း၊ အမှတ် (၉/က) နေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညှိုးငယ်စွာ ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက်၊ အကွက်အမှတ် ၆၆၀၊ ဦးပိုင်အမှတ် (၁၃)၊ ၇၈လမ်း၊ ၃၉ x ၄၀လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဒေါ်သန်းကြည်(ခ)မသန်းသန်းထိုက်၊ ဒေါ်မေဝင်းထိုက်၊ ဒေါ်သီရိ ဝင်းထိုက် တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ်(၃၁၂၅/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးနိုင်မြင့်ဦး ၅/ကနန(နိုင်) ၀၄၉၅၉၇ က အမှုတွဲအမှတ်(၀၅၉၃/ဘ/(ပြောင်း)၂၀၂၄-၂၀၂၅)ဖြင့် ဘိုးဘအမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ ရေထွက်ဦးလမ်း၊ အိမ်အမှတ်(၂/၁၂၈)နေ စိုင်းအောင်စိန် ၁၃/တကန(နိုင်)၂၀၄၂၆၅ - ဒေါ်တင်နွယ်ဦး ၁၃/တကန(နိုင်) ၁၅၂၆၂၅ တို့၏သား ခွန်သိန်းစိုးမိုး ၁၃/တကန(နိုင်)၃၈၄၄၂၅သည် မိဘ၏ဆိုဆုံးမ မှုကို နားမထောင်ဘဲ မိမိသဘောဆန္ဒအလျောက် ပြုမူဆောင်ရွက်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

စိုင်းအောင်စိန်-ဒေါ်တင်နွယ်ဦး

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကလောမြို့၊ အမှတ်(၁)ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အိမ်အမှတ် ၁/၈၈ နေ ဒေါ်နီလာဝင်း ၏သား မောင်ခန့်မင်းနောင် ၁၃/ကလန(နိုင်)၁၄၉၂၃၀ သည် မိဘ၏ ဆိုဆုံးမမှုကို နားမထောင်သည့်အပြင် စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး ၎င်း၏ သဘောအတိုင်း ဆောင်ရွက်နေသူဖြစ်ပါသဖြင့် ၎င်းအားယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နီလာဝင်း
(၁၃/ကလန(နိုင်)၁၅၆၆၆၇)

## အမည်ပြောင်း

ကလောမြို့နယ်၊ အောင်ပန်း၊ NPS ကိုယ်ပိုင်ကျောင်း၊ Grade-2 မှ မောင်စိုင်းဘုန်းဇော်ခန့် အား ယနေ့မှစ၍ မောင်စိုင်းဘုန်းခန့် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ပင်လောင်းမြို့၊ အ.မ.က(၃) မှ မူလတန်းပြဆရာမ ဒေါ်နန်းယဉ်ယဉ်နွယ် (ခ) ဒေါ်ယဉ်ယဉ်နွယ် ၁၃/ပလန(နိုင်) ၀၀၄၅၁၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 53W/71784, Honda Wave 100 NCX M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနိုင်မြင့် ၈/စလန(နိုင်) ၀၆၉၁၃၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ဖျာပုံ)
ဖျာပုံမြို့

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

- **စာမတတ်သူသည် ထိုင်နေသည့်လူနှင့်တူ...**
- **စာတတ်ပြီး စာမဖတ်သည့်သူမှာ ရပ်နေသည့်လူနှင့်တူ . . .**
- **စာတတ်ပြီး စာလည်းဖတ်သည့်သူမှာတော့ လမ်းလျှောက်နေသည့်သူနှင့်တူ ...**
- **လူငယ်များအပါအဝင် ပြည်သူများ စာဖတ်ကြစေရန် မိမိတို့အားပေးကြရမည်ဖြစ် ...**
- **စာပေလေ့လာဖတ်ရှုနိုင်မည့် ပတ်ဝန်းကျင်များ ဖန်တီးပေးကြရမည်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ/တပ်ရင်းတပ်ဖွဲ့ စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

## ONE 170 ပြိုင်ပွဲတွင် သန့်ဇင် တွဲဆိုင်းတစ်ပွဲသာ ပါဝင်မည်ဖြစ်ပြီး စိုးလင်းဦးပွဲ ဖျက်သိမ်းခဲ့ရ

နေပြည်တော် ဒီဇင်ဘာ ၂

ဇန်နဝါရီ ၂၄ ရက်တွင် ထိုင်းနိုင်ငံ၌ ကျင်းပမည့် ONE 170 ပြိုင်ပွဲတွင် မြန်မာဖိုက်တာနှစ်ဦး၏ တွဲဆိုင်းများ ပါဝင်သော်လည်း စိုးလင်းဦးသည် ယာဉ်မတော်တဆဖြစ်ပြီး နုတ်ထွက်ခဲ့ရသဖြင့် သန့်ဇင် တွဲဆိုင်းသာ ပါဝင်လာမည်ဖြစ်သည်။

ONE Championship အဖွဲ့အစည်းသည် ONE 170 ပြိုင်ပွဲကို နာမည်ကြီးဖိုက်တာများ၊ စိတ်ဝင်စားဖွယ်ကောင်းသည့် တွဲဆိုင်းများဖြင့်ကျင်းပရန် စီစဉ်ထားခြင်းဖြစ်သည်။ သို့သော် မြန်မာ့ရိုးရာ လက်ဝှေ့ကျော် စိုးလင်းဦးသည် နိုဝင်ဘာ ၃၀ ရက် ညနေပိုင်းတွင် စာမျက်နှာ ၉ ကော်လံ ၅ ✳

---

**ယနေ့ ဖတ် စ ရာ**



**မလေးရှားနိုင်ငံရှိ ရေဘေးကယ်ဆယ်ရေးစခန်းများ၌ လူပေါင်း ၁၃၄၅၂၄ ဦး ခိုလှုံ**

နိုင်ငံတကာသတင်း စာ ၁၃

---

**ကျောက်ဆည်ခရိုင်၌ ဆောင်းနေကြာများ စိုက်ပျိုးဖြစ်ထွန်း**

စီးပွားရေးသတင်းများ စာ ၁၄

---




## ဘာရိန်းနိုင်ငံ၌ ကျင်းပသည့် ကမ္ဘာ့ဖလားတင်းနစ်ပြိုင်ပွဲ မြန်မာတင်းနစ်အမျိုးသမီးအသင်း အဆင့်တတိယရရှိ

ရန်ကုန် ဒီဇင်ဘာ ၂

ဘာရိန်းနိုင်ငံ၌ နိုဝင်ဘာ ၂၃ ရက်မှ ၂၉ ရက်အထိ ကျင်းပခဲ့သော Billie Jean King Cup / ITF World Cup Of Tennis ပြိုင်ပွဲသို့ ပထမဆုံးအကြိမ် မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်မှ အမျိုးသမီးတင်းနစ်အသင်း အဆင့်တတိယရရှိခဲ့သည်။ အဆိုပါပြိုင်ပွဲတွင် မြန်မာအသင်းသည် အမျိုးသမီးတစ်ဦးချင်း၊ နှစ်ယောက်တွဲပြိုင်ပွဲများ ယှဉ်ပြိုင်ကစားခဲ့ရသည်။ စာမျက်နှာ ၉ ကော်လံ ၁ ❒

---

## မန်စီးတီးကို ဂိုးပြတ်အနိုင်ယူပြီး အမှတ်ပေးဇယားကို လီဗာပူး ကိုးမှတ်ပြတ် ဦးဆောင်



လီဗာပူးအသင်းသည် ဒီဇင်ဘာ ၁ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ် (၁၃) တွင် လက်ရှိချန်ပီယံ မန်စီးတီးအသင်းကို နှစ်ဂိုးပြတ်နိုင်ပွဲရရှိခဲ့သည့်အတွက် အမှတ်ပေးဇယားကို ကိုးမှတ်ပြတ် ဦးဆောင်နိုင်ခဲ့ပြီဖြစ်သည်။

ထို့ကြောင့် နည်းပြစလော့သ်သည် လီဗာပူးအသင်းကို တာဝန်ယူကိုင်တွယ်သည့် ပြိုင်ပွဲစုံ ပွဲ ၂၀ တွင် နိုင်ပွဲ ၁၈ ပွဲရှိလာပြီ ဖြစ်သည်။ ရလဒ်ဆိုးရွားမှုကို ချေဖျက်ရန် အားထားရသည့် ကစားသမားအစုံအလင်ဖြင့် လီဗာပူးအသင်းကို ရင်ဆိုင်လာသော နည်းပြဂွါဒီယိုလာ၏ မန်စီးတီးအသင်းသည် ပြိုင်ဘက်အသင်း၏ ထိုးဖောက်တိုက်စစ်ဆင် ကစားမှုအောက် ပုံစံကောင်းဆက်လက်ပျောက်ဆုံးခဲ့ပြီး ဂိုးပြတ်ရှုံးပွဲကြုံတွေ့ခဲ့သည်။ စာမျက်နှာ ၉ ကော်လံ ၁ ◆

---

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဒီဇင်ဘာ ၂

၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂ ရက် မြန်မာစံတော်ချိန် နံနက် ၁၁ နာရီ ၄၂ မိနစ် ၁၄ စက္ကန့်အချိန်တွင် ကျိုင်းတုံမြေငလျင်စခန်းမှ အနောက်- အနောက်တောင်ဘက် ၂၁ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မိုင်းပြင်းမြို့၏ အရှေ့တောင်ဘက် ၁၈ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၁ ဒသမ ၂၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၉ ဒသမ ၂၆ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာခန့်ကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၃ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိပါသည်။

မိုး/ဇလ